

စိတ်ကူးချိုချိုအနုပညာ

Why Men Don't Listen & Women Can't Read Maps

by ALLAN & BARBARA PEASE

# ယောကျ်ားအကြိုက် မိန်းမစရိုက်

ဖြိုးသာရ

စိတ်ကူးချိုချိုစာအုပ်


# ယောက်ျားအကြိုက် မိန်းမစရိုက်

## Why Men Don't Listen & Women Can't Read Maps

by ALLAN & BARBARA PEASE

ဖြိုးသာရ–မြန်မာပြန်

# မိတ်ဆက်နိဒါန်း




ဒီကနေ့ နေသာတဲ့ တနင်္ဂနွေနေ့လည်ခင်းမှာပေါ့။ ဘော့ပ်နဲ့ စူးတို့ဟာ သူတို့ရဲ့ သဲနုရှယ်သမီးသုံးယောက်နဲ့အတူ ကမ်းခြေဘက်ဆီ ခပ်ဖြည်းဖြည်း ကားမောင်းလာခဲ့ကြတယ်။ ဘော့ပ်က ဒရိုင်ဘာခုံနေရာမှာထိုင်ပြီး စူးကတော့ သူ့နံဘေးမှာပေါ့။ ခဏ ခဏ နောက်ပြန်လှည့်ပြီး သူ့သမီးတွေရဲ့ စကားတွေကို ဝင်ဖြည့်စွက်ပြောဆိုလာတယ်လေ။ သမီးနဲ့အမေ ပြောလိုက်ကြတဲ့ စကားသံတွေက ဆူညံနေတာမို့ ကားမောင်းနေရတဲ့ ဘော့ပ်ခမျာ အာရုံမရဖြစ်လာတော့တယ်။ နောက်ဆုံးတော့ သူသည်းမခံနိုင်တော့ဘူးလေ။

“မင်းတို့ပါးစပ်တွေ ပိတ်မထားနိုင်ကြဘူးလား”လို့ ဘော့ပ်က စိတ်တိုတိုနဲ့ ပြောလိုက်တယ်။

ခဏတော့ တိတ်သွားတာပေါ့။ ဒါပေမဲ့ စူးက ပြန်မေးတယ်လေ။

"ဘာကြောင့်လဲဆိုတာ ငါက ကားကို ကြိုးစားမောင်းနေရတာမို့ပေါ့"လို့ သူက ပြန်ဖြေတယ်။

သမီးတွေနဲ့ အမေလုပ်တဲ့သူဟာ အဲဒီစကားအပေါ် နားမလည်နိုင်ပါဘူး။ နားရှုပ်သွားတဲ့ပုံနဲ့ စူးက

"ကြိုးစားမောင်းနေရတယ်၊ ဟုတ်လား"လို့ ပြန်မေးတယ်။

သူတို့အနေနဲ့ သူတို့စကားပြောနေတာရယ်၊ သူတို့အဖေ ကားမောင်းနိုင်စွမ်းရယ်ဟာ ဘယ်လိုဆက်စပ်မှုရှိနေတယ်ဆိုတာ မစဉ်းစားတတ်ကြဘူးလေ။ ဘော့ပ်ကတော့ သူတို့ဟာ ဘာကြောင့်များ မတူညီတဲ့အကြောင်းအရာ အမျိုးမျိုးကို အဆက်မပြတ်ဘဲ ပြောဆိုနေနိုင်ကြပါလိမ့်လို့ တွေးနေတယ်။ သူတို့က ဘာကြောင့် သူ့ကို အာရုံစိုက်ကားမောင်းခွင့်ကလေး ခဏလောက် မပေးနိုင်ကြတာပါလဲ။ ပြီးခဲ့တဲ့ အချိုးအကွေ့တုန်းက သူတို့စကားပြောနေကြတာနဲ့ သူ လမ်းမကြီးပေါ်က ကွေ့လိုက်ဖို့ လွန်သွားခဲ့ပါရော။

ဒီပြဿနာဟာ ယောက်ျားနဲ့ မိန်းမတို့ မတူညီကြဘူးဆိုတာကို ပြသတဲ့ ရိုးရှင်းသော ဥပမာကလေးဖြစ်ပါတယ်။

ဒီစာအုပ်ကလေးရဲ့ ရည်ညွှန်းချက်ကတော့ ယောက်ျားနဲ့ မိန်းမ အတူတကွ နေထိုင်ကြရာမှာ တစ်ယောက်ကိုတစ်ယောက် ဘာကြောင့် နားမလည်နိုင်ကြရမှာလဲဆိုတဲ့အဖြေကို ရှာပေးချင်လို့ဖြစ်ပါတယ်။ နှစ်ဦးသဘောတူ ချစ်ခင်ရင်းနှီး လက်တွဲကြပြီးကာမှ ဘာကြောင့် လမ်းခွဲစွန့်ခွာကြရမှာလဲ။ ဘာကြောင့် မေတ္တာတွေ ဆုံးရှုံးသွားကြမှာလဲ။

ရင်းနှီးမှုတွေ ပျက်စီးရခြင်းမှာ အကြောင်းရင်းရှိရပါမယ်။ အဲဒါကတော့ ယောက်ျားတွေဟာ မိန်းမတွေ သူတို့နဲ့ ဘာကြောင့်မတူတာလဲဆိုတာကို နားမလည်တတ်ကြသလို မိန်းမတွေကလည်း သူတို့ရဲ့မျှော်လင့်ချက် ဆန္ဒတွေအပေါ် သိပ်ပြီးအလေးအနက်ထား တတ်လွန်းလို့ပါပဲ။

ယောက်ျားနဲ့ မိန်းမဆိုတာ တကယ်ကို တခြားစီပါ။ အမျိုးအနွယ်အားဖြင့် လူချင်းတူပေမဲ့ ဘယ်နည်းနဲ့မှ မတူနိုင်တဲ့ လူပုံစံနှစ်မျိုး ဖြစ်ပါတယ်။ သူတို့ဟာ သီးခြားကမ္ဘာတွေမှာ နေကြတယ်။ ခြားနားတဲ့တန်ဖိုးတွေ ရှိကြတယ်။ မတူညီတဲ့ စည်းမျဉ်းဘောင်အတွင်းမှာ ရှိနေကြတယ်။ ဒါကို ယေဘုယျအားဖြင့် လူတိုင်းသိနေကြပေမဲ့ လူတိုင်းကတော့ လက်ခံလေ့ မရှိကြဘူး။ တချို့တလေလောက်ပဲ နားလည်လက်ခံနိုင်ကြတယ်။

ယဉ်ကျေးမှု အယူဝါဒနဲ့ အရောင်အသွေး ဘယ်လိုပဲ ကွဲပြား ကွဲပြားပါ။ ယောကျ်ားနဲ့ မိန်းမတွေဟာ တစ်ဦးနဲ့တစ်ဦး ထင်မြင်ချက်၊ ယုံကြည်ချက်၊ သဘောထား၊ အလေ့အကျင့် စတာတွေအအပေါ် အမြင်ငြင်းခုန်နေတတ်ကြတာပါပဲ။

အနောက်နိုင်ငံတွေမှာဆိုရင် လက်ထပ်ထိမ်းမြားခြင်းရဲ့ ငါးဆယ်ရာခိုင်နှုန်းဟာ ကွာရှင်းပြတ်စဲခြင်းမှာ အဆုံးသတ်တာကို တွေ့ရပါတယ်။ နှစ်ဦးသဘောတူ လက်တွဲနေထိုင်မှုတွေဟာလည်း ကြာရှည်မခိုင်မြဲဘဲ ပြောင်းလဲရင်း တန့်သွားတတ်ပါတယ်။

ယောကျ်ားနဲ့ မိန်းမဟာ နေရာတိုင်းလိုလိုမှာ အကြိုက်ချင်းမတူကြပါဘူး။ ယောကျ်ားစိတ်ဝင်စားတဲ့ကိစ္စကို မိန်းမက ဘယ်လိုမှ စိတ်မဝင်စားနိုင်ပါဘူး။ ဘယ်လိုပဲ ဖိအားပေးပေး၊ ကိုယ်မကြိုက်တာကို လုပ်ရမယ်ဆိုရင် ပြဿနာတက်တော့တာပါပဲ။ ယောကျ်ားက အရက်သောက်မယ်၊ မိန်းမက ဈေးဝယ်ထွက်မယ်၊ ကိုယ့်ဝါသနာကို လာမတားနဲ့ ဆိုတာမျိုးတွေပေါ့။

မိန်းမတွေဟာ ယောကျ်ားတွေအပေါ် သူတို့ကို ဂရုမစိုက်ဘူး၊ သူတို့ကိစ္စကို စိတ်မဝင်စားဘူး၊ သူတို့နဲ့ စကားကောင်းကောင်းမပြောဘူး၊ သူတို့အပေါ် လုံလောက်တဲ့အချစ်ကို မပေးဘူး၊ တာဝန်မကျေဘူး စသဖြင့် အမြဲအပြစ်တင်တတ်ကြပါတယ်။ သူတို့ဟာ ဆန္ဒထက် အချစ်ကို ပိုပြီးလိုချင်တတ်ကြတယ်။

ယောကျ်ားတွေကတော့ မိန်းမတွေရဲ့ မောင်းနှင်မှုအပေါ် အပြစ်တင်ကြတာပေါ့။ သူတို့အစီအစဉ်တွေကို သဘောမပေါက်ဘူး၊ သူတို့ဆိုလိုတာကို နားမလည်ဘူး၊ စကားများလွန်းတယ်၊ ဂျီကျတယ်၊ ပူဆာတယ်၊ လိုချင်တာတွေ များအားကြီးတယ် စသဖြင့်ပေါ့။ တကယ်တော့ ယောကျ်ားတွေဟာ မိန်းမတွေဆီက ကြင်နာယုယမှုကို ပိုပြီးတောင့်တတတ်ကြတယ်။

လေ့လာတွေ့ရှိချက်အရဆိုရင် မိန်မးတွေထက် ယောကျ်ားတွေက ပိုပြီးချစ်တတ်တယ်လို့ ဆိုပါတယ်။ ထုတ်ဖော်ဝန်မခံတာပဲ ရှိတယ်တဲ့။ ဒါကို မိန်းမတွေက နားမလည်ကြဘူး။ မယုံကြည်ဘူး။ ယောကျ်ားတွေဟာ အုံသြစရာတော့ ကောင်းပါတယ်။ မိန်းမတွေကို ဘယ်တော့မှ သူတို့ရင်ထဲအထိ အဝင်မခံချင်ကြဘူး။ နိုင်ကွက်ရသွားမှာစိုးရတာနဲ့၊ ကမ်းတက်မှာစိုးရတာနဲ့။ ဒါကြောင့်လည်း မိန်းမနဲ့ယောကျ်ား မကြာခဏ စကားများကြရတာပဲ။

ပေးထားတဲ့ ဥပမာကိုပဲ ကြည့်လေ၊ ယောက်ျားတွေဟာ သူတို့ တစ်ခု ခုကို အာရုံစိုက်ပြီဆိုရင် နံဘေးကအနှောင့်အယှက်ကို လက်မခံနိုင်ကြဘူး။ အာရုံထွေပြားစေတယ်လို့ ဆိုထားတယ်။ မိန်းမတွေကျတော့ တစ်ချိန်တည်း မှာ အမျိုးမျိုးပြောနိုင် လုပ်နိုင်တတ်ကြတယ်တဲ့။ ဒါပေမဲ့ လမ်းမမှတ်မိတဲ့ နေရာမှာတော့ မိန်းမက ညြချရလောက်တယ်ဆိုပဲ။

ဒီတော့ သဘာဝအားဖြင့် ဘယ်လိုမှ မတူညီနိုင်တဲ့ မိန်းမနဲ့ယောက်ျား အကြားမှာ အဖုအထစ်၊ အထွေအငေါ့တွေ ရှိနေမှာပါ။ ဒါကို ဘယ်လိုနည်းနဲ့ ဖြေရှင်းကြမလဲ။

ဒီနေ့ကမ္ဘာမှာ ယောက်ျားနဲ့မိန်းမ တူညီတဲ့အရည်အသွေးတွေ၊ ကျွမ်းကျင်မှုတွေ စွမ်းရည်တွေရှိနေကြတယ်လို့ ယုံကြည်လက်ခံထားကြတာ တွေ့ရပါတယ်။ ယောက်ျားတွေနဲ့ မိန်းမတွေကြားက ကွဲပြားမှုတွေကိုသာ အချင်းချင်း နားလည်အောင် ဖော်ထုတ်ဖြေရှင်းပေးနိုင်မယ်ဆိုရင် သာယာတဲ့ အိမ်ထောင်သည်ဘဝကို တည်ဆောက်အောင်မြင်နိုင်ကြမယ်လို့ ကျွန်မ ယုံကြည်မိပါတယ်။

ဒါကြောင့် ဒီစာတမ်းကလေးထဲမှာ လက်တွဲဖော်နှစ်ယောက် ဘယ်လို ပျော်ရွှင်အောင်၊ ဘယ်လိုကျန်းမာအောင်၊ ဘယ်လို လိုက်လျောညီထွေဖြစ် အောင် နေထိုင်သင့်တယ်ဆိုတာ အကိုးအကားများစွာနဲ့ လမ်းညွှန်ရေးသား ပေးလိုက်ပါတယ်။

မှီငြမ်းစာအုပ်ကတော့ **Allan** နဲ့ **Barbara Pease** တို့ ဇနီးမောင်နှံ ရေးသားတဲ့ **Why Men Don't Listen Women Can't Read Maps** ဖြစ်ပါတယ်။

ပြည့်ဝချမ်းမြေ့ သာယာပျော်ရွှင်တဲ့ ချစ်ခင်ရင်းနှီးမှုများကို ရရှိခံစား နိုင်ကြပါစေ။

❑

# မာတိကာ


| | | |
|---|---|---|
| အခန်း (၁) | – တူညီတဲ့မျိုးစိတ်၊ ကွဲပြားတဲ့ကမ္ဘာ။ | ၁ |
| | – တချို့ကိစ္စတွေမှာ သိသိသာသာ | ၂ |
| | – ယောကျ်ားတွေ အသေးစိတ်မမြင်နိုင်ပါ | ၃ |
| | – အစက်ခဲဆုံးဆု | ၅ |
| အခန်း (၂) | – အာရုံအပြည့်အဝ အရယူနိုင်ပါမှ | ၆ |
| | – အလိုလိုသိစိတ် | ၇ |
| | – မြင်ကွင်းကျယ်တဲ့မိန်းမနဲ့ အမြင်ကျဉ်းတဲ့ယောကျ်ား | ၈ |
| | – ယောကျ်ားက ညမှာမောင်း၊ မိန်းမက နေ့မှာမောင်းပါ။ | ၁၀ |
| | – မိန်းမတွေမှာ ဆဋ္ဌမအာရုံ ဘာကြောင့်ရှိ | ၁၁ |
| | – ဟောက်သံကို မခံနိုင်ဘူးရှင် | ၁၃ |
| | – အလွယ်တကူ ထိတွေ့နိုင်တာ မိန်းမသားသာ | ၁၃ |
| | – ဘဝအတွက် အရသာ | ၁၄ |
| | – လေထဲမှာ တစ်စုံတစ်ရာရှိတယ် | ၁၅ |

| | | | |
|---|---|---|---|
| အခန်း (၃) | – | အားလုံးတည်ရာ ဦးနှောက်မှာ | ၁၆ |
| | – | ပန်းကလေးတွေကတစ်ဆင့် | ၂၀ |
| | – | ယောကျ်ားတွေရဲ့ ဦးနှောက်သို့လှောင်ရုံ | ၂၂ |
| | – | ဖိနပ်ကလေးရဲ့ ပဟေဠိ | ၂၃ |
| အခန်း (၄) | – | စကားပြောခြင်းနှင့် နားထောင်ခြင်း | ၂၆ |
| | – | ယောကျ်ားလေး စကားနည်း၊ မိန်းကလေး စကားများ | ၂၈ |
| | – | ဝါကျနှင့် ဝေါဟာရများ | ၂၈ |
| | – | ယောကျ်ားတွေက စကားလုံးကြီးကြီး ကြိုက်တယ် | ၂၉ |
| | – | အသံတိတ်ပြစ်ဒဏ် | ၃၀ |
| | – | မိန်းမတွေက သွယ်ဝိုက်၊ ယောကျ်ားတွေက တိုက်ရိုက် | ၃၁ |
| | – | မှုရင်းအဓိပ္ပာယ် ရှာရင်းရှာရင်းလည် | ၃၃ |
| | – | ယောကျ်ားနားထောင်လာအောင် | ၃၆ |
| | – | နားထောင်ချိန် ဆယ်စက္ကန့် | ၃၆ |
| | – | ကျောက်ရုပ်လို နားထောင်တာကိုး | ၃၇ |
| အခန်း (၅) | – | တွက်ဆနားလည်နိုင်စွမ်း မြေပုံ ဖတ်မှတ်နှင့် မှူးပြိုင်လမ်း | ၃၉ |
| | – | မြေပုံတစ်ချပ်က ကွာရှင်းပြတ်စဲတတ်သလား | ၄၀ |
| | – | ပညာရေးနှင့် တွက်ဆစွမ်းရည် | ၄၃ |
| | – | မိန်းမ မာလိန်မှူးမဖြစ်ပါ | ၄၄ |
| | – | ပဋိပက္ခ ရှောင်ရအောင် | ၄၆ |
| အခန်း (၆) | – | အတွေးစိတ်ကူး ဟန်ပန်အမူအရာ စိတ်လှုပ်ရှားမှုနှင့် အခြားလျှပ်တစ်ပြက် အကွက်များဖြစ်တည်ရာ | ၄၉ |
| | – | မတူညီတဲ့သဘောထားအမြင် | ၅၁ |
| | – | ဘာအကြောင်းပြောကြသလဲ | ၅၂ |
| | – | ဝန်ခံရမှာမကြောက်သူ | ၅၃ |
| | – | မိန်းမအချင်းချင်း၊ ယောကျ်ားအချင်းချင်း | ၅၄ |

- ဦးနှောက်အတွင်းက စိတ်ထိရှခံစားမှု ၅၅
- ကိုယ်ပိုင်တန်ဖိုး ၅၆
- စိတ်ဖိစီးမှုခြားနားချက်များ ၅၈
- စိတ်ခံစားချက်ကို ဖုံးကွယ်သူ ၅၉
- အာရုံပြောင်းခြင်း ၆၀
- အမှားဝန်မခံချင်ဘူး ၆၁
- အစားအသောက် မှိုဝဲပုံချင်းကလည်း မတူ ၆၂
- အကြံပေးတာ မလိုချင်ဘူး ၆၂
- ပြေရှင်းချက်ကို ယောကျ်ားတွေ ဘာကြောင့်လို ၆၃
- စိတ်ဖိစီးလေ စကားများလေ၊ မိန်းမတွေ ၆၃
- စိတ်ဖိစီးလေ နှုတ်ဆိတ်လေ၊ ယောကျ်ားတွေ ၆၄
- ငိုခြင်းနှင့် ပတ်သက်သည့် လေ့လာချက်များ ၆၅
- ချေးဝယ်ထွက်တဲ့အခါ ၆၅

အခန်း (၇)
- ဇာတ်သဘာဝဆိုင်ရာ သောင်းပြောင်းတွေလာ ၆၇
- ဟော်မုန်းဖွံ့ဖြိုးမှု ၇၀
- အချစ်ရှိလျှင် ကျန်းမာသည် ၇၂
- အရုပ်ကလေးများကို သဘောကျ ၇၃
- ရွှေရောင်ဆံပင်ရဲ့ ဆွဲဆောင်မှု ၇၄
- ယောကျ်ားတွေ ဘာကြောင့်ရန်လိုသလဲ ၇၄
- ယောကျ်ားတွေက အလုပ်ပိုကြိုးစား ၇၄
- မိန်းမတွေက ကားရပ်ဖို့မုန်းတယ် ၇၅

အခန်း (၈)
- ယောကျ်ား မိန်းမနဲ့ ဆန္ဒစိတ် ၇၆
- ဆန္ဒစိတ် ဘယ်ကလာ ၇၇
- စိတ်ဖိစီးမှုနဲ့ ဆန္ဒစိတ် ၇၉
- ချစ်ခြင်းရဲ့လှုံ့ဆော်မှု ၇၉
- ဆန္ဒစိတ်ကိုလေ့လာခြင်း ၈၀
- ဦးနှောက်ထဲက ဆန္ဒစိတ် ၈၁
- မတူညီတဲ့ဆွဲဆောင်မှု ၈၁

- ရာသီကိုလိုက်ပြီး ကွဲပြားသတဲ့ ၈၂
- ဘာကိုစိတ်ဝင်စားသလဲ ၈၃
- ငမ်းခြင်းအကြောင်း ၈၃

အခန်း (၉) - ထိမ်းမြားလက်ထပ်ခြင်း အချစ်နှင့် စိတ်ကူးယဉ် ၈၆
- လက်ထပ်ထိမ်းမြားခြင်း ၈၇
- ဦးနှောက်ထဲမှာ အချစ်တည်ရာ ၈၈
- ချစ်တယ် I LOVE YOU ၉၀
- အချစ်နဲ့ ဆန္ဒစိတ် ဘယ်လိုခွဲခြားပါလိမ့် ၉၀
- အတူတူနေရခြင်း ၉၁
- ယောကျ်ားများနှင့် စိတ်ကူးယဉ်ခြင်း ၉၂

အခန်း (၁၀) - ကွဲပြားသော အနာဂတ်ကာလဆီသို့ ၉၄
- စိတ်ဖိစီးမှုနဲ့ မိန်းမတွေ ၉၆
- ခံစားမှုနှိုင်းယှဉ်ချက်များ ၉၆
- ဘာသာပြန်ကြည့်မယ်ဆိုရင် ၉၈
- မိန်းမတွေကို ဘယ်လိုကျေနပ်မှုပေးမလဲ ၁၀၀
- ယောကျ်ားတွေကို ဘယ်လိုကျေနပ်မှုပေးမလဲ ၁၀၁

□

# အခန်း (၁)

## တူညီတဲ့မျိုးစိတ်၊ ကွဲပြားတဲ့ကမ္ဘာ



ယောကျ်ားတွေနဲ့ မိန်းမတွေဟာ မတူညီပါဘူး။ ကောင်းတဲ့နေရာမှာရော၊ ဆိုးတဲ့နေရာမှာပါ ကွဲပြားပါတယ်။ ဒါပေမဲ့ သူတို့က မျိုးစိတ်တစ်ခုတည်းကပဲ ဆင်းသက်လာတာပါ။ ပြီးတော့ ကမ္ဘာတစ်ခြားစီမှာ နေကြတယ်လေ။ မတူညီတဲ့ တန်ဖိုးတွေ၊ စည်းမျဉ်းတွေရှိနေကြတယ်။ ဒါကို လူတိုင်းသိပါတယ်။ ဒါပေမဲ့ လူနည်းနည်းလောက် အထူးသဖြင့် ယောကျ်ားတွေက ဒါကို လက်ခံဖို့ ဆန္ဒရှိကြတယ်။ ဒါ အမှန်ပါပဲ။ ဒါကြောင့်လည်း အနောက်နိုင်ငံတွေမှာ လက်ထပ်ထိမ်းမြားခြင်းရဲ့ ၅၀ ရာခိုင်နှုန်းဟာ ကွာရှင်းပြတ်စဲခြင်းနဲ့ နိဂုံးချုပ်ကြတာပေါ့။ အတူတကွနေထိုင်ရင်း လက်ထပ်ခြင်းမရောက်မီကွဲသွားတာတွေလည်း တစ်ပုံကြီးပါပဲ။ မိန်းမနဲ့ ယောကျ်ား ဘယ်လိုယဉ်ကျေးမှု၊ ဘာသာအယူဝါဒနဲ့ အသွေးအရောင်တွေ ကွဲပြားပါစေ၊ သူတို့အချင်းချင်းရဲ့ အကျင့်စရိုက်၊ ယုံကြည်မှု၊ ခံယူချက်၊ ထင်မြင်ချက်၊ သဘောထားတွေနဲ့ ပတ်သက်ပြီး ငြင်းခုန်အတိုက်အခံ ဖြစ်နေကြမှာပါပဲ။

## တချို့ကိစ္စတွေမှာ သိသိသာသာ

ယောကျ်ားတစ်ယောက် အိမ်သာသွားမယ်ဆိုပါစို့။ များသောအားဖြင့် သူ့မှာ အကြောင်းပြချက်တစ်ခုပဲ ရှိတတ်ပါတယ်။ မိန်းမတွေကျတော့ အဲဒီသန့်စင်ခန်းဟာ နားနေခန်းလည်း ဖြစ်တတ်သလို ကျန်းမာရေးကိစ္စ ဖြေရှင်းတဲ့ နေရာလည်း ဖြစ်တတ်ပါတယ်။

ယောကျ်ားတွေက တီဗွီရီမုဒ်ကို ခဏ ခဏ ပြောင်းနေတတ်ပြီး မိန်းမတွေက ကြော်ငြာကို စိတ်ဝင်စားတယ်။ ဒါကို ဖိအားပေးအတိုက်အခံဖြစ်ရင် ယောကျ်ားက အရက်သောက်မယ်၊ တခြားနေရာထွက်သွားမယ်၊ မိန်းမကချောကလက်စားမယ်၊ ဈေးဝယ်ထွက်မယ်၊ ဒီလိုဖြစ်ကုန်တာပေါ့။

အခန်းတစ်ခန်းထဲမှာ စုံတွဲငါးဆယ် ထည့်ထားလိုက်မယ်ဆိုပါစို့။ မိန်းကလေးတိုင်းလိုလိုဟာ ဆယ်မိနစ်လောက်အတွင်း စုံတွဲတိုင်းရဲ့ ဆက်နွယ်မှုကို သရုပ်ခွဲတတ်တာ တွေ့ရပါလိမ့်မယ်။ ဘယ်သူဟာ ဘယ်သူ့ရဲ့ဘာလဲ၊ ဘယ်သူက ဘယ်လိုလဲ။ ဘယ်သူက ဘယ်လိုခံစားနေရသလဲ စတာတွေကို သိလာနိုင်ကြပါသတဲ့။

ယောကျ်ားလေးတွေကတော့ အသေးစိတ်အချက်အလက်တွေအပေါ် အာရုံမခံစားနိုင်ဘူးလေ။ သူတို့ရဲ့ ဦးနှောက်ဟာ အသံတိတ်လက္ခဏာတွေကို

ကောက်ယူစုစည်းဖို့ မဖြစ်နိုင်ဘူး။ မိန်းမတွေလို အသေးစိတ်သတိထားမှုမျိုး သူတို့မလုပ်နိုင်ဘူး။ ပတ်ဝန်းကျင်ရဲ့ ပြောင်းလဲဖြစ်ပေါ်မှုတွေကိုလည်း သူတို့ သရုပ်မခွဲနိုင်ဘူး။

ယောက်ျားတွေအပေါ် အားမလိုအားမရ ဖြစ်တတ်ကြတဲ့ မိန်းမတွေ နားလည်ဖို့ သိပ်လိုပါတယ်။

**ယောက်ျားတွေ အသေးစိတ် မမြင်နိုင်ပါ။**

တကယ်တော့ နားလည်နိုင်မယ်ဆိုရင် ဟာသတစ်ပုဒ်ပါပဲ။ ကျွန်မ ဥပမာဇာတ်လမ်းလေးတစ်ခုနဲ့ ကိုးကားရှင်းပြပါ့မယ်။

ရောဘတ်နဲ့ စင်သီယာတို့ရဲ့အဖြစ်ပါ။

သူတို့ ပါတီတစ်ခုက ပြန်လာကြတယ်။ ရောဘတ်ကတော့ ကား မောင်းတာပေါ့။ စင်သီယာက သူ့နံဘေးကနေ ပါးစပ်နဲ့မောင်းရှင်းလေ။ တစ်ယောက်က ဘယ်ဆို၊ တစ်ယောက်က ညာ စသဖြင့် ငြင်းခုန်လာကြလေ ရဲ့။

အဲဒီမှာ ကိုးမိနစ်လောက် ငြိမ်သွားခဲ့တယ်။ ဒီအခါ ရောဘတ် သံသယ ဝင်လာပြီ။ စင်သီယာ ဘာဖြစ်နေပါလိမ့်ပေါ့။

"အချစ် ...၊ အားလုံးအိုကေပါတယ်နော်"လို့ မေးလိုက်တဲ့ ရောဘတ်ကို စင်သီယာက ဘယ်လိုဖြေလိုက်သလဲဆိုတော့ "ကေတာပေါ့ ... သိပ်ကေ"တဲ့ လေ။

လေသံကို သရုပ်မခွဲနိုင်ရှာတဲ့ ရောဘတ်ကတော့ ဒီအဖြေဟာ အနုတ် လက္ခဏာဖြစ်မှန်း မသိရှာဘူး။ ဒါပေမဲ့ သံသယတော့ ရှိနေတုန်းမို့ "ကိုယ်... ဒီည ဘာအမှားမှ မလုပ်မိပါဘူးနော်"လို့ အထွန့်တက်လိုက်မိတယ်။

အဲဒီမှာ စင်သီယာ ပိုပြီးဒေါသထွက်လာတော့တယ်။ "ကျွန်မ ဒီအကြောင်း မပြောချင်ဘူး"လို့ ဆတ်ခနဲပြောလိုက်တယ်။ အဓိပ္ပာယ်က သူ စိတ်ဆိုးနေတယ်၊ ဒီအကြောင်း ပြောပြချင်နေတယ်ဆိုတာပဲ။ ဓက်တာက ရောဘတ်ဟာ ဒါကို ဘာသာပြန်ဖို့ နားမလည်နိုင်ဘူး။ တစ်ခုခုဖြစ်နေမှန်း သိပြီး ဘာဖြစ်နေမှန်း သူမသိဘူး။

ဒီတော့ "တစ်ဆိတ်ပြောပါကွာ၊ ကိုယ် ဘာများလုပ်ခဲ့မိလို့လဲ"လို့ သူက လျှောက်လဲတယ်။ ဘယ်လောက်သနားဖို့ကောင်းသလဲဆိုရင် သူဆက်

ပြောလိုက်တာက "ကိုယ် ဘာလုပ်ခဲ့မိတယ်ဆိုတာ ကိုယ်မသိဘူး"ပါတဲ့။
ဒါကိုကြည့်ရင် ရောဘတ်က အမှန်ကိုပြောနေတာပါ။ သူ တကယ့်ကို ဒီပြဿနာကို နားမလည်တာပါ။ ဒီတော့
"ကောင်းပြီ"လို့ စင်သီယာက ပြောတယ်။ "ဒီလောက်တောင် အ,ချင်ယောင် ဆောင်နေတဲ့လူကို ပြောပြရသေးတာပေါ့"တဲ့။ တကယ်တော့ ရောဘတ်က ဟန်ဆောင်နေတာမှမဟုတ်ဘဲ။ သူဟာ ပြဿနာရဲ့အရင်းအမြစ်ကို လုံးဝမသိတာလေ။ စင်သီယာက
"အဲဒီကောင်မလေး ရှင့်အနားမှာ တစ်ချိန်လုံး ရစ်သီရစ်သီလုပ်နေပြီး ရှင့်ကို ဖိတ်ခေါ်နေတာလေ။ ရှင်က ဂုဏ်ယူနေလိုက်တာများ တကတည်း... နံဘေးမှာ ကျွန်မရှိနေတယ်ဆိုတာတောင် မသိနိုင်တော့ဘူးမဟုတ်လား"လို့ အသက်ပြင်းပြင်းရှူပြီး ဆက်တိုက်ပြောချပစ်လိုက်တော့တယ်။
အဲဒီကျတော့မှပဲ ရောဘတ် သဘောပေါက်ရတော့တယ်။ စင်သီယာ ပြောတဲ့ ဖိတ်ခေါ်မှုအရိပ်လက္ခဏာတွေကို သူ မမြင်ခဲ့ပါဘူး။ အဲဒီလိုပဲ စင်သီယာရဲ့ သဝန်တိုဟန်ကိုလည်း သူ မမြင်နိုင်ခဲ့ဘူးလေ။
သူက အဲဒီကောင်မလေး ဆံပင်ကလေးခါ မျက်လုံးလေးဝေ့ပြီး လှုပ်ရမ်းကနေတာကိုပဲ ကြည့်တာကိုး။ တစ်နေရာစီကြည့်တတ်တဲ့ ယောကျ်ား သဘာဝအရ တစ်ကိုယ်လုံးကြည့်ပြီး ဘာသာမပြန်ဖြစ်ခဲ့ဘူးပေါ့။
မိန်းမတွေကတော့ ခြေခွေးမျက်စိ တပ်ထားကြတာကလား။ စိတ်ဓာတ်ချင်းကလည်း ဆက်နေပြန်တော့ မြွေမြွေချင်း ခြေမြင်ဆိုသလို။
ဒါပါပဲလေ၊ နောက်ဆုံးတော့ အပြေက ရှင်းရှင်းလေးပါ။ စင်သီယာနဲ့ ရောဘတ်တို့ရဲ့ "မဟုတ်ပါဘူးကွာ"၊ "ဟုတ်ကိုဟုတ်တယ်"ဆိုတာနဲ့ ငြင်းခုံသွားကြရင်း အိမ်ပြန်ရောက်သွားတဲ့အခါ တစ်ယောက်တစ်နေရာစီ အိပ်ပစ်လိုက်ကြပါရော။
ဒါဟာ မိန်းမရဲ့စွပ်စွဲချက်တွေကို အမှန်အတိုင်း ပြေရှင်းရင်း မပြေမလည်ဖြစ်ကြရတဲ့ ယောကျ်ားတွေရဲ့ သနားစရာကောင်းပုံပါပဲ။ သူတို့ ဦးနှောက်တွေကမှ အသေးစိတ် အမြင်၊ အကြားကို ပုံဖော်နိုင်စွမ်းမရှိတာ။ ဘယ်လိုတတ်နိုင်ပါ့မလဲ။
မိန်းမတွေကလည်း ခက်တယ်၊ တစ်ဖက်သားကို ဒေါသထွက်တာနဲ့ ယောကျ်ားတွေအပေါ် ရှင့်ကြောင့်ဆိုပြီး ပုံချတတ်ကြတာလေ။ ယောကျ်ားကို

သဝန်တိုရာကနေ ကိုယ်ပဲ စိတ်ဆင်းရဲရရှာတဲ့ မိန်းမတွေရဲ့အကျင့်စရိုက် တစ်မျိုးပါပဲ။

အသက်ခဲဆုံးဆု

ရှေးဟောင်းသုတေသနပညာရှင်တစ်ယောက်ဟာ ရှေးဟောင်းနယ် မြေတစ်ခုမှာ ရှာဖွေတူးဖော်နေရင်း မြေမှုန့်တွေလူးနေတဲ့ မီးအိမ်ကလေး တစ်ခုကို စလုတ်တိုက်မိသတဲ့။ သူဟာ မီးအိမ်ကလေးပေါ်က ဖုန်မှုန့်တွေကို မှုတ်ပစ်လိုက်တယ်။ အဲဒီမှာ မီးအိမ်ထဲက နတ်ကလေးတစ်ပါး ဘွားခနဲ ထွက်လာတောတယ်။

နတ်ကလေးက "မင်း ငါ့ကိုလွတ်အောင်လုပ်ပေးလိုက်ပြီ၊ ကဲ မင်း အလိုရှိရာဆုကို တောင်းပေတော့"လို့ ခွင့်ပေးလိုက်သတဲ့။

သုတေသနပညာရှင်လည်း ခဏတော့ စဉ်းစားတာပေါ့။ နောက်မှ သူက ပြောလိုက်တယ်။ "အင်္ဂလန်နဲ့ ပြင်သစ်ကို ဆက်သွယ်ပေးမယ့် တံတား ရှည်ကြီး လိုချင်ပါတယ်"လို့လေ။ နတ်ကလေးမျှော မျက်လုံးကလေး ကလယ် ကလယ်နဲ့ ညည်းတွားရှာတယ်။

"ငါ အခုမှ မီးအိမ်ထဲကထွက်လာရတာ ပင်ပန်းနေတယ်ကွာ၊ မင်းမှာ အချက်အလက်တွေရှိသလား။ အင်္ဂလန်နဲ့ ပြင်သစ်က ဘယ်လောက်ဝေး သလဲ။ မိသုကာတွေ တတ်နိုင်ရဲ့လား။ တခြားဆုတောင်းပါကွာ၊ ငါက ဖန်ဆင်းရှင်မဟုတ်လို့ပါ"

ဒါနဲ့ပဲ သုတေသနပညာရှင်လည်း ထပ်စဉ်းစားပြီး ဖန်ဆင်းဖို့မလိုတဲ့ ဆုကို ပြောင်းတောင်းလိုက်သတဲ့။

"ဒါဖြင့်လည်း ဖန်ဆင်းပေးစရာမလိုတဲ့ဆုကို တောင်းပါ့မယ်။ မိန်းမ တွေနဲ့ အဆင်ပြေအောင် ဘယ်လိုဆက်ဆံယူရမယ်ဆိုတဲ့ နားလည်မှုကိုသာ ပေးပါတော့"လို့ ပြောလိုက်တဲ့အခါ။

နတ်ကလေးမျှော မျက်နှာဖြူဖျော့သွားပါရောလား။ သူ့ကို သနားစရာ သတ္တဝါလို ကြည့်ပြီး "ကဲပါကွာ၊ ငါ့ကိုသာ ဖန်မီးအိမ်ထဲ ပြန်ထည့်ပေးပါ တော့"လို့ ပြောလိုက်သတဲ့။

## အခန်း (၂)

## အာရုံအပြည့်အဝ အရယူနိုင်ပါမှ



နားလည်မှုတည်ဆောက်ဖို့အတွက် မိန်းမနဲ့ယောက်ျားတို့ရဲ့ အာရုံကွဲပြားမှုအကြောင်း လေ့လာကြည့်ကြရအောင်။ သုတေသနပြုချက်တွေအရ ယောက်ျားနဲ့ မိန်းမဟာ အာရုံငါးပါးစလုံးမှာ ကွဲပြားကြတာ တွေ့ရတယ်။

တကယ်တော့ ရိုးရိုးလေးပါ။ ယောက်ျားဆိုတာ မျိုးစိတ်သဘာဝဆင်းသက်မှုအရကိုက အစာရှာဖွေသူ။ ပြီးတော့ မိသားစုအားလုံးရဲ့ မျှော်လင့်ချက် မဏ္ဍိုင်တစ်ခုပေါ့။ သူတို့ဟာ နေ့စဉ်အပြင်ထွက်ပြီး မိသားစုအတွက် အစားအသောက်ဖူလုံအောင် ကြိုးပမ်းရှာဖွေနေရမယ်။ ရန်သူတွေ၊ ဘေးအန္တရာယ်တွေကနေ ကာကွယ်ပေးရမယ်။ ယောက်ျားဆိုတာ ရှေ့ကို တည့်တည့်သွားဖို့ပဲလေ။

မိန်းမတွေကတော့ အသိုက်အမြုံထိန်းသိမ်းသူပေါ့။ မိန်းမတွေဟာ ပတ်ဝန်းကျင်မှာရှိတဲ့ ဘေးအန္တရာယ်တွေကို ကာကွယ်ပေးဖို့ ယောက်ျားတွေအပေါ် အားကိုးလိုစိတ် အမြဲရှိနေတတ်တယ်။ ဘဝခရီးမှာ ကြုံတွေ့လာရတဲ့ အရေးပါတဲ့ဖြစ်ရပ်တွေအပေါ် ထိန်းကျောင်းလမ်းပြပေးနိုင်မယ့် စွမ်းရည်တွေကို ယောက်ျားဆီက ရလိုတတ်ကြတယ်။

ယောက်ျားတွေရဲ့ အောင်မြင်မှုကို ဘာနဲ့တိုင်းတာရမလဲဆိုရင် သူဘာကိုဖယ်ရှားပေးနိုင်သလဲ။ သူ ဘာကိုသယ်ဆောင်ပေးနိုင်သလဲဆိုတာနဲ့ပေါ့။ သူ့ရဲ့ကိုယ်ပိုင်တန်ဖိုးဟာ သူ့ရန်းကန်ကြိုးပမ်းမှုရဲ့ ရလဒ်တွေဖြစ်တယ်။

မိန်းမတွေရဲ့အောင်မြင်မှုကိုတော့ မိသားစုဘဝကို ထိန်းသိမ်းနိုင်ခြင်းစွမ်းရည်နဲ့ တိုင်းတာရလိမ့်မယ်။ သူ့ကိုယ်ပိုင်တန်ဖိုးဟာ သူ့ရဲ့စွမ်းရည်အပေါ် ယောက်ျားဖြစ်သူရဲ့တန်ဖိုးထားမှုပဲလို့ မိန်းမတွေက ခံယူလေ့ရှိတယ်။

မိန်းမဆိုတာ အမဲလိုက်ဖို့၊ ရန်သူနဲ့တိုက်ခိုက်ဖို့၊ အလင်းရောင်ရစေဖို့ ဆိုတာတွေကို ဖန်တီးဖို့ မမျှော်လင့်တတ်ဘူး။ ယောက်ျားတွေကလည်း သူတို့အမှားကို ထောက်ပြဖို့၊ ကလေးထိန်းဖို့ဆိုတာတွေကို မမျှော်လင့်တတ်ကြသလိုပေါ့။

## အလိုလိုသိစိတ်

မိန်းမတွေဟာ ယောက်ျားတွေထက် နားပါးကြတယ်။ သူတို့ဟာ ရင်သွေးကို လွယ်ရတဲ့သူ၊ အသိုက်အမြုံကို အကဲခတ်တတ်မှုတွေ ရှိတတ်ကြတယ်။ နာကျင်မှု၊ ဆာလောင်မှု၊ စိတ်ပျက်အားငယ်မှု၊ ရန်လိုမှုလက္ခဏာတွေ

ကို ပုံဖော်တတ်ကြတယ်။ ဒါဟာ မိန်းမတွေရဲ့ သဘာဝအလျောက် အလိုလို သိစိတ်လို့ ခေါ်ရမှာပဲ။

အထူးသဖြင့် မကောင်းတာတစ်ခုခု ဖြစ်တော့မယ်ဆိုရင် သူတို့စိတ်ထဲမှာ နိမိတ်ပြတဲ့ တစ်စုံတစ်ရာကြောင့် လေးလံခိုးရွံ့မှုတွေ ဖြစ်နေတတ်တယ်။ ရှေ့ကို ကြိုမြင်တဲ့နေရာမှာလည်း မိန်းမတွေက ယောကျ်ားတွေထက် ပိုတော်ပါသတဲ့။

မိန်းမတွေဟာ ပရိယာယ်ပိုပြီး ကြွယ်ဝပါးနပ်တတ်ကြသလို အမှုအရာ ဟန်ဆောင်ပြောင်းလဲရာမှာလည်း ပိုပြီးကျွမ်းကျင်ကြတယ်လို့ ဆိုပါတယ်။ ယောကျ်ားဆိုတာကတော့ အစားအစာ ရှာဖွေသူဆိုတဲ့အတိုင်း စကားသံမပါတဲ့ အရိပ်အခြည်တွေ၊ အချင်းချင်း အပြန်အလှန်ဆက်သွယ်မှု နည်းလမ်းတွေကို သိရှိဖတ်မိနိုင်ဖို့အတွက် လုံလောက်တဲ့အချိန်မပေးဘဲ မရနိုင်ဘူး။


တစ်စုံတစ်ရာကို ဆက်လုပ်ဖို့ သဲလွန်စမရခင်မှာ ယောကျ်ားတွေဟာ သူတို့မျက်နှာသူတို့ ပြန်ရိုက်တာမျိုး၊ စိတ်ကောက်စိတ်ဆိုးတဲ့အမျိုးမျိုး၊ မျက်ရည်နဲ့ သက်သေထူတာမျိုးတွေ လုပ်တတ်ကြတယ်။

ဦးနှောက်ပုံဖမ်းစက်မှာ စစ်ဆေးကြည့်တဲ့အခါ ယောကျ်ားတွေရဲ့ ဦးနှောက် ၇၀ ရာခိုင်နှုန်းဟာ ငြိမ်သက်နေတဲ့ အဆင့်မှာရှိနေတာ တွေ့ရတယ်။ သူတို့ရဲ့ လျှပ်စစ်စွမ်းအင် လှုပ်ရှားမှုဟာ ရပ်တန့်တည်ငြိမ်နေတယ်။

အဲဒီတူညီတဲ့ အခြေအနေမျိုးမှာရှိတဲ့ မိန်းမတွေရဲ့ ဦးနှောက် ၉၀ ရာခိုင်နှုန်းကတော့ တက်ကြွနေတယ်။ သူတို့ဟာ ပတ်ဝန်းကျင်ကရထားတဲ့ သတင်းတွေကို လက်ခံသရုပ်ခွဲပြီး အတည်ပြုနေတတ်သတဲ့။ ဒါကြောင့် မိန်းမတွေဟာ သူတို့ရင်သွေးတွေရဲ့ မှော်လင့်ချက်တွေ၊ အိပ်မက်တွေ၊ စိတ်ကူးတွေကို သိနေတတ်ကြတယ်။ သူတို့ သူငယ်ချင်းတွေအချင်းချင်း ဘာတွေထင်နေသလဲ၊ ဘယ်လိုခံစားနေရသလဲဆိုတာတွေ၊ စိတ်အနှောင့်အယှက်တွေကို သိနေတတ်ကြတယ်။ ယောကျ်ားတွေကတော့ တစ်အိမ်တည်းမှာနေတဲ့ သူငယ်ချင်းတောင်မှ ဝိုးတိုးဝါးတားပဲ သိနေတတ်ကြတယ်လို့ ဆိုပါတယ်။

ယောကျ်ားတွေရဲ့ အာရုံခံနိုင်မှုစွမ်းရည်ဟာ မိန်းမတွေထက် နိမ့်ကျတယ်ဆိုတာကို အထူးသဖြင့် မိန်းမတွေ သိထားကြဖို့လိုပါတယ်။ ဒါကြောင့် မိန်းမတွေဟာ ထိရှလွယ်ပြီး ယောကျ်ားတွေကို သွေးအေးတယ်လို့ ပြောတတ်ကြတာ ဖြစ်ပါတယ်။ ဥပမာလေးနဲ့ ကြည့်ကြရအောင်။

## မြင်ကွင်းကျယ်တဲ့မိန်းမနဲ့ အမြင်ကျဉ်းတဲ့ယောက်ျား




သုတေသနပြုချက်အရ မိန်းမတွေရဲ့အကြည့်ဟာ ယောက်ျားတွေရဲ့ အကြည့်ထက် မြင်ကွင်းပိုကျယ်ပြန့်တယ်လို့ ဆိုပါတယ်။ မိန်းမတွေရဲ့ မြင်လွှာပေါ်မှာ အမျိုးမျိုးသော ကတော့ပုံတွေရှိသတဲ့။ သူတို့ဟာ အရောင်တွေကိုလည်း အသေးစိတ်ခွဲခြားနိုင်စွမ်း ရှိတယ်။ ပြင်ပမြင်ကွင်းကိုလည်း ယောက်ျားတွေထက် ပိုချဲ့နိုင်စွမ်းရှိတယ်။ အသိုက်အမြုံထိန်းသိမ်းသူ ဖြစ်တာနဲ့အညီ မိန်းမတွေရဲ့ ဦးနှောက်ဖွဲ့စည်းမှုဟာ စက်ဝိုင်းပြတ် ၄၅ ဒီဂရီ မြင်ကွင်းကို ရရှိစေတယ်။ အပေါ်အောက် ဘေးတိုက်အားလုံးမြင်တယ်။ တချို့မိန်းမတွေဆိုရင် ၁၈၀ ဒီဂရီအထိတောင်မှ အမြင်သက်ရောက်နိုင်ကြတယ်လို့ သိရတယ်။

ယောက်ျားတွေရဲ့ မျက်လုံးအိမ်ဟာ မိန်းမတွေထက် ပိုကျယ်ကြတာ မှန်ပါတယ်။ ဒါပေမဲ့ သူတို့ဦးနှောက်က ပုံဖမ်းနိုင်တာကျတော့ ရှည်လျားတဲ့ လိုဏ်ခေါင်းလို မြင်ကွင်းမျိုးပါပဲ။ ဒါကြောင့် သူတို့ဟာ သူတို့ရှေ့တည့်တည့်မှာ ရှိတာကို ပြတ်သားထင်ရှားစွာ မြင်တွေ့နိုင်စွမ်းရှိကြတယ်။ မြင်ကွင်းကျဉ်းမြောင်းပြီး အဝေးကြီးကို လှမ်းမြင်နိုင်တာမျိုးပေါ့။ မျက်စိတစ်စုံရဲ့ အတွင်းမှာပဲ မြင်ကွင်းက ရှိနေတယ်။

ဒါကြောင့် မိန်းမတွေဟာ သူတို့ရဲ့အမြင်အာရုံ ကျယ်ပြန့်မှုကို မှတည်ပြီး ယောက်ျားတစ်ယောက်ကို စောင်းငဲ့ကြည့်စရာ မလိုပေမဲ့ ယောက်ျားတွေကတော့ လိုဏ်ခေါင်းလို အမြင်အာရုံရှိတာကြောင့် မိန်းမတစ်ယောက်ကို ကြည့်တော့မယ်ဆိုရင် သူတို့ခေါင်းတွေကို လှည့်ပစ်လိုက်ကြရတယ်။ နိုးကြည့်လို့မရဘူးလေ။

**ယောက်ျားက ညဖက်ပေါ်မှာ မိန်းမက နေ့မှာပေါ်သည်**

သုတေသနပြုချက်တစ်ခုမှာ ဖော်ပြထားတာကတော့ ယောက်ျားရဲ့ ဦးနှောက်ဟာ သူလိုနေတဲ့အရာကို ရှာနေတော့တာပဲ။ ဒါပေမဲ့ သူ မျက်နှာမူနေတဲ့နေရာမှာ မရှိတဲ့အတွက် သူ ဘယ်လိုမှ မမြင်နိုင်ဘူး။ ဘာလို့လဲဆို သူ့ရဲ့လိုက်ခေါင်းမြင်ကွင်းအရ အဝေးကြီးကို အသေးစိတ်လှမ်းမြင်နိုင်ပေမဲ့ အနီးကပ်ကလေးတွေမှာ အကြည့်လွဲချော်နေတတ်တာကြောင့်ပဲ။ သူတို့ဟာ ခေါင်းကို ဟိုဘက်လှည့်၊ သည်ဘက်လှည့်၊ အပေါ်ကြည့်လိုက်၊ အောက်ကြည့်လိုက် လုပ်ရင်းနဲ့ပဲ မျက်စိရှေ့တင် ပျောက်နေတတ်တယ်။ မမြင်မကန်းဆိုတာ သူတို့ပေါ့။ အမှန်တော့ ဒါဟာ သူတို့သဘာဝကိုက ဖြစ်နေတာ။ ဒါကို မိန်းမတွေ သိထားဖို့လိုတယ်။ သူတို့ကတော့ ဒီအတွက် မိန်းမတွေကို အပြစ်တင်တတ်ကြတယ်။ ထောပတ်ဘူး ပျောက်သလိုမျိုးလေ။

သူတို့အံဆွဲတွေ၊ ဗီရိုတွေထဲမှာ တစ်ခုံတစ်ရာ ရှာမတွေ့တဲ့အခါမျိုးပေါ့။ သော့ပျောက်မယ်၊ ရေးစရာရှာမတွေ့ဘူး၊ နာရီဘယ်နားထားမှန်း မသိဘူး စသဖြင့်ပေါ့။ တကယ်တော့ အဲဒီအနီးအနားမှာပဲ ရှိနေတာကို သူတို့က မမြင်ရတာပါ။ ဒါကို မိန်းမတွေက ခေါင်းကလေးတစ်ချက် မစောင်းငဲ့ရဘဲ အလွယ်တကူ ရှာတွေ့တတ်ကြပါတယ်။

မိန်းမတွေရဲ့ အီစထရိုဂျင်ဟော်မုန်းက သူတို့ရဲ့ရွေးချယ်နိုင်မှုဉာဏ်ကို ပိုပြီးဖွံ့ဖြိုးစေတယ်။ ဒါကြောင့် ရှုပ်ထွေးနေတဲ့ အရာတွေထဲမှာ လိုချင်တာကို ရအောင်ရှာနိုင်ကြတယ်။

အဲဒီလျှို့ဝှက်ချက်ကို သိမယ်ဆိုရင် အခက်အခဲဖြစ်နေတဲ့ ယောက်ျားရဲ့ ဒေါသကို နားလည်ပေးပြီး သူ ရှာမတွေ့တဲ့အရာကို "အဲဒါ အဲဒီအထဲမှာပဲ၊ ရှိကိုရှိတယ်၊ သေချာတယ်"ဆိုပြီး သူ ယုံကြည်အောင် ပြောပြပေးရင်းနဲ့ သူ့ရဲ့ ဖိစီးနေတဲ့စိတ်ကို လျော့ပါးသွားပါစေ။ ဆက်လက်ရှာဖွေလိုစိတ်ကို ဖြစ်ပေါ်ပါစေ။ ကိုယ်ရှာပေးမှရတယ်ဆိုပြီး လက်မထောင်မပြဖို့ လိုပါတယ်။

ဒါပေမဲ့ သုတေသနပြုချက်အရ ပြောရဦးမယ်။ မိန်းမတွေရဲ့အကြည့် ထက်မြက်ကျယ်ပြန့်မှုဟာ နေ့အချိန်မှာ အသုံးဝင်တာမှန်ပေမဲ့ ညကျရင် ယောက်ျားတွေရဲ့ စူးရှတဲ့အကြည့်က ပိုအသုံးဝင်တယ်လို့ ဆိုတယ်။

ညအမှောင်မှာ ရှေ့နဲ့နောက်ကြည့်မှုက မြင်ကွင်းဟာ ကားမောင်းသူ ယောက်ျားအတွက် ပြတ်သားထင်ရှားစေတယ်လို့ ဆိုပါတယ်။

နောက်ထပ်သုတေသနပြုချက်တစ်ခုကတော့ "ကျွန်တော့်မိန်းမက ပေနှစ်ဆယ်အကွာကနေ ကျွန်တော့်ဆံပင်ဖြူကို မြင်နိုင်ပေမဲ့ ကားကိုထောင်ထဲ သွင်းတဲ့အခါ ဂိုထောင်တံခါးကို ဝင်တိုက်မိတတ်တယ်ဗျ" ဆိုတဲ့ အချက်ပါပဲ။

နေ့မှာတော့ သူတို့က ပိုပြီးကျွမ်းကျင်ကြပါတယ်။ ဒါကြောင့် ၁၉၉၇ ခုနှစ်က UK မှာ လမ်းလျှောက်ရင်း ကားတိုက်ခံရတဲ့ကလေး ၄၁၃၂ အနက် မိန်းကလေးက ၁၄၉၂ ပဲ ရှိပြီး ယောက်ျားလေးက ၂၆၄၀ အထိ ရှိနေတာတွေ့ရတယ်။ ဩစတြေးလျမှာဆိုရင်လည်း လမ်းလျှောက်ရင်း ကားတိုက်ခံရသူ ဦးရေဟာ ယောက်ျားလေးက မိန်းကလေးရဲ့နှစ်ဆလောက် များနေတယ်လို့ ဆိုပါတယ်။ ဒါဟာ ယောက်ျားလေးတွေရဲ့ မြင်ကွင်းကျဉ်းမှုသက်သေပါပဲ။

## မိန်းမတွေမှာ ဆဋ္ဌမအာရုံ ဘာကြောင့်ရှိ

သုတေသနပြုချက်မှာ ရှာဖွေတွေ့ရှိထားတာကတော့ မျက်နှာချင်းဆိုင်ဆုံတွေ့ကြတဲ့အခါမှာ အသံထွက်စကားတွေနဲ့အတူ ဖွင့်မပြောတဲ့ အသံတိတ်လက္ခဏာ ၆၀ ကနေ ၈၀ ရာခိုင်နှုန်းလောက်အထိ မိန်းမတွေက ဘာသာပြန်တတ်ကြတယ်လို့ ဆိုပါတယ်။

မိန်းမတွေရဲ့ ပြင်ပအာရုံခံပစ္စည်းတွေဟာ အဲဒီသတင်းအချက်အလက်တွေကို ကောက်ယူစုစည်းပြီး သရုပ်ခွဲနိုင်ပါသတဲ့။ ပြီးတော့ မိန်းမတွေရဲ့ ဦးနှောက်အပိုင်းခြမ်းတွေဆီကို အလျင်အမြန် ကူးပြောင်းပေးနိုင်စွမ်း ရှိတယ်။ အဲဒီမှာ အပြည့်အဝစုစည်းပြီး စကားဝှက်တွေရဲ့အဓိပ္ပာယ်ကို မပြောမဆို မရှင်းပြဘဲ ဖော်ထုတ်နိုင်တယ်လို့ ဆိုတယ်။

တစ်နည်းအားဖြင့် ပြောရရင်တော့ မိန်းမတွေမှာ မုသားကို ဖော်ထုတ်နိုင်တဲ့ ကျွမ်းကျင်မှုစွမ်းရည် ရှိတယ်ဆိုတာပါပဲ။ ဒါဟာ ယောက်ျားတွေအနေနဲ့ မိန်းမတွေနဲ့ မျက်နှာချင်းဆိုင် တွေ့ကြရာမှာ ညာဖို့ခဲယဉ်းတယ်ဆိုတဲ့ သဘောကို ပြပါတယ်။ စေ့စေ့ကြည့်တဲ့ မိန်းမမျက်လုံးကို ယောက်ျားတွေ ရင်မဆိုင်နိုင်ကြပါဘူး။

ယောက်ျားတွေခမျာ မိန်းမတွေကို ညာပြောတော့မယ်ဆိုရင် ခပ်ဝေးဝေးကပဲ ညာတတ်ကြပါတယ်။ တယ်လီဖုန်းထဲကဖြစ်ဖြစ်၊ စာထဲမှာဖြစ်ဖြစ်

ပေါ့။ ဒါမှမဟုတ် မီးရောင်မရှိတဲ့ အမှောင်ထဲမှာလေ။ တချို့ကတော့ ခေါင်းကို ခေါင်းမြီးခြုံပြီး၊ မျက်နှာကို ကွယ်ဝှက်ထားပြီး ညာတတ်ကြလေရဲ့။

မိန်းမတွေကတော့လား၊ ယောကျ်ားတွေကို မျက်နှာချင်းဆိုင်ပြီး အလွယ်တကူပဲ ညာနိုင်ကြလေရဲ့။ မိန်းမတွေအချင်းချင်းတော့ သိမှာနော်။ ယောကျ်ားတွေကတော့ မိန်းမတွေရဲ့ အသံထွက်စကားနဲ့ အသံတိတ်အရိပ်အခြည်တွေကြားက အဆီအငေါ်မတည့်မှုတွေကို ရွေးထုတ်နိုင်လောက်တဲ့ ခံစားမှုစွမ်းရည် မရှိကြဘူးမဟုတ်လား။

ယောကျ်ားတွေမှာ ပိုသာတဲ့အရည်အချင်းတစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ တိရစ္ဆာန်တွေရဲ့အသံကို သရုပ်ခွဲတတ်ခြင်းနဲ့ အတုယူတတ်ခြင်းလေ။ အမဲလိုက်ရာမှာ သိပ်အသုံးဝင်တာပေါ့။ ဒါပေမဲ့ ဝမ်းနည်းဖို့ကောင်းတာက ဒီနေ့အချိန်အခါမှာ အဲဒီပညာက အသုံးမတည့်တော့တာပါ။

မိန်းမတွေကတော့ အသံပြောင်းလဲမှု၊ အသံအတိုးအကျယ်၊ အသံနေအသံထား စတာတွေကို ကွဲကွဲပြားပြားသိနိုင်တဲ့ အာရုံခံစားမှုရှိကြတယ်။ ဒါကြောင့် တစ်ဖက်သားရဲ့ စိတ်လှုပ်ရှားမှုတွေကို ကြားသိနိုင်စွမ်း ရှိကြတာပေါ့။ ဒါဟာ မိန်းမတွေ လူကဲခတ်ပညာတတ်တယ်ဆိုတာကို ပြတယ်။ ယောကျ်ားတွေကတော့ မိန်းမတွေ ဘာပြောနေသလဲဆိုတဲ့ သဲလွန်စကို ရဖို့ မလွယ်လှရှာပါဘူး။

အသံနေအသံထားကိုကြည့်ပြီးရင်လည်း မိန်းမတွေဟာ စိတ်လှုပ်ရှားမှုအပေါ် ထောက်လှမ်းနိုင်ကြပြန်တယ်။ ဒါကြောင့် အချင်းချင်း ငြင်းခုန်ကြပြီ ဆိုတဲ့အခါ "ဟော ... ငါ့ကို ဒီလိုလေသံမျိုးနဲ့ လာမပြောနဲ့"လို့ ပြောတတ်ကြတာပေါ့။

ယောကျ်ားလေးတွေကိုကြည့်ရင် ငယ်ငယ်က စကားနားမထောင်ရကောင်းလားလို့ ခဏခဏ အပြစ်ပေးခံခဲ့ကြရတာကို တွေ့ပါလိမ့်မယ်။ အရွယ်ရောက်လာတဲ့အခါကျတော့ သူတို့ရဲ့နားစည်တွေက ကားထွက်လာတယ်လေ။ သူတို့ဟာ ယာယီနားပင်းတတ်ကြတယ်။ သူတို့က အကြားအာရုံထက် အမြင်အာရုံအပေါ် ပိုပြီးစိတ်အားထက်သန်ကြတာကိုး။

အထူးသဖြင့် အမျိုးသမီး ဆရာမတွေဟာ ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေရဲ့ အကြားအာရုံခံစားချက်ကို ပိုပြီးသဘောပေါက်သင့်တယ်။ မိန်းကလေးတွေကို အပြစ်တင်ဖို့ တော်တော်ခက်တယ်လေ။ ဘာလို့လဲဆို

တော့ သူတို့ဟာ မျက်လုံးချင်း မဆက်သွယ်ပေမဲ့ နားထောင်ချင် ထောင်နေတတ်သလို မျက်လုံးချင်းဆုံနေပေမဲ့ နားထဲအဝင်ခံချင်မှ ခံတာ။

ယောက်ျားလေးတွေကျတော့ သိသာတယ်၊ မျက်လုံးချင်းမဆိုင်ဘူးဆိုရင် စိတ်မဝင်စားဘူး၊ နားမထောင်ဘူးဆိုတာ အလိုလိုသိနိုင်တယ်။ ဒါကြောင့် ယောက်ျားလေးတွေကို "ဟော့ ငါ စကားပြောနေတုန်း ငါ့ကိုကြည့်" လို့ ပြောဖြစ်ကြတယ်။

### ဟောက်သံကို မခံနိုင်ဘူးရှင့်

မိန်းမတွေဟာ ယောက်ျားတွေထက် အကြားအာရုံ ပိုပြီးထက်သန်ကြတာမို့ ယောက်ျားတွေ အိပ်မောကျပြီး ဟောက်တဲ့အသံကို နားမခံနိုင်ကြဘူး။ အရမ်းပဲ စိတ်ဆိုးစေတတ်တယ်။

ကလေးငိုသံကျတော့လည်း အဲ့ကနဲဆို နိုးတာပဲလေ။ ယောက်ျားကတော့ ဘယ်လောက်ပြနေအောင် ငိုနေနေ မနိုးသေးဘူးဆိုတာပဲ။ အဝေးကနေ ကလေးငိုနေတယ်ဆိုရင်လည်း မိန်းမက ကြားနိုင်တယ်။ တစ်ခုပဲရှိတယ်။ အဲဒီအသံ ဘယ်ကလာသလဲဆိုတာကိုတော့ ယောက်ျားက ပိုပြီး ခန့်မှန်းရှာဖွေနိုင်တတ်တယ်။ မိန်းကလေးတွေများ ကလေးသေးသေးလေးတွေတောင်မှ အခန်းထဲကနေ သူ့အမေရဲ့အသံကို ကြားပြီး ငိုတတ်တယ်။ ယောက်ျားလေးသေးသေးကတော့ နိုးပါပဲ။

ဒါဟာ ဖုန်းလာရင် ယောက်ျားက တိတ်ဆိတ်နေကြစမ်းလို့ ဘာကြောင့် အမိန့်ပေးသလဲဆိုတဲ့ အဖြေကိုပေးပါတယ်။ တီဗွီအသံ တိုးခိုင်းမယ်၊ သီချင်းဖွင့်ထားရင် ပိတ်ခိုင်းမယ်လေ။ မိန်းမအတွက်ကတော့ ဒါတွေလုပ်စရာ မလိုပါဘူး။ အလွယ်ကလေး ကောက်နားထောင်လိုက်ရုံပဲ။

### အလွယ်တကူ ထိတွေ့နိုင်တာ မိန်းမသားသာ

အရေပြားဆိုတာ ကိုယ်ခန္ဓာမှာ အကြီးမားဆုံးအပိုင်းပါ။ ပမာဏအားဖြင့် ၂ စတုရန်းမီတာလောက် ရှိတယ်။ နာကျင်မှုအတွက် လက်ခံနေရာပေါင်း ၂၈ သိန်းရှိတယ်။ အအေးကို လက်ခံတဲ့နေရာ ၂ သိန်းရှိပြီး အထိအတွေ့နဲ့ ဖိမှုကိုသိတဲ့ လက်ခံတဲ့ပြန်တဲ့နေရာ ၅ သိန်းရှိတယ်။ မွေးကတည်းက မိန်းကလေးတွေဟာ အထိအတွေ့ကို ပိုပြီးသိလွယ်ကြတယ်။ အရွယ်ရောက်

လာတဲ့အခါကျတော့ မိန်းမတွေရဲ့ အရေပြားဟာ ယောကျ်ားထက် ထိမှုဗိမ္မ တုံ့ပြန်လက်ခံစွမ်းရည် ၁၀ ဆ ပိုလာသတဲ့လေ။

ယောကျ်ားတွေရဲ့ အရေပြားက ထူတယ်၊ မိန်းမရဲ့အရေပြားကတော့ ပါးတယ်။ ဒါကြောင့် ယောကျ်ားတွေဟာ မိန်းမတွေထက် ပိုပြီး အအေးခံနိုင်တယ်လို့ ဆိုတယ်။

သုတေသနပြုချက်အရဆိုရင် လူမှုဆက်ဆံရေးမှာ မိန်းမတွေဟာ သူတို့ချင်းချင်း နားလည်မှုနဲ့ ထိတွေ့နှစ်သိမ့်ခြင်းဟာ ယောကျ်ားတွေအချင်းချင်းထက် ၄ ဆကနေ ၆ ဆထိ ပိုတယ်လို့ ဆိုပါတယ်။

မိန်းမတွေဟာ သူတို့ကို ပွေ့ဖက်ထိတွေ့မှုအပေါ် အလွန်နှစ်သက်ကြတယ်။ သူတို့က ဒါကို ခံစားမှုလို့ပြောကြလိမ့်မယ်။ ဒါပေမဲ့ ခပ်ကြမ်းကြမ်းကိုတော့ သူတို့က မလိုလားဘူး။ ပြီးတော့ အဲဒီပွေ့ဖက်နှစ်သိမ့်မှုဟာ လိင်ဆိုင်ရာ ခံစားမှုနဲ့လည်း မပတ်သက်ဘူး။

ယောကျ်ားတွေကတော့ သူတို့ကို ပွတ်သီးပွတ်သပ်လုပ်တာကိုပဲ မကြိုက်ကြဘူးလို့ ဆိုပါတယ်။ ယောကျ်ားရဲ့ကျောပြင်ဟာ သူ့ရဲ့ဝမ်းဗိုက်အရေပြားထက် ၄ ဆထူတာကြောင့် အထိအခိုက်ပိုခံနိုင်ရည် ရှိတယ်။ သုတေသနပြုချက်အရ ပြောရရင်တော့ ယောကျ်ားလေးတစ်ယောက် အရွယ်ရောက်လာတဲ့အခါ သူ့ရဲ့အထိအတွေ့ အာရုံခံနိုင်စွမ်းဟာ တစ်နေရာတည်းကိုပဲ ရောက်သွားသတဲ့လေ။

မိန်းကလေးတွေဟာ စိတ်ဆိုးလာရင် "ရှင် ကျွန်မအသားကို မထိနဲ့" လို့ ပြောတတ်တာဟာလည်း သက်သေတစ်ခုပါပဲ။

အဲဒီမှာ ယောကျ်ားနဲ့မိန်းမ နားလည်မှုလွဲကြတာ တွေ့ရမှာပါ။ မိန်းမတစ်ယောက်ဟာ အဖျားဒီဂရီ ၁၀၄ ရှိနေတယ်။ သူက ယောကျ်ားကို စွပ်ပြုတ်လုပ်နိုင်းမယ်၊ ရေနွေးအိတ်ယူနိုင်းမယ်၊ ဆရာဝန်ခေါ်နိုင်းမယ် ဆိုပါစို့။ အမှန်ကတော့ နဖူးကလေးစမ်းပြီး အကြင်နာအနမ်းနဲ့ ယုယမှု လိုချင်တာပါ။ ဒါကို ပုံမဖော်တတ်တဲ့ ယောကျ်ားက မိန်းမနဲ့ စောင်အတူခြုံပြီး ခံစားမှုလမ်းလွဲလိုက်ဖို့ ကြိုးစားပါရော။ အဲဒီမှာပဲ ပြဿနာက တက်ပြီ။ "ကျွန်မ နေမကောင်းတာတောင် ရှင်က ဒါပဲလား ဖြစ်ပြီ။ ကဲ ကောင်းကြသေးရဲ့လား။

### ဘဝအတွက် အရသာ

အရသာခံနိုင်မှုမှာလည်း မိန်းမတွေက ယောက်ျားတွေထက် သာပြန်ရောတဲ့လေ။ ကျွန်မတို့ရဲ့ လျှာထိပ်မှာ အချိုနဲ့အငန်ကို လက်ခံနိုင်တဲ့ တုံ့ပြန်မှုလေးတွေ ရှိတယ်။ အချဉ်က ဘေးဘက်မှာရှိပြီး၊ အခါးက အတွင်းနောက်ဘက်မှာ ရှိတယ်။ အဲဒီလက်ခံမှုက ၁၀၀၀၀ လောက်ရှိတယ်လို့ ဆိုတယ်။ ဂျပန်သုတေသန ပညာရှင်တွေကတော့ ချို၊ ငန်၊ ချဉ်၊ ခါးအပြင် နောက်ထပ် အရသာတစ်ခုပါ တွေ့ထားတယ်။ အဲဒါ အဆီအရသာတဲ့လေ။

ယောက်ျားတွေဟာ အငန်နဲ့အခါးကို အကြိုက်များကြတယ်။ သူတို့က ဘီယာသမားတွေကိုး။ မိန်းမတွေကတော့ အချိုကို ပိုကြိုက်ကြသတဲ့။ ဒါကြောင့် ကမ္ဘာပေါ်မှာ ယောက်ျားထက် မိန်းမတွေက ချောကလက် ပိုကြိုက်တာ တွေ့ရတာပေါ့။ အရသာခံစားတတ်ကြတာကလည်း မိန်းမတွေပါပဲတဲ့။

### လေထဲမှာ တစ်စုံတစ်ရာရှိတယ်


အနံ့ခံနိုင်စွမ်းကျပြန်တော့လည်း မိန်းမက သာပြန်ရောတဲ့။ သူတို့ရဲ့ နှာခေါင်းက အနံ့တွေကို သရုပ်ခွဲနိုင်ကြသတဲ့။ ယောက်ျားတစ်ယောက်ရဲ့ ကိုယ်နံ့ကို မိန်းမက ခွဲခြားနိုင်တယ်။ ယောက်ျားကတော့ အဲဒီအစွမ်းနည်းတယ်လို့ ဆိုတယ်။

ကဲ ... အဲသည်လိုတွေ ဘာကြောင့်ဖြစ်ရသလဲဆိုတာ အခန်း (၃)မှာ ကြည့်ရအောင်။

❒

# အခန်း (၃)

## အားလုံးတည်ရာ ဦးနှောက်မှာ





ယောက်ျားဦးနှောက်ပုံ

၁။ ပစ္စည်းရှာဖွေခြင်း

၂။ အားကစား

၃။ အစွန့်စားသော်၊ မိုက်ရဲမှု

၄။ အစားအသောက်
၅။ အဝေးထိန်းခလုတ်
၆။ ကျိုးကြောင်းမဆိုင်လုံသော ဆင်ခြေ
၇။ ကိုယ်ရေးကိုယ်တာ မေးခွန်းများ ရှောင်ရှားခြင်း
၈။ ရဲ့ကားပြောခြင်း
၉။ သန့်စင်ခြင်း
၁၀။ နှင်ဖက်ကိစ္စရေးဆွဲခြင်း
၁၁။ ကလေးများ၏အသံ ညလယ်တွင် ကြားနိုင်ခြင်း
၁၂။ အိမ်တွင်းရေး
၁၃။ ထွေငေါ့မှုအတတ်
၁၄။ နားထောင်ခြင်း
၁၅။ တိုက်ရိုက်မေးမြန်းခြင်း
၁၆။ ဆန္ဒစိတ်




မိန်းမဦးနှောက်ပုံ

၁။ တယ်လီဖုန်းနှင့် စကားပြောကျွမ်းကျင်မှု
၂။ အဝတ်အစားနှင့် ဖိနပ်ရွေးချယ်ဝတ်ဆင်မှု
၃။ လက်ထပ်ပြီးသည်နှင့် ဆန္ဒစိတ် တိုးမြင့်ဖွံ့ဖြိုးခြင်း

၄။ ဈေးဝယ်ခြင်း၊ ပျော်ပါးစားသောက်ခြင်း
၅။ မုသားဖမ်းခြင်း
၆။ သန့်စင်ခြင်း
၇။ နားထောင်ခြင်း
၈။ ဆုံးဖြတ်ချက်ချခြင်း
၉။ မြေပုံဖတ်ခြင်း
၁၀။ မနာလိုမှု၊ သဝန်တိုမှု
၁၁။ ရွေးချယ်ခြင်း
၁၂။ လားရာ
၁၃။ နှိုင်းယှဉ်မှု
၁၄။ အတင်းအဖျင်း
၁၅။ စုံစမ်းခြင်း
၁၆။ တာဝန်လုပ်ငန်းများ လိုအပ်ချက်များ (တောင့်တမှုများ)

ဒီပုံနှစ်ပုံကို ကြည့်ရင် ယောက်ျားနဲ့မိန်းမဦးနှောက် ဖွဲ့စည်းပုံမတူတာကို တွေ့ရပါလိမ့်မယ်။ ဦးနှောက်အပိုင်းခြမ်းနှစ်ခုမှာ သီးခြားစီ တာဝန်ယူထားတဲ့ အကြောင်းအရာတွေရှိတယ်။ အဲဒီအလုပ်မှာတော့ မိန်းမနဲ့ ယောက်ျား သီးခြားစွမ်းရည်တွေအပေါ် မူတည်နေတတ်တယ်။

ယောက်ျားရဲ့ ဦးနှောက်နှစ်ခြမ်းဟာ သီးခြားစီကွဲနေတယ်။ ဒါကြောင့် သူတို့ဟာ တစ်ချိန်မှာ တစ်ခုတည်းကိုပဲ အာရုံစိုက်နိုင်ကြတယ်။

မိန်းမတွေဟာ တစ်ချိန်တည်းမှာ အဆက်အစပ်မရှိတဲ့ အလုပ်တွေကို တစ်ပြိုင်နက်တည်း လုပ်တတ်ကြတယ်။ အဲဒီအတွက် သူတို့ဦးနှောက်မှာ ဘာမှအနှောင့်အယှက်မဖြစ်ဘူး၊ ဘာမှလွတ်မသွားဘူး။

ရုပ်မြင်သံကြားကြည့်နေရင်း ထမင်းဟင်းချက်လို့ရသလို ဖုန်းကိုလည်း ပြောနေနိုင်တယ်။ ကားမောင်းရင်း ရေဒီယိုနားထောင်၊ လက်ကိုင်မှဲ့ ဖုန်းပြော၊ တို့ပတ်ကလေးတောင်မှ ပုတ်လိုက်နိုင်သေးသပေါ့။ ဦးနှောက်အပိုင်းခြမ်းနှစ်ခုစလုံးကို အဲဒီလို အသုံးပြုတတ်တဲ့မိန်းမတွေမှာ အစက်အခဲဖြစ်ရတာ တစ်ခုတော့ရှိတယ်။ အဲဒါကတော့ ဘယ်ညာအလှည့်အပြောင်း ခက်ခဲခြင်းပါပဲ။ ဒီသဘောကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမတွေ တော်တော်များများ ယောက်ျားတွေရဲ့ အပြစ်တင်မှုကို ခံရတာပေါ့။ ဒါ သူတို့ရဲ့

အားနည်းချက်ပဲလေ။

ယောက်ျားတွေဘက်က အားနည်းချက်ကို လေ့လာကြည့်ရင် ပိုဆိုးတယ်။ ယောက်ျားတစ်ယောက် အလုပ်လုပ်နေတုန်းမှာ သူ့ကို စကားသွားပြောကြည့်ပါလား။ သူ အလွဲလွဲအမှားမှားဖြစ်တော့တာပဲ။ ဘာလို့လဲဆိုတော့ နားထောင်တာနဲ့ ရေးတာကိုတောင်မှ တစ်ချိန်တည်း မလုပ်နိုင်ကြတဲ့သူတွေမို့ပါ။ သူတို့ မှတ်ဆိတ်ရိတ်နေတုန်း စကားသွားပြောရင် ဓားရှပြီလေ။ တူထုနေတုန်း တံခါးခေါင်းလောင်း မြည်လာကြည့်၊ သူ့လက်မကို သူ တူနဲ့ထုမိပါရောလား။ သူ ကားမောင်းနေတုန်း သူ့ကို စကားသွားပြီး ပြော၊ သူ ချိုးကွေ့ဖို့ မေ့ပြီးသားပဲ။ ဒါ သူတို့ရဲ့အားနည်းချက်ပေါ့။


ဦးနှောက်ကို လက်ခံထားတဲ့ ဦးခေါင်းခွံကအစ ယောက်ျား မိန်းမ မတူကြတာပါ။ ဒီတော့ သူတို့ ဦးနှောက်မှာလည်း စွမ်းရည်တွေမတူကြတာ တွေ့ရပါတယ်။ အစားရှာတဲ့ လူယောက်ျားဦးနှောက်ဟာ ရှည်မယ်၊ ပစ်မှတ်ကို တည့်တည့်မြင်အောင် ကျဉ်းမြောင်းမယ်။ သူတို့မှာ ခံစားမှုကို အထူးပုံဖော်မယ့် ဧရိယာရယ်လို့ မရှိဘူးလေ။

မိန်းမတွေကတော့ အမြင်ကျယ်မယ်၊ ဒါမှ ပတ်ဝန်းကျင်ကို ခြုံကြည့်နိုင်မယ်။

ဦးနှောက်ရဲ့ လက်ဝဲအပိုင်းခြမ်းနဲ့ လက်ယာအပိုင်းခြမ်းအလိုက် သီးခြားစွမ်းရည်တွေ ရှိတယ်။ အဲဒါတွေကို လေ့လာကြည့်နိုင်တယ်။ မိန်းမ ဦးနှောက် လက်ဝဲလက်ျာနှစ်ခြမ်းဟာ ၁၀ ကနေ ၃၀ ရာခိုင်နှုန်းအထိ ဆက်နွယ်နေလေ့ရှိတယ်။ ဒါကြောင့် တစ်ချိန်တည်းမှာ လမ်းလျှောက်စကားပြောနှုတ်ခမ်းနီ ဆိုးနိုင်တာလေ။

| လက်ဝဲအပိုင်းခြမ်း | လက်ယာအပိုင်းခြမ်း |
| --- | --- |
| လက်ျာခန္ဓာ | လက်ဝဲခန္ဓာ |
| သင်္ချာ | ဖန်တီးမှု |
| စကား | အနုပညာ |
| ယုတ္တိဗေဒ | အမြင် |
| အပြုအမူ | အလိုလိုသိခြင်း |
| ကောက်ချက် | အကြံဉာဏ် |

| | |
|---|---|
| သရုပ်ခွဲခြင်း | စိတ်ကူး |
| လေ့ကျင့်ခန်း | စာရိဒ္ဓ |
| အမိန့် | သံစဉ်တေးသွား |
| သံစဉ်စာသား | ပုံကြီးရဲ့ခြင်း |
| နယ်နိမိတ် | အာကာသ |
| အသေးစိတ်အမြင် | လုပ်နည်းကိုင်နည်းပညာ |




မိန်းမဟာ ယောကျ်ားထက်ပိုပြီး ရျက်ရျာပါးနပ်တယ်လို့ ရှာဖွေတွေ့ရှိထားတယ်။ စဉ်းစားကြည့်လေ၊ စိန်တွေဟာ မိန်းကလေးတွေရဲ့ အနှစ်သက်ဆုံးမိတ်ဆွေဖြစ်ပြီး ခွေးတစ်ကောင်ကတော့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆုံးသူငယ်ချင်း ဖြစ်နေတယ်မဟုတ်လား။

ဗျူန်ရိုင်ဗာစ်

ပန်းကလေးတွေကတစ်ဆင့်

မိန်းမတွေဟာ စကားပြောကောင်းသူတွေ ဖြစ်ကြတယ်။ သူတို့ဟာ စကားပြောရတာကို သဘောကျသလို အများကြီးလည်း ပြောနိုင်ကြတယ်။ မိန်းမဦးနှောက်ထဲကစကားကို ထိန်းချုပ်ထားတဲ့ ဧရိယာနဲ့ တခြားအစိတ်အပိုင်းတွေဟာ တစ်ချိန်တည်းမှာ အလုပ်လုပ်နိုင်စွမ်း ရှိကြတယ်။ ဒါကြောင့်

မိန်းမတွေဟာ စကားပြောရင်း ဘာမဆိုလုပ်နိုင်ကြတာပေါ့။

ဒီအတွက် မိန်းကလေးတွေဟာ ယောက်ျားလေးတွေထက် နိုင်ငံခြားဘာသာစကားကို ပိုပြီး မြန်မြန်နဲ့ လွယ်လွယ်သင်ယူနိုင်ကြတယ်။ မိန်းကလေးတွေ သဒ္ဒါအထားအသို စာလုံးပေါင်း အားပိုကောင်းတတ်တာလည်း ဒါကြောင့်ပဲ။ အရေးအသားမှာလည်း မိန်းကလေးတွေဟာ ပိုပြီး ညက်ညော တတ်ကြတယ်လေ။

သုတေသနပြုချက်အရ ပြောရမယ်ဆိုရင် ဦးနှောက်အဝိုင်းခြမ်းနှစ်ခုအနက် စကားပြောမှုကို ထိန်းချုပ်ပေးတဲ့ လက်ဝဲဘက်ဦးနှောက်ခြမ်းကိုသာ ယောက်ျားတွေက အသုံးပြုလို့ရပြီး မိန်းမတွေကတော့ လက်ဝဲရော လက်ယာဦးနှောက်ခြမ်း နှစ်ဖက်စလုံးကို အသုံးပြုလို့ရနိုင်တယ် ဆိုပါတယ်။ အဲဒီသုတေသနအရ မိန်းမတွေရဲ့ လက်ဝဲဦးနှောက်ခြမ်းဟာ ယောက်ျားတွေထက် ဖွံ့ဖြိုးမှု ပိုပြီးမြန်တယ်တဲ့။ ဒါကြောင့် သူတို့က ယောက်ျားလေးတွေထက် စကားတတ်ပိုစောတာဖြစ်တယ်။

ပွဲလမ်းသဘင်တစ်ခုက ပြန်လာတယ်ဆိုပါစို့။ မိန်းကလေးတွေက အသေးစိတ်ပြန်ပြောပြနိုင်ကြတယ်။ ဘယ်သူတွေလာတယ်၊ ဘာတွေဝတ်စားကြတယ်။ ဘယ်သူက ဘယ်လိုဖြစ်တယ် စသဖြင့်ပေါ့။ ယောက်ျားလေးတွေကတော့ ကောက်ချက်တစ်ခုလောက်ပဲ ပေးနိုင်ကြလိမ့်မယ်။ "ဟာ ... တကယ်ကောင်းတဲ့ပွဲပါ"ဆိုတာလောက်ပါပဲ။


စကားတွေ၊ ဘာသာစကားတွေဟာ ယောက်ျားတွေရဲ့ဦးနှောက်မှာ ကျွမ်းကျင်မှု ရှိမလာတာ အမှန်ပါ။ သူတို့အတွက် လက်ဝဲဦးနှောက်ခြမ်းက သီးသန့်နေရာ သေးသေးလေးသာ သုံးခွင့်ရှိနေတာကိုး။ ယောက်ျားတွေ စကားပြောတဲ့အခါ ဦးနှောက်လက်ဝဲခြမ်းကို လှုံ့ဆော်လိုက်တယ်။ သူတို့ပြောစရာစကား ရှာကြတယ်။ ဒါပေမဲ့ အများကြီးမရနိုင်ကြဘူး။ ဒါကြောင့် ယောက်ျားတွေက စကားပြောမကောင်းကြတာပါပဲ။

ကျောင်းသားလူငယ်ကလေးတွေဟာ ကောင်မလေးတွေထက်စာရင် စကားပြောညံ့ဖျင်းကြတယ်။ ဒါကြောင့် အင်္ဂလိပ်စကားပြောနဲ့ အနုပညာဘာသာရပ်တွေမှာ သူတို့ရဲ့လုပ်ဆောင်နိုင်မှု အားနည်းကြတာကို တွေ့ရတယ်။ စကားပြောကောင်းတဲ့ ကောင်မလေးတွေရှေ့ကို ရောက်တဲ့အခါမှာလည်း သူတို့ကိုသူတို့ သိမ်ငယ်သလို ခံစားကြရလေရဲ့။ သူတို့စကားတွေ

ဟာ များသောအားဖြင့် ထောက်ခံမှုတွေဖြစ်မယ်၊ ဖရိုဖရဲတွေ ဖြစ်မယ်။ စကားတွေ တန်းစီရွတ်ပြတဲ့ ယောက်ျားလေးတွေရှိရင်လည်း ဒါဟာ အလွတ်ကျက်ထားတဲ့ ဒိုင်ယာလော့ခ်တွေပဲပေါ့။

ဗယ်လင်တိုင်းဒေး ချစ်သူများနေ့မှာ ပန်းရောင်းတဲ့ဆိုင်တွေကို ကြည့်ရင်း "ပန်းကလေးတွေကတစ်ဆင့် စကားပြောပါ"လို့ စာတမ်းချိတ်ထားတာတွေ့ရတယ်။ ဘာလို့ဆို ယောက်ျားလေးတွေအတွက် ပြောစရာစကားလုံးကရှားတတ်ခြေမို့ပဲ။ သူငယ့်ဟာ လက်ဆောင်ကဒ်ကလေးဝယ်ဖို့ မခဲယဉ်းပေမဲ့ အတွင်းမှာ ဘာရေးရမလဲဆိုတာကတော့ သူတို့အတွက် ဘေးကျပ်နံကျပ် ဖြစ်နေတော့တာပါပဲ။

ယောက်ျားတွေရဲ့ ဦးနှောက်သိုလှောင်မှု




ယောက်ျားတွေရဲ့ ဦးနှောက်မှာ အခန်းကဏ္ဍတွေ သီးခြားခွဲထားတယ်။ ဒါကြောင့် သူတို့ဟာ သတင်းအချက်အလက်တွေ၊ အစက်အစဲပြဿနာတွေကို သီးသန့်သိုလှောင် သိမ်းဆည်းထားနိုင်ကြတယ်။

ယောက်ျားလေးတွေရဲ့ လက်ျာဦးနှောက်ခြမ်းက မိန်းကလေးတွေထက် ဖွံ့ဖြိုးမှုပိုမြန်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် သူတို့က မိန်းကလေးတွေထက် ပိုပြီး ယုတ္တိဗေဒကျတယ်။ အကွာအဝေး ကွက်လပ် စတာတွေကို မှန်းဆနိုင်တယ်။ ထိုးထွင်းဉာဏ်ကောင်းတယ်။ ဒါကြောင့် သင်္ချာတွက်ချက်ရာမှာ၊ ပဟေဠိဝှက်ရာမှာ တုံးကလေးတွေ ဆက်ပြီး ကစားရာမှာ၊ အစက်အစဲ တစ်ခု ဖြေရှင်းရာမှာ မိန်းကလေးတွေထက် ပိုတော်တော်တတ်ကြတယ်။

တင်းကျပ်မှုနဲ့ ပြည့်နှက်နေတဲ့ နေ့တစ်နေ့ရဲ့အဆုံးမှာတော့

ယောက်ျားတွေရဲ့ ဦးနှောက်ထဲမှာ သိုလှောင်သိမ်းဆည်းထားတဲ့ အချက်အလက်တွေ အများကြီးရှိနေတယ်။ မိန်းမတွေမှာတော့ အဲဒီလို သိုလှောင်ထားနိုင်စွမ်းမရှိဘူးလို့ ဆိုတယ်။ မိန်းမတွေဟာ သောကပိစီးမှုတွေနဲ့ ခေါင်းထဲမှာ ရှာရှာလည်နေတတ်တယ်။ သူတို့ရဲ့ တစ်ခုတည်းသော နည်းလမ်းကတော့ ဝန်စံပြောင့်ချက်ပေးတဲ့ စကားမျိုး ပြောလိုက်ခြင်းပဲ။

တစ်နေ့တာအတွင်း မိန်းမတွေပြောခဲ့သမျှ၊ ဝေမျှပေးသမျှ သောကပြဿနာတွေကို ယောက်ျားတွေ ဘာမှကြားဖြတ်ဝေဖန်ချက်မပေးဘဲ နားထောင်နေတတ်ဖို့ လိုတယ်။ သူတို့ပြောတာ နားထောင်၊ သူ့ကို အားပေးရမှာပါ။

တကယ်ဆိုရင် မိန်းမတွေဟာ အစက်အစဲတွေကို ဖြေရှင်းနိုင်စွမ်းမရှိတာ အမှန်ပါ။ ကောက်ချက်လည်း မချနိုင်ဘူး၊ ပဟေဠိရဲ့ အဖြေကိုလည်း မရနိုင်ဘူး။ သူ့အကူအညီကို တောင်းခံလာမှာ မုချဆိုတာ ယောက်ျားတွေ သိဖို့လိုပါတယ်။

အဲဒီတော့မှ အကြံပေးတာ ယောက်ျားတွေအတွက် အကောင်းဆုံး ကိုင်တွယ်မှုပါပဲ။

## ဖိနပ်ကလေးရဲ့ ပဟေဠိ

အလန်နဲ့ ဘာဘာရာတို့ ပါတီပွဲတစ်ခုသွားဖို့ ပြင်ဆင်နေကြတယ်။ ဘာဘာရာက ဝတ်စုံတစ်ခုဝယ်ပြီးပြီလေ။ သူ့ကိုယ်သူ အလှဆုံးဖြစ်အောင် ပြင်ဆင်တော့မယ်။ သူ့မှာ ဖိနပ်ကလေးနှစ်ရံရှိတယ်။ တစ်ရံက အပြာနုရောင်လေး၊ တစ်ရံက ရွှေအိုရောင်လေး။ ဒါနဲ့ သူက အလန့်ကို မေးတယ်လေ။ ဒါဟာ ယောက်ျားတိုင်း ကြောက်တတ်တဲ့မေးခွန်းပေါ့။

"မောင်ရေ ... ဒီဝတ်စုံနဲ့ ဘယ်ဖိနပ်ကို စီးရမလဲဟင်"

အလန်တစ်ယောက် ကြက်သီးထသွားပါရော။ သူသိတယ်၊ သူတော့ ဒုက္ခရောက်ပြီဆိုတာကိုလေ။

"ဟို ... အင် ... အဲ ... မင်း ဘယ်ဟာမဆို ကြိုက်တယ်မဟုတ်လား" လို့ အထစ်ထစ် အငေါ့ငေါ့ ပြောမိလိုက်တယ်။

"အို ... လာပါဦး အလန်ရဲ့" ဘာဘာရာက စိတ်မရှည်သလို လှမ်းခေါ်တယ်။ ပြီးတော့ "ဘယ်ဟာက ပိုကြည့်ကောင်းသလဲ။ အပြာလား၊ ရွှေရောင်

လား"တဲ့။

အလန်လည်း တုန်တုန်ယင်ယင်ပြေလိုက်တယ်။ "ရွှေရောင်က ဝို ကောင်းမယ်ထင်တာပဲ"လို့။

ဒီတော့ ဘာဘာရာက "အပြာရောင်က ဘာဖြစ်လို့မကောင်းတာလဲ"လို့ မေးရော။ "ကျွန်မ မောင့်ကိုဝယ်ပေးတုန်းကလည်း မောင် မကြိုက်ဘူးမဟုတ် လား၊ ဘာဖြစ်လို့လဲ"

အလန်ဟာ အကျဉ်းအကျပ်ထဲကို ရောက်နေတဲ့သူလို ခံစားရတော့ တယ်။

"ကိုယ့်ထင်မြင်ချက်ကိုမလိုရင် ကိုယ့်ကို ဘာလို့မေးနေရသေးလဲကွာ" လို့ စိတ်ပျက်လက်ပျက် ပြောလိုက်တယ်။

သူပြောတာက အဖြေမဟုတ်ဘူးလေ။ ဘာဘာရာဟာ စကတည်းက ပါတီပွဲကို ဘာဝတ်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိပြီးသားပဲ။ သူလိုချင်တာ ထင်မြင်ချက်မဟုတ်ဘူး၊ ထောက်ခံမှု။

ဒါဟာ ယောကျ်ားနဲ့မိန်းမရဲ့အကြား ဆက်သွယ်မှုမှာ ထူးဆန်းသိမ် မွေ့တဲ့ ပဟေဠိတွေ ရှိနေတယ်ဆိုတာ ပြနေပါတယ်။

တကယ်မှာတော့ ...

အပြာရောင်လား၊ ရွှေအိုရောင်လားဆိုတဲ့ မိန်းမရဲ့မေးခွန်းကို ယောကျ်ားက လုံးဝဖြေစရာမလိုပါဘူး။

"အချစ်က လိုက်ဖက်အောင်ရွေးတတ်ပြီးသားပါကွာ၊ ခုလည်း အချစ် တစ်ရုံရွေးထားပြီးပြီ မဟုတ်လားလို့ ပြန်မေးရမှာ။ မိန်းမရဲ့ အုံအားသင့်မှုကို ကျေနပ်မှုနဲ့အတူ ရလာနိုင်တဲ့ ချဉ်းကပ်နည်းပေါ့။ အဲဒီအခါ ...

"အင်း ... ကျွန်မတော့ ရွှေအိုရောင်လေး ဝတ်သွားရကောင်းမလား လို့"ဆိုပြီး မရေမရာလေသံနဲ့ ပြောပါလိမ့်မယ်။

ဒါဟာ သူ ရွှေအိုရောင်ဖိနပ်ကလေးကို ဝတ်ဖို့ ရွေးချယ်ထားတယ် ဆိုတာ သေချာပြီလေ။

"ရွှေအိုရောင်လေးလား၊ ဘာဖြစ်လို့လဲဟင် အချစ်"

အဲဒီလို ဆက်မေးပစ်လိုက်ပါ။

"ဘာလို့ဆို ရွှေအိုရောင်က ပိုပြီးတန်ဖိုးတက်သလိုပဲလေ၊ အင်္ကျီကို လည်း ရွှေရောင်အဆင်ရွေးထားတယ်"လို့ သူက ဖြေလိုက်တဲ့အခါ ပါးနပ်တဲ့

ယောက်ျားဖြစ်ရင်

"သိပ်ကောင်းတဲ့ ရွေးချယ်မှုပဲကွာ၊ မင်းကိုတော့ တကယ့်ကို လက်ဖျားခါတယ်။ ကိုယ် သိပ်ကြိုက်တဲ့အဆင့်မျိုး မင်း ရွေးချယ်တတ်လိုက်တာ"လို့ ပြောရမယ်။

ဒါမှလည်း အဲဒီညဟာ ကောင်းသောည ဖြစ်လိမ့်မယ်။

## အခန်း (၄)
## စကားပြောခြင်းနှင့် နားထောင်ခြင်း





ယောက်ျားလေးတွေဟာ မိန်းကလေးတွေထက် စကားပြောနှေးကြသလို စကားလည်း နည်းကြတယ်။ မိန်းမတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် စကားပြောကောင်းတဲ့ ယောက်ျားဟာ ရာခိုင်နှုန်းအလွန်နည်းတာ တွေ့ရတယ်။ ကလေးဘဝမှာကတည်းက မိန်းကလေးတွေဟာ စကား စ,ပြောရာမှာ


ယောက်ျားလေးတွေထက် စောရုံတင်မကဘူး။ သုံးနှစ်သမီးကလေး တစ်ယောက်ဟာ သုံးနှစ်သားထက် စကားနှစ်ဆ ပြောတတ်နေတာ တွေ့ရတယ်။

တချို့မိဘတွေက ဒါကို သိပ်စိတ်ပူတတ်တယ်။ ဒီယောက်ျားလေးရဲ့ အထက်ကမွေးထားတာ မိန်းကလေးဖြစ်နေရင် ပိုပြီးစိုးရိမ်တတ်တယ်။

သုတေသနပြုချက်တွေအရ ကြည့်မယ်ဆိုရင် ယောက်ျားနဲ့မိန်းမ အသီးသီးရဲ့ဦးနှောက်မှာ စကားနဲ့ ဘာသာစကား ထိန်းချုပ်ရာ ဧရိယာကိုက မတူတာတွေ့ရပါတယ်။ ၁၉၉၉ လန်ဒန်က စိတ်ပညာတက္ကသိုလ်ရဲ့ သုတေသနပြုချက်ကို ပုံမှာကြည့်ပါ။



ယောက်ျား၏စကားနှင့် ဘာသာစကား ထိန်းချုပ်ရာ ဧရိယာများ
[အမည်းရောင်ဧရိယာများ]



မိန်းမ၏စကားနှင့် ဘာသာစကားထိန်းချုပ်ရာ ဧရိယာများ
[အမည်းရောင်ဧရိယာများ]

### ယောက်ျားလေးစကားနည်း မိန်းကလေးစကားများ

သုတေသနပြုချက်တွေအရ မိန်းကလေးဖြစ်ရင် လေးရက်သားအရွယ် ကလေးတောင်မှ စကားသံကို ခွဲခြမ်းစိတ်ဖြာတတ်တယ်တဲ့။ လေးလရောက်ရင် သူတို့က နှုတ်ခမ်းလှုပ်တတ်ပြီ၊ စကားတွေပြောချင်လာပြီ။ အသံတွေနဲ့လည်း ရင်းနှီးလာပြီ။ တစ်နှစ်ပြည့်ပြီဆိုရင်တော့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို သိလာပြီလေ။ တစ်နှစ်ခွဲဆို တချို့မိန်းကလေးတွေ စကားစပြောပြီ။ အသက် ၂ နှစ်ရောက်ရင်တော့ စကားလုံး ၂၀၀၀ လောက် သူတို့ ပြောတတ်နေပြီပေါ့။

မိန်းကလေးတွေရဲ့ ဦးနှောက်မှာ ဘာသာစကားနဲ့ပတ်သက်ရင်လည်း ယောက်ျားလေးတွေထက် ပိုပြီး ထိန်းချုပ်ဧရိယာများတာမို့ နိုင်ငံခြားဘာသာသင်တဲ့ ဆရာမဦးရေဟာ ဆရာဦးရေထက် ပိုများတဲ့အကြောင်း သုတေသနပြုထားတာ တွေ့ရတယ်။

| ဘာသာရပ် | ဆရာဦးရေ | မိန်းမ ရာခိုင်နှုန်း | ယောက်ျား ရာခိုင်နှုန်း |
|---|---|---|---|
| စပိန် | ၂၇၀၀ | ၇၈ | ၂၂ |
| ပြင်သစ် | ၁၆၂၀၀ | ၇၅ | ၂၅ |
| ဂျာမန် | ၈၁၀၀ | ၇၅ | ၂၅ |
| ဒရာမာ | ၈၉၀၀ | ၆၇ | ၃၃ |
| အခြားဘာသာစကား | ၁၃၀၀ | ၇၀ | ၃၀ |

### ဝါကျနှင့် ဝေါဟာရများ

မိန်းမတွေရဲ့ လက်ဝဲ၊ လက်ယာဦးနှောက်အပိုင်းခြမ်း နှစ်ခုကြားမှာ သတင်းစီးဆင်းမှု သိပ်အားကောင်းတာကို တွေ့ရပါတယ်။ အထူးသဖြင့် စကားပြောခြင်းကို ထိန်းချုပ်ထားတဲ့နေရာတွေမှာပေါ့။

ဒီတော့ မိန်းမတွေဟာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ သီးခြားဘာသာရပ်တွေကို ဆက်တိုက်ပြောနိုင်ကြတယ်။ တချို့ဆိုရင် ဝါကျတစ်ကြောင်းတည်းမှာကိုပဲ အကြောင်းအရာ နှစ်မျိုးသုံးမျိုး ထည့်ပြောသွားတတ်ကြတယ်။

ဘာနဲ့တူသလဲဆိုရင် ဘောလုံးသုံးလေးလုံးကို အောက်မကျအောင်

ဖမ်းကစားသလိုမျိုးလေ။

ဒါတင်မကသေးဘူး၊ မိန်းမအချင်းချင်းဟာလည်း စကားမှာယှာ ပြိုင်တတ်ကြသေးတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားနိုင်လုကြပုံများ ဘောလုံးအောက်မကျအောင် ပြိုင်တမ်းကစားနေတယ်လို့ ထင်ရတယ်။ သူတို့အတွက်ကတော့ ဒီကိစ္စဟာ သိပ်တောင်အားထုတ်စရာ မလိုသလိုပဲ။

အဲဒီလိုကိစ္စမျိုးတွေကို ယောက်ျားတွေကတော့ လုံးဝစိတ်မဝင်စားဘူးလေ။ သူတို့က တစ်ချိန်မှာ တစ်ဘာသာကိုပဲ အားသန်ကြတာကိုး။

ယောက်ျားတွေရဲ့ ဝါကျတွေဟာ မိန်းမတွေထက် ပိုပြီးတိုတောင်းပြတ်သားတိကျတတ်တယ်။ သူတို့ဟာ ရိုးရိုးဖွင့်၊ ရှင်းရှင်းညွှန်း၊ ပြတ်ပြတ်အပြေထုတ်တတ်တယ်။ သူတို့ ဘာကိုဆိုလိုတယ်ဆိုတာ လွယ်လွယ်လေးနဲ့ သိနိုင်တတ်ပါတယ်။

ယောက်ျားတွေဟာ မိန်းမတွေရဲ့ ရှုတ်ယှက်ခတ်နေတဲ့ ကိစ္စတွေအတွက် အမြဲခေါင်းရှုပ် ဦးနှောက်ခြောက်ရလေ့ရှိတယ်။ မိန်းမတွေ နားလည်သဘောပေါက်ရမယ့် အရေးကြီးတဲ့အချက်က သူတို့ကို အကြောင်းအရာကိစ္စတွေ အများကြီးနဲ့ သွားပြီး မဖမ်းစားနိုင်ဖို့ပဲ။

တစ်ချိန်တည်းမှာ တစ်မျိုးတည်းသော အကြောင်းကို ရှင်းရှင်းကလေးပေးရမယ်၊ တောင်းရမယ်။ ဒါမှလည်း သူ သဘောပေါက်လာနိုင်လိမ့်မယ်။

သူ့ကို ဘောလုံးတွေအများကြီး ဖမ်းခိုင်းသလို အကြောင်းအရာတွေတစ်ခါတည်းပြောရင်တော့ သူ ဘာမှရလိုက်မှာ မဟုတ်တော့ဘူးလေ။

မိန်းမတွေ ပါးနပ်ဖို့လိုတဲ့အချက် တစ်ခုပါပဲ။

## ယောက်ျားတွေက စကားလုံးကြီးကြီးကြိုက်တယ်

ယောက်ျားတွေအတွက် စကားလုံးဝေါဟာရ Vocabulary ရွေးချယ်ရာမှာ မိန်းမတွေနဲ့ ခြားနားတဲ့အချက်ရှိတယ်။


သူတို့ရဲ့ဝေါဟာရ သိုလှောင်ရာနေရာဟာ ဦးနှောက်လက်ဝဲခြမ်းရဲ့ဘက်မှာရှိပြီး သတင်းအချက်အလက်များများနဲ့ စကားလုံးနည်းနည်းသာ ထိန်းထားနိုင်တယ်။

မိန်းမတွေမှာကတော့ ထိန်းချုပ်ဧရိယာတော့ များပါရဲ့၊ ဒါပေမဲ့ သိပ်ပြီး မထက်သန် အားမကောင်းဘူး။ ဒါကြောင့် မိန်းမတွေဟာ အရေးမကြီးတဲ့

စကားတွေ များများပြောပြီး ယောက်ျားတွေကတော့ စကားလုံးကြီးကြီးတွေ ရွေးချယ်တတ်ကြတာဖြစ်တယ်။

ဒွာန်ကရိုက်ကျကျ၊ ရှင်းရှင်းလင်းလင်း၊ ပီပီသသ ရွတ်ဆိုနိုင်တာ ယောက်ျားတွေပါပဲ။

မိန်းမတွေကတော့ စကားလုံးတွေကို ဆုလာဘ်တစ်ခုလို သဘော ထားကြတာပါ။



ယောက်ျားဦးနှောက်ရှိ ဝေါဟာရထိန်းချုပ်ရာ။

မိန်းမတစ်ယောက် သင့်ကို စကားများများ ပြောပြီဆိုရင် သူက သင့်ကို သဘောကျတယ်လို့ ယူဆနိုင်ပါတယ်။ သူက စကားမပြောဘူးဆိုရင်တော့ သင် ဒုက္ခရောက်ပြီသာမှတ်တော့။

**အသံတိတ်ပြစ်ဒဏ်**

မိန်းမတွေဟာ သူတို့ပါဝင်ပတ်သက်ရင်းနှီးလိုတဲ့အခါ စကားတွေ အများကြီးပြောတတ်ကြတယ်။ မိန်းမတစ်ယောက် စကားများများပြောပြီဆိုရင် သူ သဘောကျလို့သာ မှတ်ပေတော့။ မိန်းမက စကားမပြောဘူးဆိုရင် ဒုက္ခတွေ့ပြီနော်။

မိန်းမတွေအတွက်မှာ စကားဟာ သိသာထင်ရှားတဲ့ ရည်ရွယ်ချက် တစ်ခုပါပဲ။ ရင်းနှီးမှု တည်ဆောက်လိုတဲ့အခါမျိုး၊ မိတ်ဆွေဖွဲ့လိုတဲ့အခါမျိုးမှာ စကားကို အသုံးချလေ့ရှိကြတယ်။

ဒါပေမဲ့ မိန်းမတွေဟာ အစက်အခဲကို ဖြေရှင်းရမယ့်နေရာမျိုးမှာတော့ ရေငုံနှုတ်ပိတ်နေတတ်ကြပြန်ရော။

ယောက်ျားတွေအတွက်ကတော့ စကားမပြောခြင်းဟာ သဘာဝကျတဲ့ ပြည့်ဝမှုတစ်ခုပါပဲ။ ယောက်ျားတွေအဖို့ စကားပြောတယ်ဆိုတာဟာ ရှင်းလင်းတာပါပဲ။

သူတို့ဟာ တယ်လီဖုန်းကို သတင်းအချက်အလက်တွေ ပို့ဆောင်ဖို့

ကြားခံပစ္စည်းတစ်ခုလိုပဲ သဘောထားတတ်ကြတယ်။ ပြောစရာတစ်ခုခု ရှိတဲ့အခါမှသာ သုံးတတ်တာ။

မိန်းမတွေကတော့ မဟုတ်ပါဘူး။ တယ်လီဖုန်းကို ရည်နှောင်ဆက်သွယ်မှု ကိရိယာလို့ မြင်ကြတယ်။ ဒါကြောင့် မိန်းကလေးတွေဟာ တယ်လီဖုန်းအလာကို ယောက်ျားတွေထက် ပိုပြီးမျှော်လင့်တတ်ကြတယ်။

မိန်းကလေးတစ်ယောက် သူ့သူငယ်ချင်းကောင်မလေးနဲ့ ရက်နှစ်ပတ်အလည်ခရီးထွက်ပြီး အိမ်ပြန်ရောက်တာနဲ့ အဲဒီသူငယ်ချင်း မိန်းကလေးကိုပဲ နှစ်နာရီကြာ ဖုန်းစကားပြောနိုင်တယ်။ ဒါ မိန်းမသဘာဝတဲ့လေ။

တစ်ခုတော့ရှိတယ်။ မိန်းမတစ်ယောက်က သင့်ကို သံယောဇဉ်အမျှင်တန်းနေတုန်းပဲဆိုရင် ပြင်းပြင်းထန်ထန် သတိပေးတဲ့စကားကိုသာ ပြောလိမ့်မယ်။ "နောက်တစ်ခါဆိုရင်တော့ ကျွန်မ ရှင့်ကို စကားလုံးဝပြောတော့မှာ မဟုတ်ဘူးနော်" ဆိုတာမျိုးပေါ့။

စက်တာက ယောက်ျားတစ်ယောက်အနေနဲ့ သူ့ကိုပေးလိုက်တဲ့ အသံတိတ် ပြစ်ဒဏ်ကို ချက်ချင်းသဘောမပေါက်နိုင်ဘူးဆိုပဲ။

"ဒါဟာ ငါ့ကို ဒဏ်ပေးနေတာပါလား"ဆိုတာကို ကိုးမိနစ်ဝန်းကျင်လောက်ကျမှ နားလည်သွားတတ်သတဲ့။ အဲဒီကိုးမိနစ် မပြည့်ခင်အချိန်အထိမှာတော့ သူက တော်တော့်ကို သဘောကျနေတာ။ မိန်းမရဲ့တိတ်ဆိတ်မှုဟာ သူ့အတွက် ဆုလာဘ်တစ်ခု ရလိုက်သလိုမျိုး အောက်မေ့မိတာကိုး။

ငါတော့ ငြိမ်းချမ်းရေးရပြီ ဆိုပြီးတော့လေ။

**မိန်းမတွေက သွယ်ဝိုက် Indirect**

**ယောက်ျားတွေက တိုက်ရိုက် Direct**

သုတေသနပြုချက်တွေအရ မိန်းမတွေဟာ စကားပြောရင် ဒဲ့ဒိုးပြောလေ့ မရှိဘဲ သွယ်ဝိုက်ပြောတတ်ကြတယ်လို့ ဆိုပါတယ်။ လမ်းကို ကွေ့ကွေ့ကောက်ကောက်သွားပြီး တောင်ပေါ်ကိုရောက်အောင် လှည့်ပတ်တက်သွားသလိုမျိုးပေါ့။

ဥပမာ – ရွှန်က ကားမောင်းတာအပေါ် အာရုံပိုစိုက်လို့ရအောင် ရေဒီယိုခလုတ်ကို ပိတ်လိုက်တယ်။ သူ့အနေနဲ့ သီချင်းနားထောင်ရင်း ကားမောင်းလို့ မရနိုင်ဘူးလေ။

အဲဒီမှာ သူ့နဘေးက အယ်လီဆန်က "ဂျွန်၊ ကော်ဖီတစ်ခွက်လောက် သောက်ပါလား"လို့ ပြောလိုက်တယ်။ ဂျွန်က ပြုံးပြီး "မသောက်တော့ဘူး၊ ကျေးဇူးပဲ၊ ကိုယ် အဆင်ပြေပါတယ်"လို့ ပြန်ပြောတယ်။ သူ့စိတ်ထဲမှာလည်း အယ်လီဆန်ရဲ့မေးခွန်းအပေါ် သဘောကျ ကျေနပ်နေတယ်။

အဲဒီစဏမှာပဲ ဂျွန်ဟာ သူ့ကို စကားပြောရပ်သွားတဲ့ အယ်လီဆန်ကို သတိထားမိသွားတယ်။ သူ ဘာများမှားသွားပါလိမ့်လို့ တွေးမိတယ်။ သူက "အားလုံးအဆင်ပြေရဲ့လား ဒါလင်"လို့ မေးခွန်းထုတ်လိုက်တဲ့အခါ အယ်လီဆန်က မာဆတ်ဆတ် အသံပြတ်နဲ့ "ပြေရတာပေါ့"တဲ့။ စိတ်ရှုပ်သွားတဲ့ ဂျွန်က "ဒါဖြင့် ဘာပြဿနာများ ရှိလို့လဲ"လို့ ထပ်မေးပြန်တယ်။ သူမက ငေါ့တော့တော့လေသံနဲ့ "ရှင် စုထိ မရပ်သေးဘူးလား"လို့ ပြောလိုက်တယ်။

ဂျွန် နားလည်မှုမရှိတာက အယ်လီဆန်ပြောတဲ့ မရပ်သေးဘူးလား ဆိုတာလေ။ သူ့ကို ကော်ဖီမသောက်ချင်ဘူးလားလို့ မေးတာဟာ ကားကို စဏရပ်ခိုင်းတာမှန်း သူက မသိဘူး။ တကယ်တော့ သူမက အပေါ့အပါး သွားချင်လို့ သဲလွန်စပေးလိုက်တာလေ။

ယောကျ်ားတွေဟာ မိန်းမတွေရဲ့ သွယ်ဝိုက်စကားကို မခွဲခြမ်း မစိပ်ဖြာ တတ်တာ တော်တော်ခက်တယ်။ ဒါမျိုး မိန်းမအချင်းချင်းကျတော့ သိကြတယ်လေ။ တစ်ယောက်ကိုတစ်ယောက် အတော်နားလည် သဘောပေါက်အောင် ကြိုးစားယူဖို့ လိုလိမ့်မယ်။

ယောကျ်ားတွေရဲ့ ဝါကျကတော့ တိုတယ်၊ တိုက်ရိုက်ကျတယ်၊ ကောက်ချက်ချတာတွေ ပါတယ်၊ ညွှန်ကြားချက်တွေ ပါတယ်။ သူတို့က မရှိဘူး၊ မဟုတ်ဘူး၊ လုံးဝအပြတ်ပဲဆိုတဲ့ စကားလုံးတွေကို သုံးနှုန်းကြတယ်။

**အောက်ပါစကားပြောတွေကို နှိုင်းယှဉ်စဉ်းစားကြည့်ပါ။**

၁။ မနက်စာအတွက် ကြက်ဥမွှေကြော် သွားလုပ်ခဲ့ပါ။

၂။ မနက်စာအတွက် ကြက်ဥမွှေကြော် ငါ့ကို လုပ်ပေးပါလား၊ မင်းရော။

၃။ တစ်ဆိတ် မနက်စာ ငါ့အတွက် ကြက်ဥမွှေကြော် လုပ်ပေးမယ် မဟုတ်လား။

၄။ ငါတို့ မနက်စာအတွက် ကြက်ဥမွှေကြော် စားရင်ကောင်းမယ်လို့ မင်း မထင်ဘူးလား။

၅။ မနက်စာအတွက် ကြက်ဥမွှေကြော်စားရရင် ကောင်းမလား။
၆။ မနက်စာအတွက် ကြက်ဥမွှေကြော်ဆိုရင် မင်း ကြိုက်မလား။

ကဲ … ဒီမေးခွန်း ၆ ခုကို ကြည့်ပါ။ ပထမ ၃ ခုဟာ တိုက်ရိုက်ပြောတာ ဖြစ်ပြီး ဒါကို ယောက်ျားတွေက သုံးလိမ့်မယ်။ နောက် ၃ ခုကတော့ သွယ်ဝိုက်ပြောတဲ့ မိန်းမတွေရဲ့ အသုံးအနှုန်းပေါ့။

ဒီကိစ္စ လွယ်လွယ်ကလေးပြီးရမယ့်ဟာ။ တစ်ခါတစ်ရံ ရန်ပွဲနဲ့ အဆုံးသတ်တာမျိုး ဖြစ်သွားလေ့ရှိတယ်။

"ဘာမှမသိဘူး၊ ရှင် နလပိန်းတုံးပဲ။ ရှင့်ဟာရှင် သွားလုပ်ပေါ့"

"မင်း ဘာမှမဆုံးဖြတ်တတ်ဘူး၊ အလကားပဲ။ ငါ မက်ဒေါနယ်ဆိုင်ပဲ သွားတော့မယ်"

ဆိုတာတွေနဲ့ ပြီးသွားတတ်တယ်။

## မှုရင်းအဓိပ္ပာယ် ရှာရင်းရှာရင်းလည်

ယောက်ျားတွေအဖို့ မိန်းမတွေနဲ့ပဲဖြစ်ဖြစ်၊ ယောက်ျားအချင်းချင်းပဲဖြစ်ဖြစ် ယှဉ်ပြိုင်ပြောရတော့မယ်ဆိုရင် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ သူတို့အတွက် အရေးကြီးတဲ့ နည်းဗျူဟာတွေ ဖြစ်လာတော့တာပဲ။

ယောက်ျားတစ်ယောက် အင်နဲ့အားနဲ့ ထိုးဖောက်မှုတစ်ခု ပြုရတော့မယ်ဆိုရင် သူတို့ရဲ့ အခြေခံလိုအပ်ချက်ဟာ စစ်မြခ်ပါပဲ။ မူရင်းအဓိပ္ပာယ်ဆိုပါတော့။ ဒါကိုမသိဘဲ လူတွေနားလည်အောင် သူ ဘယ်လိုမှ ရှင်းပြနိုင်မှာမဟုတ်ဘူး။ ယောက်ျားတွေဟာ မိန်းမတွေရဲ့စကားကို အနက်ဖွင့်ဖို့ ကြိုးစားရင်းနဲ့ ဒုက္ခတွေ့ကြရတာပဲ။

မိန်းမတွေကတော့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ ဆိုလိုရင်း အနက်တွေကို စိတ်မဝင်စားတတ်ကြဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဦးနှောက်အပိုင်းခြမ်း နှစ်ခုစလုံးရဲ့ ရှေ့ဘက်မှာရှိတဲ့ ဝေါဟာရထိန်းချုပ်တဲ့ နေရာတွေဟာ စွမ်းရည်ထက်မြက်မှုမရှိတဲ့အတွက်ပါပဲ။ ဒါပေမဲ့ သူတို့ဟာ အသံရဲ့ အတိမ်အနက်တွေကို အဓိပ္ပာယ်ဖော်တဲ့နေရာမှာတော့ ကျွမ်းကျင်တတ်ကြပါတယ်။ ရင်ခုန်သံကို ဘာသာပြန်တတ်ကြတာ မိန်းမသားတွေပါ။ သူတို့ဟာ စကားလုံးမပါတဲ့ စိတ်ခံစားမှုကို အမူအရာကြည့်ပြီး ဖတ်နိုင်တတ်ကြလေရဲ့။

မိန်းမတွေရဲ့ ဦးနှောက်ထဲမှာ ဝေါဟာရတွေ အရေးမပါဘူးဆိုတာ သိရင် စကားလုံးတွေရဲ့ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို သူတို့ မခံစားတတ်ဘူးဆိုတာ သိနိုင်မှာပါ။ သူတို့ဟာ စကားလုံးတွေကို ခွဲခွဲခြားခြား မပြော တတ်ကြဘူးလေ။ စကားတွေ အများကြီးသာ ပြောပြီး ထိထိမိမိ မရှိကြဘူး။

ယောကျ်ားတွေရဲ့အပြစ်ကတော့ မိန်းမတွေပြောလာတဲ့ စကားလုံးတွေကို ရှင်းရင်းရှင်းရင်းနဲ့ပဲ တုံ့ပြန်နေရတော့တာပဲ။

အငြင်းအခုန်ဖြစ်ကြပြီဆိုရင် မိန်းမတစ်ယောက်ကို အနိုင်ရဖို့ မလွယ်လှဘူးနော်။ အဲဒီမှာ စိတ်မရှည်တဲ့ယောကျ်ားတွေ လက်ပါပြီး ရန်ပွဲက ကြီးလာတော့တာ။

ကျွန်မ ဥပမာတစ်ခု ထပ်ပေးပါမယ်။ အကဲခတ်လေ့လာကြည့်ကြပါ။

ရွှေဘီ – ကျွန်မ ဘာပြောပြော ရှင် လုံးဝသဘောမတူဘူးပေါ့လေ။

ဥာန် – လုံးဝဆိုတာ ဘာအဓိပ္ပာယ်လဲ၊ မင်း ခုနကပြောတဲ့အထဲမှာ အချက်နှစ်ချက်ကို ကိုယ် သဘောတူခဲ့တာ မဟုတ်ဘူးလား။

ရွှေဘီ – ရှင် အမြဲတမ်း ကျွန်မနဲ့ ဆန့်ကျင်နေတာပဲ၊ ရှင် အမြဲတမ်း ကျွန်မကို တိုက်ခိုက်ချင်နေတာပဲ။

ဥာန် – ဟော …၊ မဟုတ်ဘူးနော်၊ ကိုယ် မင်းကို အမြဲတမ်း မဆန့်ကျင်ပါဘူး။ ဒီမနက်လည်း မင်းကို ကိုယ် ခွင့်ပြုခဲ့တာပဲ။ မနေ့ညကလည်း ကိုယ် ခွင့်ပေးခဲ့တာပဲ။ ပြီးခဲ့တဲ့စနေနေ့က ရော ကိုယ် လက်ခံခဲ့တာပဲ မဟုတ်လား။ ဘာကြောင့် ကိုယ်က အမြဲတမ်း ဆန့်ကျင်နေတယ်လို့ ပြောရတာလဲ။

ရွှေဘီ – ရှင်ပြောတာ ကျွန်မက အချိန်တိုင်း အနိုင်ယူနေတယ်ပေါ့၊ ဟုတ်လား။

ဥာန် – မင်း မညာနဲ့နော်၊ ကိုယ်ပြောတဲ့အထဲမှာ အချိန်တိုင်းလို့ မပါဘူး။

ရွှေဘီ – ရှင်က အမြဲတမ်း ဆန္ဒရှိမှ ကျွန်မကို ဂရုစိုက်တဲ့သူ။

ဥာန် – အပိုစကားတွေရပ်ကွာ၊ ကိုယ်က အမြဲတမ်း ဆန္ဒရှိနေတဲ့ကောင် မဟုတ်ဘူး။

ရှဘီက ဆက်ပြီး ငြင်းခုံနေဦးမှာပဲ။ ဂျွန့်ကို တိုက်ခိုက်ဖို့ စဉ်းစားနေမှာပဲ။

ဂျွန်ကလည်း ရှဘီ့စကားလုံးတွေကို အဓိပ္ပာယ်အတိအကျကောက်ပြီး လိုက်ဖြေနေရတာနဲ့ ဒုက္ခရောက်နေမှာပဲ။ ဒီငြင်းခုံပွဲဟာ ပြီးဖို့မလွယ်လှဘူး။ မိန်းမကလည်း မလျှော့၊ ယောက်ျားကလည်း တင်း၊ ဒီလိုနဲ့ စာတ်လမ်းပြတ်ကြရမယ့်ကိန်း ဆိုက်နေပြီ။

တကယ်တော့ ဒီပွဲလေး အောင်မြင်ချင်ရင် လွယ်ပါတယ်။ ယောက်ျားတွေ နားလည်ပေးကြဖို့ပါပဲ။ မိန်းမတွေဟာ သူတို့စကားအပေါ် သူတို့ တကယ့်ကို အဓိပ္ပာယ်မဖော်နိုင်ဘူး ဆိုတာလေ။ ဒီတော့ ပြောသမျှကို လုံးစေ့ပတ်စေ့ လိုက်ပြီး အဓိပ္ပာယ်ကောက်နေဖို့ မလိုပါဘူး။ မိန်းမတွေဟာ သူတို့စကားရဲ့ အသံအတိမ်အနက်ကို သူတို့ဘာသာ စဉ်းစားဖြစ်ကြတာမှ မဟုတ်တာ။ ယောက်ျားတွေကသာ အနက်ကောက်ရင်း ဒုက္ခရောက်ကြရတာ။

ကျွန်မ နောက်ဥပမာတစ်ခု ပေးပါဦးမယ်။

မေနဲ့မောင် ပွဲလမ်းသဘင်တစ်ခုကို အတူတူသွားကြသတဲ့။ အလှပဆုံး ပြင်ဆင်လာတဲ့ မေဟာ သူ ထိုင်ခွင့်ရလိုက်တဲ့နေရာ သူ့နည်းတူ ပြင်ဆင်ဝတ်စားလာတဲ့ မိန်းမတစ်ယောက်နဲ့ ဘေးချင်းကပ်လျက် ဖြစ်နေပါရော။

အဲဒီမှာ မေက "အမလေး ... ငါတော့ သေသာသေလိုက်ချင်တော့တာပဲ။ ဒီထက်ဆိုးတဲ့အဖြစ် မရှိတော့ပါလားနော်"လို့ ညည်းညူလိုက်တယ်။

မေက ပြောသာပြောလိုက်တာနော်။ သူ တကယ်သေချင်တာမှ မဟုတ်ဘဲ။ ဒီထက်ဆိုးတဲ့ အဖြစ်ဆိုတာကိုလည်း အဓိပ္ပာယ်ရှိရှိ ပြောလိုက်တာမျိုး မဟုတ်ဘူး။ သူ့ရဲ့ လတ်တလောခံစားချက်ကို ပုံဖော်လိုက်တဲ့ စကားပါ။

ခက်တာက မောင်။ သူက အဓိပ္ပာယ်လိုက်ကောက်ပြီး အားပေးလိုက်သတဲ့လေ။

"မလုပ်ပါနဲ့ကွာ၊ မသေချင်ပါနဲ့ဦး၊ လောကမှာ ဒီထက်ဆိုးတဲ့အဖြစ်တွေ အများကြီးပါ"

ကဲ ... ဒီစကား၊ ယောက်ျားပြောပုံက ရိုးရိုးလေးရယ်။ မိန်းမကတော့ သူ့ကို ငေါ့တော့တော့ပြောတယ်လို့ ခံယူလိုက်တယ်။

အဲဒီမှာ ရန်ပွဲက စပါလေရော။

ဒီဥပမာနှစ်ခုကို စဉ်းစားကြည့်ရအောင်လား။ မိန်းမနဲ့ ယောက်ျား

နားလည်မှုလွဲမှားတဲ့ အမှတ်သင်္ကေတတွေ ရှိနေကြတယ်ဆိုတာ သိသာနေပြီနော်။

မိန်းမတွေသိဖို့လိုတာက ယောကျ်ားတစ်ယောက်ကို အနိုင်ရချင်တယ်ဆိုရင် ယုတ္တိရှိရှိ ငြင်းတတ်ဖို့ အရေးကြီးတယ်ဆိုတာပဲ။ သူ့ကို တစ်ချိန်မှာ စဉ်းစားစရာတစ်ခုကိုပဲ ပေးရမယ်။ တောင်စဉ်ရေမရ လျှောက်ပြောနေရင် သူတို့ ခေါင်းထဲကို တစ်ခုတစ်ရာ မရောက်နိုင်သလို ဘာအချိတ်အဆက်မှလည်း မိလိုက်မှာမဟုတ်ဘူးဆိုတာ သိရလိမ့်မယ်။

ယောကျ်ားတွေ သိဖို့လိုတာကတော့ မိန်းမတစ်ယောက်ကို အနိုင်ရချင်တယ်ဆိုရင် သူ့စကားတွေအပေါ် ဗွေမယူ အကျမကောက်ဘဲ နေတတ်အောင် လေ့ကျင့်ရမယ်ဆိုတာပါပဲ။ ပြိုင်ငြင်းနေလို့ကတော့ ဘယ်တော့မှ နိုင်မှာမဟုတ်ဘူး။

## ယောကျ်ားနားထောင်လာအောင်

အချိန်ပေးပါ။ ကိစ္စတစ်ခုကိုပဲ ပြောပါ။ သူ့ကို အချိန်သတ်မှတ်ပေးပြီး သင့်အနေနဲ့ ဘာအကြံဉာဏ်၊ သုံးသပ်ချက်ကိုမှ မလိုချင်ကြောင်း ကြိုပြောထားပါ။

"အလန်၊ ညစာစားပြီးရင် စကားအားလားဟင်။ ရှင့်ရဲ့အကြံဉာဏ်၊ ဝေဖန်ချက်တွေ မလိုပါဘူး။ ကျွန်မပြောတာလေး နားထောင်ပေးရင် ရပါပြီ" ဆိုတာမျိုးပေါ့။ ဒီလိုပြောတာကို ယောကျ်ားတော်တော်များများက လက်သင့်ခံတတ်ပါတယ်။

## နားထောင်ချိန် ဆယ်စက္ကန့်


မိန်းမတွေဟာ စကားပြောတဲ့အသံရဲ့ အနေအထား အနိမ့်အမြင့်ကို လိုက်ပြီး ပြောသူရဲ့ ရင်တွင်းခံစားချက်ကို ဖတ်တတ်ကြတယ်လို့ ဆိုခဲ့ပြီးပါပြီ။

စံနမူနာပြရရင် မိန်းမတစ်ယောက်ဟာ ပျမ်းမျှအားဖြင့် အကြောင်းအရာ ပော်ပြချက်ခြောက်မျိုးကို ဆယ်စက္ကန့်အတွင်း နားထောင်ပြီး ပြောသူရဲ့ စိတ်ခံစားချက်အတိုင်း ကူးယူခံစားနိုင်တတ်တယ်လို့ ဆိုပါတယ်။

သူတို့ရဲ့မျက်နှာဟာ မှန်တစ်ချပ်လိုပဲ။ ပြောသူရဲ့ခံစားမှုအလိုက် လိုက်ပြောင်းသွားတတ်တယ်လေ။ တစ်ယောက်ယောက်ကများ နံဘေးကနေ

ကြည့်ရင် သူတို့နှစ်ဦး ထပ်တူထပ်မျှ ခံစားနေကြရသလိုပဲ မြင်ရပါလိမ့်မယ်။

ဒီပုံတွေကတော့ ဆယ်စက္ကန့်အတွင်း မိန်းမတစ်ယောက်ရဲ့ နားထောင်နိုင်စွမ်းအပေါ် ပြောင်းလဲသွားတဲ့မျက်နှာတွေပါ။





ဒါဟာ ယောက်ျားတွေသိဖို့လိုတဲ့အချက်ပါ။ မိန်းမတစ်ယောက်ရဲ့ အာရုံစူးစိုက် စိတ်ဝင်စားမှုကိုရဖို့ ဘာလုပ်ရမလဲဆိုတာလေ။ ယောက်ျားတော်တော်များများဟာ သူ့စကားကို နားထောင်ရင်း ပြောင်းလဲသွားတဲ့ မိန်းမရဲ့မျက်နှာကို ပုံမဖော်တတ်ကြဘူး။ ဒီတော့ သူတို့အတွက် အလားအလာကောင်းတွေ ဆုံးရှုံးရတာပေါ့။ မိန်းမတွေ စိတ်ပျက်အောင် လုပ်ကြတာ ယောက်ျားတွေပဲလေ။ ချွင်းချက်တော့ရှိရဲ့။ အနုပညာရှင် အမျိုးသားတွေအဖို့မှာတော့ အဲဒီခံစားချက် ပြောင်းလဲမှုတွေကို ခွဲခြားပုံဖော်နိုင်စွမ်း ရှိကြတယ်လို့ ဆိုတယ်။

## ကျောက်ရုပ်လို နားထောင်တာကိုး

ယောက်ျားတွေကတော့ စစ်သည်တော်တွေပဲလေ။ နားထောင်နေချိန်မှာ ဘယ်သောအခါမှ ခံစားချက်ကို ဖော်ထုတ်ပြမှာမဟုတ်ဘူး။ သူတို့မှာ စိတ်လှုပ်ရှားမှုကို သိုဝှက်ထားနိုင်တဲ့ စွမ်းရည်အပြည့် ရှိနေတာကိုး။

ဒီပုံတွေကတော့ နားထောင်ချိန် ဆယ်စက္ကန့်အတွင်းက ယောက်ျားရဲ့ မျက်နှာအမူအရာတွေ ဖြစ်ပါတယ်။



ဒီခံစားမှုမဲ့ မျက်နှာပုံးတွေဟာ သူတို့ရဲ့ ထိန်းချုပ်ရပ်တည် နားထောင်ခံစားနိုင်စွမ်းကို ပြနေတယ်လေ။ ဒါပေမဲ့ ယောက်ျားတွေမှာ ခံစားချက်မရှိဘူးလို့တော့ မထင်လိုက်နဲ့။ ယောက်ျားတွေရဲ့ဦးနှောက်ဟာ မိန်းမတွေထက် ခံစားချက်ကို ပိုပြီး ဦးစားပေးလက်ခံတတ်တယ်လို့ ဆိုတယ်။ ယောက်ျားတွေက ပိုပြီး ထိရှတတ်ကြသတဲ့။


ဒါပေမဲ့ သူတို့က ဖွင့်ဟဝန်ခံဖို့၊ ထုတ်ဖော်ပြသဖို့ဆိုတာကိုတော့ ရှောင်ကြဉ်တတ်ကြတယ်။

မိန်းမတွေကတော့ ခံစားချက် တစ်စုံတစ်ရာ ရှိနေပြီဆိုရင် ရယ်စရာ ပြောလည်း ပြောနေတယ်လို့ မခံယူတတ်တော့ဘူး။ ဒါ ဘာကိုဆိုလိုသလဲဆိုရင် မိန်းမတွေကို ဟာသနဲ့ ချော့မရတတ်ဘူးဆိုတာပဲ။

▢

# အခန်း (၅)

## တွက်ဆနားလည်နိုင်စွမ်း
## မြေပုံ၊ ပစ်မှတ်နှင့် မျဉ်းပြိုင်လမ်း



အို ... ငါတော့ မယုံနိုင်အောင်ပဲ။ မြေပုံကိုကြည့်စမ်းပါဦး၊ ဆောင်တွေရဲ့ ဝါသင်ထားတော့ ငါတို့ ညာဘက်လှည့်မှ တောင်တန်းတွေပေါ် ရောက်မှာနော်။

မြေပုံတစ်ချပ်က ကွာရှင်းပြတ်စဲတတ်သလား

ရေးနဲ့ ရှသ်တို့ဟာ မြို့တော်တစ်ခုရဲ့ လမ်းမပေါ်ကို ရောက်နေကြတယ်။ ရေးက ထုံးစံအတိုင်း ကားမောင်းတယ်။ သူတို့ဟာ နေရာတစ်နေရာရာမှာ သွားပြီး အနားယူစားသောက်ကြဖို့ ရည်ရွယ်ထားကြတယ်။ ဒါပေမဲ့ ဘယ်နေရာလဲဆိုတာကိုတော့ မရွေးချယ်ရသေးဘူးလေ။

ရေးက ရှသ်ကို လမ်းညွှန်စာအုပ်ထဲမှာ လိပ်စာတစ်ခုရှာခိုင်းတယ်။ ရှသ်က သက်ဆိုင်တဲ့ စာမျက်နှာကိုဖွင့်ပြီး လှန်လှော၍ရှာတယ်။ ပြီးတော့ စာအုပ်ကို ဟိုဘက်လှန်လိုက်၊ ဒီဘက်လှန်လိုက် လုပ်တယ်။ နောက်တော့ ငြိမ်နေပြန်တယ်။

ဒီမြေပုံစာအုပ်ထဲမှာ ဘာတွေပြထားသလဲဆိုတာ ရှသ်က နားလည်ခဲ့ပြီးသားပါ။ ဘယ်ကိုသွားချင်သလဲ၊ ဒီမြေပုံစာအုပ်ကို အသုံးချရင် ရမှန်းလည်း သူသိတာပဲ။ ဒါပေမဲ့ ဒါဟာ သူ့ဆန္ဒနဲ့တော့ ဘာမှမဆိုင်ဘူး ထင်တယ်လေ။ ဒါဟာ ကျောင်းမှာသင်ရတဲ့ ပထဝီစာအုပ်တစ်အုပ်ပဲ ဖြစ်သင့်တယ်။

ဒီအထဲမှာ ပန်းရောင်တွေ အစိမ်းရောင်တွေ ခြယ်ထားသမျှဟာ သူနေတဲ့ တကယ့်ကမ္ဘာကြီးအတွက် ယုတ္တိမရှိတဲ့ ပြကွက်တွေပါပဲ။ ကြည့်လေ၊ မြောက်ပိုင်းမှာ အောင်မြင်မှုတွေများတဲ့အခါ မြောက်ပိုင်းကို ခေါင်းစဉ်တပ်။ တောင်ပိုင်းမှာ အေးခုက္ခတွေ များတဲ့အခါ တောင်ပိုင်းကို ခေါင်းစဉ်တပ်။ မြေပုံတွေက အဲသလိုပဲ လမ်းညွှန်တတ်ကြတာ။

ရှသ်က စိတ်မပါ့တပါနဲ့ စာအုပ်ကို ထပ်လှန်နေပြန်တယ်။ အချိန်ကလည်း အတော်ကြာသွားတယ်။ မြေပုံထဲက အရောင်တွေနဲ့တော့ သူလိုတဲ့ နေရာကို ရှာဖွေဖို့ ဘယ်လိုမှတွက်ဆနိုင်မှာ မဟုတ်ပါဘူး။

အဲဒီမှာပဲ ရေးက ပြောတော့တာပေါ့။

"မြေပုံစာအုပ်ကို ဟိုလှန်ဒီလှန် လုပ်နေတာ ရပ်လိုက်စမ်း ရှသ်ရာ"

သူ့လေသံက နည်းနည်းမာတယ်။ သူ စိတ်မရှည်တော့တဲ့ သဘောပေါ့။ ရှသ်ကတော့ တကယ့်ကို နူးနူးညံ့ညံ့ ပြန်ပြောလိုက်ပါတယ်။

"ကျွန်မတို့ ဘယ်သွားချင်သလဲဆိုတာသိဖို့ ဒါကို ကြည့်ရမယ်မဟုတ်လား"

ဒီအခါ ရေးက

"အေး ဟုတ်တယ်၊ ဒါပေမဲ့ ဟိုလှန်ဒီလှန် လုပ်နေလို့တော့ မရဘူး။

ရှာရမှာကွ"လို့ အော်လိုက်ပါရော။


"ကြည့်တာပဲ ရေးရဲ့၊ ဒါပေမဲ့ ဒီမြေပုံထဲမှာ လမ်းတွေက ရောထွေးနေတာပဲ။ ကျွန်မတို့သွားမယ့်နေရာကို ဒီထဲမှာ ရှာလို့ရမှာမဟုတ်ဘူး"လို့ ရှသ်က စံပြင်းတဲ့လေသံနဲ့ ပြန်ပြောတယ်။

"ဟုတ်တာပေါ့ကွာ၊ အဲဒီထဲမှာ ပြထားတာတွေက အောက်ထိုးပြောင်းပြန်တွေ ဖြစ်နေတာကိုး၊ ကဲ ပြောပါဦး၊ မင်း ဘယ်နေရာသွားချင်သလဲ ဆိုတာ"ဆိုတဲ့ ရေးရဲ့ ရွဲ့တဲ့တဲ့စကားကို ရှသ်က သိပ်စိတ်ဆိုးသွားတယ်။ သူက မြေပုံစာအုပ်ကို ရေးဆီလှမ်းပစ်လိုက်တယ်။


"ဘယ်သွားရမလဲဆိုတာ ကျွန်မပြောမယ်၊ ရော့ အဲဒီစာအုပ်ထဲမှာ ရှင်ကိုယ်တိုင် ရှာကြည့်"

ဒါပါပဲ။ အပြေကတော့ သူတို့ ဘယ်မှမသွားဖြစ်တော့တာပါပဲ။ ကဲ အဲဒီလို ငြင်းခုံရန်ဖြစ်သံမျိုးတွေ ကျွန်မတို့ပတ်ဝန်းကျင်မှာ အများကြီးရှိပါတယ်။ ယဉ်ပါးနေကြမယ်လို့လည်း ထင်ပါတယ်။ ဟုတ်ပါတယ်။ လူမျိုးတိုင်း၊ ဘာသာတိုင်း၊ နိုင်ငံတိုင်းမှာ ယောက်ျားတွေနဲ့ မိန်းမတွေအကြားက ပဋိပက္ခတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီပြီးကတည်းက ရှိခဲ့ပြီးသားပါ။

တွက်ဆနိုင်စွမ်းဟာ ယောက်ျားရဲ့ဦးနှောက်နဲ့ မိန်းမရဲ့ဦးနှောက် အတွင်း မွဲ့စည်းထိန်းချုပ်ဧရိယာချင်း မတူပါဘူး။



Female



Male

ဦးနှောက်အတွင်း တွက်ဆနိုင်စွမ်းဧရိယာများ

တွက်ဆနိုင်စွမ်းဟာ ယောက်ျားရဲ့ဦးနှောက်ထဲမှာ စွဲမြဲနေတဲ့ မြေပုံတစ်ခု ဖြစ်ပေမဲ့ ကိုးဆယ်ရာခိုင်နှုန်းလောက်သော မိန်းမတွေမှာတော့ ကန့်သတ် ခံထားရပါတယ်။

ဒါကြောင့် ယောက်ျားတစ်ယောက်ဟာ သူ ဘယ်ကိုဦးတည်နေတယ် ဆိုတာ အမြဲသိကြပါတယ်။ နေရာတစ်ခုကို နောက်တစ်ခေါက်ပြန်သွားရမယ် ဆိုရင် သူ့အတွက် မြေပုံမလိုတော့ပါဘူး။ သူ့ဦးနှောက်မှာ တစ်ခါတည်းနဲ့ မှတ်သားထားပြီးသွားပါပြီ။

ယောက်ျားအများစုဟာ အထာမကျသေးတဲ့ အခန်းတစ်ခုထဲမှာ ပြတင်းပေါက်မပါဘဲ ထားကြည့်ရင်တောင်မှ အရပ်မျက်နှာတွေကို လှမ်းညွှန်တတ်ကြပါသတဲ့။ ယောက်ျားတော်တော်များများဟာ မြေပုံကို ကြည့်ရုံနဲ့ တောင်မြောက်အရပ်မျက်နှာကိုလည်း သိနိုင်တတ်ကြသတဲ့။ သူတို့မှာ ကိုယ့်လမ်းကိုယ် ပြန်ရှာတတ်ပြီး လွတ်မြောက်အောင် ရန်းထွက်ကြိုးပမ်းနိုင်စွမ်းတဲ့ မှုဆိုးလို ဦးနှောက်ရှိနေကြတာမို့ သူတို့ ဘယ်ရောက်နေလဲဆိုတာ မသိရဘဲနဲ့ မြောက်အရပ်ကို လမ်းညွှန်နိုင်ကြတယ်လို့ ဆိုပါတယ်။

မိန်းမတွေကိုတော့ "တောင်ဘက်ကိုသွား၊ အနောက်ဘက်ကို ငါးမိုင်လျှောက်"လို့ လမ်းမပြလိုက်နဲ့။ အဲဒီအစား "မက်ဒေါ်နားကို ဖြတ်မောင်း၊ အမျိုးသားပြတိုက်အဆုံးထိသွား အပေါ်ဘက်ကိုတက်" အဲသလို လမ်းပြရမှာ။

ကမ္ဘာပေါ်မှာရှိတဲ့ မြို့တော်တစ်ခုကို သွားလေ့လာကြည့်ရင် မြေပုံကို လက်ထဲကိုင်ပြီး လမ်းပျောက်နေတဲ့ ခရီးသွား၊ ညှိုသည် အမျိုးသမီးတစ်ယောက်ယောက်ကိုတော့ တွေ့ရပါလိမ့်မယ်။ ကားတွေအများကြီးရပ်ထားတဲ့ ဈေးကြီးတစ်ခုအောက်မှာ မိန်းမဈေးဝယ်သူတချို့ သူတို့ရဲ့ကားကို အသည်းအသန် ရှာဖွေနေတာကိုလည်း တွေ့ရပါလိမ့်မယ်။

ပျော်ရွှင်စရာကောင်းတဲ့ ခရီးတစ်ခုကို ဖန်တီးချင်တယ်
ဆိုရင်တော့ မိန်းကလေးကို ဘယ်တော့မှ မြေပုံမဖတ်ခိုင်းပါနဲ့
လမ်းညွှန်မခိုင်းပါနဲ့။

သုတေသနပြုချက်အရ ပြောရမယ်ဆိုရင် မိန်းမတွေ ကားမောင်းတာက ယာဉ်တိုက်မှုပိုများတယ်။ လေ့လာချက်အရဆိုရင် တစ်နှစ်အတွင်း ယာဉ်တိုက်မှုကြောင့် လျော်ကြေးပေးရတာကို တွက်မယ်ဆိုရင်တော့ ယောက်ျားက ပိုရသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဟာ တစ်နှစ်အတွင်းမှာ ယာဉ်တိုက်မှု တစ်ခါထက်မက ဖြစ်တတ်လို့ပဲ။ မိန်းမတွေမှာ လားရာသိမှု အားနည်းတယ်လေ။ ပြောရရင် ယောက်ျားတစ်ယောက်ဟာလည်း အံဆွဲထဲမှာတင် ခြေအိတ်

ရှာမရ ဖြစ်နေတတ်သလိုပဲ။ ဒါဟာ ဦးနောက်ပွဲ့စည်းပုံမတူတဲ့ ယောက်ျားနဲ့ မိန်းမရဲ့ သဘာဝတွေဖြစ်တယ်။

## ပညာရေးနှင့် တွက်ဆစွမ်းရည်

ဦးနောက်ရဲ့ တွက်ဆနိုင်စွမ်းကို လိုက်ပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတွေကို သုတေသနပြုထားတာ ရှိတယ်။

တန်းတူညီတူ အခွင့်အရေးရှိတဲ့ ဩစတြေးလျ၊ နယူးဇီလန်နဲ့ ဗြိတိန်က ဆရာ၊ ဆရာမတွေကို စာရင်းကောက်ထားတာပါ။ ဗြိတိန်မှာဆိုရင် ဆရာ ၄၈ ရာခိုင်နှုန်းရှိပြီး ဆရာမကတော့ ၅၂ ရာခိုင်နှုန်း ရှိနေတာ တွေ့ရပါတယ်။ ဩစတြေးလျမှာ ... ဩဇာလွှမ်းမိုးနိုင်စွမ်းဟာ ယောက်ျားက အနည်းငယ်ပိုသာတာ တွေ့ရပါတယ်။

အောက်ကဇယားကိုကြည့်ရအောင်၊ ပြီးတော့ သုံးသပ်ကြည့်ကြရအောင်။

| ဘာသာရပ် | ဆရာဦးရေ | မိန်းမ ရာခိုင်နှုန်း | ယောက်ျား ရာခိုင်နှုန်း |
|---|---|---|---|
| သတ္တဗေဒ | ၅၁၀၀ | ၄၉ | ၅၁ |
| စီးပွားရေးပညာ | ၆၄၀၀ | ၅၀ | ၅၀ |
| သမိုင်း | ၁၃၈၀၀ | ၅၄ | ၄၆ |
| ပထဝီ | ၁၄၂၀၀ | ၅၆ | ၄၄ |
| လူမှုဆက်ဆံရေး | ၁၁၀၀၀ | ၅၂ | ၄၈ |
| ဂီတ | ၅၆၀၀ | ၅၁ | ၄၉ |
| သက်မွေးမှုပညာ | ၁၉၀၀ | ၄၇ | ၅၃ |
| ကိုယ်ပိုင်နှင့် လူမှုရေး | ၇၄၂၀၀ | ၄၇ | ၅၃ |
| အထွေထွေ | ၇၉၀၀ | ၅၃ | ၄၇ |
| ဂန္ထဝင်စာပေ | ၅၁၀ | ၄၇ | ၅၃ |
| ရုပ်ပိုင်းပညာ | ၂၀၁၀၀ | ၅၈ | ၄၂ |
| ဘာသာရေးပညာ | ၁၃၄၀၀ | ၅၆ | ၄၄ |
| အနုပညာ | ၉၄၀၀ | ၄၄ | ၅၆ |

ဒီဇယားကိုကြည့်ပြီး မှတ်စရာနှစ်ခု တွေ့ရလိမ့်မယ်။ ဒီပညာရပ်တွေက ဦးနှောက်ရဲ့စွမ်းရည် (တွက်ဆနိုင်စွမ်း)ကို အရမ်းကရော အသုံးမချရတဲ့ ပညာရပ်တွေဆိုတာ တွေ့ရမယ်။ ပြီးတော့ ယောက်ျားနဲ့ မိန်းမမှာလည်း သိပ်ပြီး ရာခိုင်နှုန်းမကွာခြားတာကို တွေ့ရမယ်။

အောက်မှာဖော်ပြထားတဲ့ ဘာသာရပ်တွေကတော့ တွက်ဆနိုင်စွမ်း လိုအပ်တာမို့ ယောက်ျားနဲ့မိန်းမ မတူကြတာကို သိသိသာသာ တွေ့ရလိမ့်မယ်။

| ဘာသာရပ် | ဆရာဦးရေ | မိန်းမ ရာခိုင်နှုန်း | ယောက်ျား ရာခိုင်နှုန်း |
|---|---|---|---|
| ရူပဗေဒ | ၄၄၀၀ | ၈၂ | ၁၈ |
| IT နည်းပညာ | ၁၀၇၀၀ | ၆၉ | ၃၁ |
| သိပ္ပံ | ၂၈၉၀၀ | ၆၅ | ၃၅ |
| ဓာတုဗေဒ | ၄၆၀၀ | ၆၂ | ၃၈ |

**မိန်းမ မာလိန်မှူးမဖြစ်ပါ**

တွက်ဆနိုင်စွမ်း တည်နေရာဟာ ယောက်ျားတွေရဲ့ ဦးနှောက်ညာဘက်အပိုင်းခြမ်းမှာ အများဆုံးရှိတယ်လို့ ဆိုပါတယ်။ ဟိုရှေးရှေးတုန်းကတော့ အဲဒီပွဲ့ဖြိုးမှုဟာ ယောက်ျားတွေအတွက် တော်တော်အသုံးဝင်ခဲ့တယ်။ အထူးသဖြင့် အမဲလိုက်သူတွေအတွက်ပေါ့။

အလျင်နှုန်းတွေကို တွက်ချက်နိုင်တယ်။ သားကောင်ရဲ့ လှုပ်ရှားမှုနဲ့ အကွာအဝေးကို မှန်းဆနိုင်တယ်။ သူတို့ရဲ့ပစ်မှတ်ဆီကိုရောက်ဖို့ ဘယ်လောက်မြန်မြန် ပြေးနိုင်မလဲ၊ ဘယ်လောက် အင်အားကို အသုံးချရမလဲ ဆိုတာတွေကို တွက်ဆနိုင်တယ်။

ယောက်ျားလေးတွေဟာ သုံးကွက်လောက်ကျော်ပြီး အဝေးကို လှမ်းမြင်နိုင်ကြတာကြောင့် သူတို့ဟာ တစ်ခုတစ်ရာရဲ့ အတိမ်အနက်ကို မှန်းဆနိုင်တတ်ကြတယ်။ တွက်ဆနိုင်စွမ်းကို Spatial Abality လို့ ခေါ်ပါတယ်။ ဒါဟာ ယောက်ျားတွေရဲ့ အစွမ်းထက်ဆုံး အရည်အသွေးတစ်ခု ဖြစ်တယ်။

မိန်းမတွေမှာ အဲဒီတွက်ဆနိုင်စွမ်းဟာ ဦးနှောက်အပိုင်းခြမ်း နှစ်ဖက်

စလုံးမှာ ရှိပေမဲ့ နေရာသတ်မှတ်ချက်ကတော့ ယောက်ျားလောက် မရှိကြဘူး။ မိန်းမအများစုမှာ ကန့်သတ်ထားတဲ့ တွက်ဆနိုင်စွမ်းရှိတယ်။ ဒါကြောင့် ယောက်ျားတစ်ရာမှာ မိန်းမဆယ်လောက်လောက်သာ တော်ကြ ထက်မြက်ကြတယ်လို့ ဆိုပါတယ်။

စိတ်ကူးထဲမှာ ပန်းချီကားတစ်ချပ်ကို မြင်ဖူး၊ ခံစားကြည့်ဖူးမှာပေါ့။ အဲဒီပန်းချီကားရဲ့ အသွင်သဏ္ဍာန်၊ အတိုင်းအတာတွေ၊ အရေးပါမှုတွေ၊ အဲဒီ ပန်းချီကားထဲက သက်ရှိသက်မဲ့ ဇာတ်ကောင်တွေရဲ့ လှုပ်ရှားမှုအမျိုးအစားတွေကို သရုပ်ဖော်နားလည်နိုင်တဲ့ အရည်အချင်းရှိရင် ဒါကို တွက်ဆနားလည်နိုင်စွမ်း ရှိတယ်လို့ ခေါ်ပါတယ်။ အဲဒီမှာ နောက်ဆက်တွဲ ပါလာမှာကတော့ ပန်းချီကားအပေါ် ခံစားမိတဲ့အတွေးတွေ၊ ပန်းချီကားနဲ့ ပတ်သက်ယှက်နွယ်နေတဲ့ အဆီးအတားတွေကို ဘက်သုံးဖက် ရုပ်လုံးကြွအမြင် (3 Dimention)နဲ့ မြင်နိုင်စွမ်းဆိုတာပါပဲ။

တော်တယ်ဆိုတဲ့ မိန်းကလေးတွေဟာ နစ်ဖက်ခွပြီး တွေးတတ်ကြပါတယ်။ သုံးဖက်မြင်နိုင်တဲ့ မိန်းကလေးဆိုတာတော့ အလွန်ကိုရှားပါတယ်။ အဲဒီလိုမြင်နိုင်ဖို့ သူ့မှာ တွက်ဆနိုင်စွမ်းအားတွေ အမြင့်ကြီးရှိရမှာပါ။

မိန်းကလေးတွေဟာ ဒီနေရာမှာ ယောက်ျားလေးတွေကို ပြိုင်နိုင်ဖို့ တကယ်ခဲယဉ်းပါတယ်။ သဘာဝကိုက မိန်းမတွေဟာ တိရစ္ဆာန်တွေကို လိုက်လံဖမ်းဆီးဖို့၊ အိမ်ပြန်လမ်း ရှာဖွေဖို့ ဆိုတာမျိုးတွေ လုပ်ဖို့မလိုအပ်ဘူးလေ။ မိန်းမအများစုဟာ တွက်ရချက်ရ ခန့်မှန်းရတဲ့ အလုပ်မျိုးတွေကို မနှစ်သက်ကြပါဘူး။ အဲဒီလို အသက်မွေးကျောင်းဖို့လည်း စိတ်မပါကြဘူး။ သူတို့အတွက် အပျင်းပြေနည်းတစ်ခုလို့တောင် မသတ်မှတ်ချင်ကြဘူး။ သူတို့မှာ တိုင်းတာတွက်ဆနိုင်စွမ်း အရည်အချင်းကောင်းတွေ မရှိတဲ့အတွက် သူတို့ဟာ ယောက်ျားအလုပ်ကို စိတ်မဝင်စားနိုင်ကြဘူး။

ဒီကနေ့ခေတ် ယောက်ျားတွေကတော့ သားကောင်ကို ရှည်ရှည်ဝေးဝေး လိုက်ရှာဖမ်းဆီးဖို့ စိတ်မကူးတော့ပါဘူး။ သူတို့ဟာ တွက်ဆနိုင်စွမ်းတွေကို ဂေါက်သီးရိုက်တဲ့နေရာ၊ ကွန်ပျူတာဂိမ်းတွေ၊ ဘောလုံးပွဲတွေနဲ့ ပြေးခုန်ပစ် ပြိုင်ပွဲတွေမှာ အသုံးချနေကြပါပြီ။

တစ်ခုံတစ်ရာကို မိအောင်ဖမ်းနိုင်ဖို့ ပစ်မှတ်ဆီကို တည့်တည့်ရည်ရွယ်ခြင်းဟာ သူတို့စွမ်းရည်ရဲ့ အခရာပါပဲ။ ဒါကြောင့် ယောက်ျားတွေရဲ့ တွက်ဆ

နိုင်စွမ်း၊ သရုပ်ာနည်းကျ ကျိုးကြောင်းပြနိုင်စွမ်းတွေဟာ အလုပ်တော်တော်များများအပေါ် လွှမ်းမိုးထားနိုင်ကြတာပေါ့။ ဗိသုကာ အင်ဂျင်နီယာတွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ ယောက်ျားတွေဖြစ်နေသလို လေယာဉ်မှူး၊ မာလိန်မှူးတွေရဲ့ ၉၈ ရာခိုင်နှုန်းဟာ ယောက်ျားတွေ ဖြစ်နေတာ သာဓကပါပဲ။

အောက်ပါဇယားကို လေ့လာကြည့်ပါ။

| အလုပ်အကိုင် | ယောက်ျားရာခိုင်နှုန်း |
|---|---|
| လေကြောင်းအင်ဂျင်နီယာ | ၁၀၀ % |
| အင်ဂျင်နီယာ | ၁၀၀ % |
| ပြိုင်ကားမောင်းသူ | ၉၉.၈ % |
| နျူကလီးယား အင်ဂျင်နီယာ | ၉၈.၃ % |
| လေယာဉ်မှူး | ၉၉.၂ % |
| လေကြောင်းထိန်းသိမ်းရေးမှူး | ၉၄ % |
| ဗိသုကာ | ၉၁ % |
| သချာပါရဂူ | ၉၀ % |
| ဘိလိယက်သမား | ၈၇ % |
| စာရင်းစစ် | ၉၃ % |

ပဉ္စပကျွမ်းရှောင်ရအောင်

ယောက်ျားတွေဟာ ကားမောင်းတဲ့အခါ မြန်မြန်ကလေး လှည့်ပတ်မောင်းချင်တတ်ကြတယ်။ ဘာလို့ဆို သူတို့မှာ တွက်ဆနိုင်တဲ့စွမ်းရည်က ရှိပြီးသားလေ။ ဂီယာအပြောင်းအလဲ၊ ကလပ်ချိန်း၊ ဘရိတ်တွေရဲ့ဆက်နွယ်မှု၊ ထောင့်ချိုးအကွေ့တွေအတွက် အရှိန်အကွာအဝေး၊ အချိုးအကွေ့တွေအတွက် မိုင်နှုန်း၊ ဒါတွေအားလုံးကို တွက်တတ်နေတာမဟုတ်လား။ ဒါပေမဲ့ သူတို့အတွက် ရေဒီယိုတော့ ပိတ်ထားသင့်တယ်။

ရှေ့မှာ ဥပမာပြခဲ့တဲ့ ရေးနဲ့ ရှသ်အကြောင်း သုံးသပ်ကြည့်ရအောင်။ ယောက်ျားက ကားမောင်းပြီး မိန်းမလက်ထဲ မြေပုံထည့် ဘယ်သွားမလဲ လမ်းညွှန်ခိုင်းပြီ ဆိုပါစို့။

မိန်းမရဲ့ ကန့်သတ်ထားတဲ့ တွက်ဆနိုင်စွမ်းဟာ ရှသ်ကို ငြိမ်သွား

စေတယ်။ ရှသ်ဟာ မြေပုံကို လှန်လှောကြည့်ရင်း ဘာမှဝေခွဲမရဖြစ်နေတယ်။ ဒါကို ရေးအနေနဲ့ ကြိုးစားပြီး ပြောစေသင့်တယ်။ သူတွေ့ဖူးတဲ့ တစ်နေရာရာ၊ တစ်စုံတစ်ရာနဲ့ တိုင်းတာပြီးတော့လေ။ ဥပမာ–ဘယ်အဆောက်အဦနားမှာ ဆိုတာမျိုးပေါ့။

ယောက်ျားတော်တော်များများဟာ မိန်းမတွေရဲ့ တွက်ဆနိုင်စွမ်း အားနည်းချို့ယွင်းမှုကို မသိကြဘူးလေ။

တကယ်တော့ မိန်းမတစ်ယောက်ရဲ့ လက်ထဲကို ခရီးသွားနေတုန်း မြေပုံထည့်ပေးထားခြင်းဟာ အဲဒီမိန်းမအတွက် စိတ်လှုပ်ရှားမှုတစ်ခု ရသလို ခံစားရတတ်ပါတယ်။ ဒါကိုလည်း ယောက်ျားတွေ သိဖို့လိုပါတယ်။

တွက်ဆနိုင်စွမ်းတွေ လုံးဝမရှိရင်တော့လည်း တစ်မျိုးပေါ့။ ဒါပေမဲ့ မိန်းမတွေရဲ့ ဦးနှောက်ထဲမှာ တွက်ဆနိုင်စွမ်းဆိုတာကို ရှိနေတာကြောင့် စကားပြောရာမှာ အနှောင့်အယှက်ဖြစ်သွားစေတာ တွေ့ရတယ်။ ဒါကြောင့် လည်း ရှသ်ဟာ သူ့လက်ထဲကို လမ်းညွှန်မြေပုံ ရောက်လာတဲ့အခါ ဟိုလှန် ကြည့် ဒီလှန်ကြည့်နဲ့ စကားမပြောနိုင် ဖြစ်သွားတာပါ။

ရေးအနေနဲ့လည်း အာရုံနှစ်မျိုး တစ်ပြိုင်တည်း ခံစားလို့မရတဲ့ ယောက်ျားသဘာဝအရ ကားမောင်းနေရင်းမှာ ကားစတီယာရင်နဲ့ ဘီးတွေ အပေါ်မှာပဲ အာရုံရှိနေခြင်တယ်။ ဒီတော့ မြေပုံကြည့်တဲ့အလုပ်ကို မလုပ်နိုင် ဘူးလေ။

ဒါကြောင့် အလုပ်နှစ်မျိုးလုပ်ဖို့ရှိတဲ့ ယောက်ျားတစ်ယောက်ဟာ မလုပ်မီမှာ အလုပ်တစ်ခုအတွက် ကြိုတင်စဉ်းစားထားဖို့ လိုပါတယ်။ တကယ်တော့ လမ်းညွှန်တဲ့အလုပ်ဆိုတာ ယောက်ျားတွေလုပ်ရမှာပါ။

ဟုတ်ပြီနော်။ ဒီသဘာဝတွေကိုကြည့်ပြီး မိန်းမရော၊ ယောက်ျားပါ ပဋိပက္ခတွေကို ရှောင်နိုင်ဖို့ နည်းလမ်းရှာကြပါ။ မိန်းမတွေ သတိထားဖို့က အိမ်မှာ တယ်လီဖုန်းမြည်လာလို့ ယောက်ျား စကားပြောတော့မယ်ဆိုရင် ငြိမ်ငြိမ်ကလေးနေပေးဖို့လေ။ သူ အမိန့်ပေးတာ မခံရချင်ရင်ပေါ့။

မိန်းကလေးတွေကတော့ ကျောင်းသူဘဝ စာကျက်ရင်တောင် ကက်ဆက်ကလေးဖွင့်ထား၊ ဘာမှမထူးခြားဘူး။ ယောက်ျားလေးကျောင်း သားတွေ စာကျက်ရင်တော့ အသံလုံနေမှ အာရုံရမှာ။ ဒါလည်း မိဘတွေ သတိထားရမယ့်အချက်ပါပဲ။

တစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ တွက်ချက်နိုင်စွမ်း အင်အားတွေ နည်းပါးလွန်းတဲ့အတွက် မိန်းမတွေကို စီမံကိန်းတွေ၊ အဆီအခဲ့တွေ အများကြီးနဲ့ မပမ်းစားမိဖို့ပါပဲ။ သူတို့ရဲ့မျှော် ဂြိုဟ်တုစလောင်း၊ အင်တာနက်နဲ့ ရုပ်သံအစီအစဉ်တွေကို ပမ်းယူဖို့တောင်မှ ဒုက္ခတွေကြုံရရှာသူတွေပါ။

❐

## အခန်း (၆)

## အတွေးစိတ်ကူး ဟန်ပန်အမူအရာ၊ စိတ်လှုပ်ရှားမှုနှင့် လှုပ်တစ်ပြက်ဒုက္ခများ ဖြစ်တည်ရာ



ဂျင်နဲ့ကောလင်းတို့ဟာ မကျွမ်းဝင်တဲ့နေရာက ပါတီပွဲတစ်ခုကို သွားကြတယ်။ ကောလင်းက ကားမောင်းတာပေါ့နော်။ အဲဒီနေရာဟာ မိနစ်နှစ်ဆယ် ခရီးလောက်ပဲ ရှိတယ်ဆိုတာလည်း သိထားကြတယ်။ ဒါပေမဲ့ သူတို့ မိနစ်ငါးဆယ်လောက် ရှိနေတာတောင် အဲဒီနေရာကို မရောက်သေးဘဲ ဖြစ်နေတယ်။ ကောလင်းလည်း စိတ်တို၊ ဂျင်လည်း စိတ်ပျက်နေပြီ။ ကြည့်လေ ဒီဓာတ်ဆီဆိုင်ကိုပဲ သုံးခါလောက် ပြန်ပတ်မိနေမိတာ။

ဂျင် ။ မောင်ရေ၊ နောက်တစ်ခါ ဓာတ်ဆီဆိုင်ရှေ့ပဲ ပြန်ရောက်ဦးမယ် ထင်တယ်။ ရပ်လိုက်ပါလား၊ မေးကြည့်ရအောင်လေ"

ကောလင်း ။ စိတ်မပူပါနဲ့ကွာ၊ မောင်သိပါတယ်။ ဒီနေရာနားလေးတင်ပဲ ရှိမှာပါ။

ဂျင် ။ ဒါပေမဲ့ ပါတီပွဲစတာ နာရီဝက်ရှိနေပြီလေ။ ကျွန်မတို့ တစ်ယောက်ယောက်ကို လှမ်းမေးကြည့်ရအောင်။ ကားခဏရပ်လိုက်ပါလား။

ကောလင်း ။ နေစမ်းပါကွာ၊ မောင် ဘာလုပ်ရမလဲဆိုတာ မောင်သိပါတယ်။ မင်း မောင့်နောက်က လိုက်မှာလား၊ မင်းကိုယ်တိုင်ကားမောင်းမှာလား။

ဂျင် ။ အို ...၊ ကျွန်မ မမောင်းချင်ပါဘူး။ ဒါပေမဲ့ တစ်ညလုံးလည်း ကားလှည့်ပတ် မစီးနိုင်ဘူး။

ကောလင်း ။ ကောင်းပြီလေ၊ ဒါဖြင့်လည်း ကားကို ဘာလို့ လှည့်ပတ်မောင်းနေရမှာလဲ။ အိမ်ပြန်ဖို့ပဲ ရှိတော့တာပေါ့ကွာ"

ဒီအဖြစ်အပျက်ကလေးကို သတိနဲ့ သုံးသပ်ကြည့်ကြရအောင်။ ယောက်ျားတွေဟာ ကိုယ်သွားမယ့်လမ်းကို တစ်စုံတစ်ယောက်ဆီမှာ အဖြေရှာ၊ မေးခွန်းထုတ်လိုက်ရမှာ ဘာများစက်ခဲနေကြသလဲ မသိဘူး။ ကိုယ်မသိတာကို မသိဘူးလို့ ဝန်ခံရမှာ ဘာကြောင့် ဝန်လေးနေရတာပါလိမ့်။

မိန်းမတွေကတော့ ဒီအတွက် ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ ဒုက္ခမပေးပါဘူး။ မသိရင်တော့ မေးကိုမေးလိုက်ရမှ။ ကိုယ့်ဘာသာကိုယ် အဖြေရှာရမှာ ပျင်းစရာကြီးလေ။

မှော်ဆက်တစ်ယောက် သဲကန္တာရထဲမှာ နှစ်လေးဆယ်

ဘာကြောင့် လှည့်ပတ်သွားခဲ့သလဲဆိုတာ သိပါပြီ။ ကိုယ်
ဦးတည်ရာကိုမေးဖို့ ငြင်းဆန်နေတာကိုး။

## မတူညီတဲ့ သဘောထားအမြင်

ယောက်ျားနဲ့ မိန်းမတို့ဟာ တူညီတဲ့ကမ္ဘာထဲမှာ မတူညီတဲ့မျက်လုံးတွေနဲ့ ကြည့်တတ်ကြတယ်။ ယောက်ျားနှစ်ယောက်ဟာ အရာဝတ္ထုတွေနဲ့ သူတို့ရဲ့ဆက်နွယ်ပုံ အသီးသီးကို တွက်ဆနိုင်စွမ်းအရ ရှုမြင်လေ့ရှိတယ်။ ယောက်ျားလေးတွေဟာ အိမ်ဆောက်သစ်တုံးလေးတွေ ဆက်မယ်။ ဂျစ်ဆောကစားနည်းကို သဘောကျမယ်။

မိန်းကလေးကတော့ ရုပ်ပုံကားချပ်ကို ပိုပြီး ကျယ်အောင် ကြည့်နိုင်တယ်။ တွက်ဆစွမ်းရည် အားနည်းတဲ့အတွက် တုံးဆက်တာမျိုး မလုပ်ချင်ဘူး။

ယောက်ျားတွေက အပြေထုတ်ဖို့၊ ရလဒ်ရှာဖို့၊ တည်ငြိမ်မှုနဲ့ ပါဝါကို ဦးတည်ချက်ထားပြီး လှုပ်ရှားတတ်ကြတယ်။ မိန်းမတွေကတော့ ပေါင်းသင်းဆက်ဆံရေး၊ ပူးပေါင်းဖွဲ့စည်းရေး၊ လိုက်လျောညီထွေရှိရေး၊ အချစ်၊ ဝေခွဲခံစားမှုတို့ကို ကျင့်သုံးတတ်ကြတယ်။

ယောက်ျားလေးတွေက အရာဝတ္ထုတွေကို စိတ်ဝင်စားတယ်။ မိန်းကလေးတွေက လူတွေကို စိတ်ဝင်စားတယ်။ မွေးပြီး ၁၂ ပတ်ရတဲ့ မိန်းကလေးဘေဘီဟာ ရုပ်ကွဲပြားတဲ့ မိသားစုဝင်တွေကို ခွဲခြားတတ်ပေမဲ့ ယောက်ျားလေးဘေဘီကတော့ ပုံသဏ္ဍာန်မညီတဲ့ ပစ္စည်းလေးတွေကို စိတ်ဝင်စားတတ်တာပဲ ရှိတယ်။

မိန်းကလေးတွေကို စမ်းသပ်လေ့လာကြည့်တဲ့အခါ သူတို့ဟာ လူတွေနဲ့ ခံစားချက်တွေအပေါ် မှတ်မိနေပြီး ယောက်ျားလေးတွေကို လေ့လာရာမှာတော့ ပုံသဏ္ဍာန်တွေ၊ အရာဝတ္ထုတွေကို မှတ်မိနေတတ်တယ်။ မူကြိုကလေးတွေမှာ ကြည့်ရင် မိန်းကလေးတွေဟာ ဝိုင်းထိုင်စကားပြောမယ်။ ရှေ့က ဦးဆောင်ပေးဖို့မလိုဘဲ သူတို့ဘာသာ မိတ်ဖွဲ့စကားပြောကြတယ်။ ယောက်ျားလေးတွေက အိမ်ဆောက်ကစားတာတောင် တစ်ယောက်ထက်တစ်ယောက်က ပိုသာအောင် လုပ်တတ်ကြတယ်။

ကလေးအသစ်တစ်ယောက် ရောက်လာရင် မိန်းကလေးသာဖြစ်လို့

ကတော့ တခြားမိန်းကလေးတွေနဲ့ ရျက်ချင်းရင်းနှီးသွားမယ်၊ ယောကျ်ား လေးတွေကတော့ လူသစ်ရောက်လာပေမဲ့ စိတ်မဝင်စားတဲ့အတွက် နာမည် တောင် သိမှာမဟုတ်ဘူး။ လေးနှစ်သမီးလေးတစ်ယောက်ကို ဝက်ဝံရုပ် ကလေး လက်ဆောင်ပေးရင် ဒါဟာ သူမရဲ့အဖော်ဖြစ်သွားမယ်။ ယောကျ်ား လေးကတော့ အရုပ်သေကို မကြိုက်ဘူး၊ ဆက်လို့ရတဲ့ အရုပ်မျိုးကိုသာ ကြိုက်တတ်ကြတယ်။ မိန်းကလေးတွေဟာ လူတွေနဲ့ ပေါင်းသင်းဆက်ဆံ ရေးအပေါ် စိတ်ဝင်စားကြပြီး ယောကျ်ားလေးတွေက အရာဝတ္ထုတွေအပေါ် ဘယ်လိုလုပ်ရမလဲဆိုတာ စိတ်ဝင်စားကြတယ်။ ကြီးလာတဲ့အခါ မိန်းမသား တွေက မင်္ဂလာဆောင်ကို စားမြုံ့ပြန်တွေးတတ်ပြီး ယောကျ်ားကတော့ မင်္ဂလာဦးညကို ပိုစိတ်ဝင်စားနေတတ်တယ်။

> မိန်းကလေးတွေက ပေါင်းသင်းဆက်ဆံရေးနဲ့ စုပေါင်းပါ ဝင်မှုကို လိုလားပြီး ယောကျ်ားလေးတွေက ပါဝါနဲ့ ရပ်တည် မှုအပေါ် ဆန္ဒရှိကြတယ်။

ဘာအကြောင်းပြောကြသလဲ

မိန်းကလေးတွေဟာ လူတွေအကြောင်း ပြောကြတယ်။ ဘယ်သူက ဘယ်သူ့ကို ကြိုက်နေတယ်၊ ဘယ်သူနဲ့ဘယ်သူ စိတ်ဆိုးစိတ်ကောက်ကြ တယ် ဆိုတာတွေ ပြောကြတယ်။ အပျိုပေါက်မကလေးတွေကတော့ ယောကျ်ားလေးတွေအကြောင်း ဝိုင်းဖွဲ့ပြောတတ်တယ်။ အသက်ကြီးတဲ့ မိန်းမ တွေကတော့ အစားအသောက်အကြောင်း၊ ကိုယ်ပိုင်ဆက်ဆံရေး၊ မင်္ဂလာ ကိစ္စ၊ ကလေးကိစ္စ၊ ချစ်သူတွေကိစ္စ၊ ကိုယ်ရည်ကိုယ်သွေး၊ အဝတ်အစားကိစ္စ စသဖြင့် ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်တွေအကြောင်း ပြောကြတယ်။ ယောကျ်ား တွေကတော့ သူတို့ရဲ့လှုပ်ရှားမှု၊ သူတို့ရဲ့ပစ္စည်း စတာတွေ ဘယ်လိုလုပ် လိုက်တယ်၊ ဘယ်လောက်ကောင်းတယ် စသဖြင့် ပြောကြတယ်။ လူငယ် လေးတွေကတော့ အားကစားအကြောင်း၊ စက်ပစ္စည်းတွေအကြောင်း၊ သတင်းတွေအကြောင်း ပြောကြတယ်။

၁၉၉၉ မှာ တယ်လီဖုန်း အလုံး ၁၀၀၀ အသုံးပြုသူတွေနဲ့ ဗြိတိန် ဖုန်းကုမ္ပဏီတို့ လေ့လာချက်အရ အထက်ပါယေားကို ကြည့်ပါ။

| | ယောက်ျား ရာခိုင်နှုန်း | မိန်းမ ရာခိုင်နှုန်း |
|---|---|---|
| သူငယ်ချင်း | ၃၀% | ၅၃% |
| ချစ်သူ | ၁၈% | ၂၂% |
| အလုပ် | ၂၅% | ၁၁% |
| အားကစား | ၁၆% | ၂% |
| အခြား | ၁၁% | ၁၂% |

မိန်းမအားလုံးဟာ အလုပ်အကြောင်းပြောရင် အနည်းဆုံး ၁၅ မိနစ်ကြာတတ်ပေမဲ့ ယောက်ျားပြောရင်တော့ ၅ မိနစ်နဲ့ ပြီးပါသတဲ့။

ဝန်ခံရမှာ မကြောက်သူ

ယောက်ျားတွေနဲ့ မိန်းမတွေဟာ တူညီတဲ့ကမ္ဘာကြီးကို ခြားနားတဲ့ အမြင်တွေနဲ့ ကြည့်လေ့ရှိတယ်။ မိန်းမတွေဟာ ဝန်ခံရမှာ မကြောက်တတ်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကမ္ဘာကို အားထားယုံကြည်မှုတွေနဲ့ ချည်နှောင် တည်ဆောက်ထားတာဖြစ်လို့ပါပဲ။

ယောက်ျားများကတော့ အမြဲတမ်း တွက်ဆတိုင်းတာတဲ့ နည်းလမ်းနဲ့ ရှုမြင်လေ့ရှိပါတယ်။ အရာဝတ္ထုတွေနဲ့ လူတွေရဲ့ဆက်နွယ်မှုတွေကို သုံးသပ်ရာမှာ အပိုင်းအစအားလုံးကို စုစည်းထားလေ့ရှိတယ်။

မိန်းမတွေကျပြန်တော့ လုံးစေ့ပတ်စေ စူးစမ်းလေ့ ရှိကြပြန်ရော။ သူတို့ဟာ အကြီးချဲ့၊ အကျယ်ချဲ့ပြီး အသေးစိတ်မြင်အောင် ကြည့်တတ်ကြတယ်။ ဒါပေမဲ့ ပြဿနာပဟေဠိကို အပိုင်းအစတစ်ခုချင်းစီကို ဆက်စပ်ရာမှာတော့ အင်အားနည်းကြတယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ရဲ့ တွက်ဆမှုစွမ်းရည်က ယောက်ျားတွေလောက် မဖွံ့ဖြိုးနိုင်ကြဘူးမဟုတ်လား။

ယောက်ျားတွေရဲ့ နားလည်မှုဟာ ရလဒ်အပေါ်မှာ အမြဲမူတည်နေတတ်တယ်။ အခြေအနေ၊ အင်အားနဲ့ အောင်မြင်ပြီးစီး ပြည့်စုံခြင်းအတွက် ယောက်ျားတွေက အဖြေထုတ်လေ့ရှိတယ်။

မိန်းမတွေရဲ့ နားလည်မှုကတော့ အားကိုးအားထားပြုခြင်းအပေါ်မှာ အခြေခံလေ့ရှိတယ်။ သူတို့ဟာ ဆက်နွယ်မှုကို သိပ်လိုလားကြတယ်။

အတူတူ ပြေရှင်းကြမယ်ဆိုတာမျိုးပေါ့။ ပြီးတော့ သူတို့နဲ့ သဟဇာတဖြစ်ဖို့ ကိုလည်း လိုလားလေ့ရှိတယ်။ အချစ်၊ ဝေမျှခံစားမှုဆိုတာကို တစ်စုံတစ်ဦး ဆီက ရလိုစိတ်ရှိကြတယ်။

အဲသလို သဘောထားချင်းမတူညီတဲ့ ယောကျ်ားနဲ့မိန်းမတွေဟာ အုံ့ဩစရာကောင်းလောက်အောင် အတူတကွ ပေါင်းသင်းနေထိုင်လျက် ရှိကြ တယ်။ တစ်ယောက်နဲ့တစ်ယောက် အတွေးချင်းခြားနားပေမဲ့လည်း တစ် ယောက်မရှိရင်တောင် တစ်ယောက်အတွက် မရှိမဖြစ်တဲ့ အခြေအနေမျိုးပဲ။ ထူးဆန်းတယ်လို့ ဆိုရမယ်ထင်ပါရဲ့။

## မိန်းမအချင်းချင်း ယောကျ်ားအချင်းချင်း

မိန်းကလေးတွေ အချင်းချင်းပြောကြတဲ့ အကြောင်းအရာတွေက တခြားသူတွေရဲ့အကြောင်းတွေပါ။ ဘယ်သူက ဘယ်သူ့ကို ကြိုက်နေတယ်၊ ဘယ်သူက ဘယ်သူ့ကို ဒေါသထွက်နေတယ် စသဖြင့်ပေါ့။ သူတို့ဟာ အုပ်စု လေးတွေ ဖွဲ့နေတတ်ကြပြီး မိန်းမအချင်းချင်းဆုံရင် ယောကျ်ားတွေ အကြောင်း မြိန်ရေယှက်ရေ ပြောကြတော့တာပဲ။ ယောကျ်ားလေးတစ်ယောက် နဲ့ အချိုးအစား၊ ဝတ်ပုံစားပုံနဲ့ သူ့အသိုင်းအဝိုင်း၊ အပေါင်းအသင်း စသဖြင့် ပေါ့။

အရွယ်ရောက်လာတဲ့ မိန်းမတွေကျတော့ အချင်းချင်း တွေ့ကြတဲ့အခါ ကိုယ်ရေးကိုယ်တာကိစ္စတွေ၊ ကိုယ်ပိုင်ခံစားချက်တွေ၊ အစားအသောက် အကြောင်း၊ ခင်ပွန်းအကြောင်း၊ ကလေးတွေအကြောင်း စသဖြင့် ရင်ဖွင့်ပြော တတ်ကြတယ်။ သူများတွေဖြစ်နေတာနဲ့ ကိုယ်ကိုယ်တိုင် ဖြစ်နေတာတွေကို အချင်းချင်းပြောကြတာပါ။


မိန်းမတွေအချင်းချင်းဟာ ဘာမှ သိပ်လျှို့ဝှက်ထားလေ့မရှိကြဘူး။ ချစ်သူနဲ့ နှစ်ကိုယ်ဆုံတွေ့တဲ့အကြောင်း အပေါင်းအသင်းကို ပြောပြရမှာ လည်း ဝန်မလေးကြဘူး။ အသေးစိတ်ကို ပုံဖော်ပြတတ်ကြတယ်။

ယောကျ်ားတွေကတော့ အချင်းချင်း စကားပြောတဲ့အခါ အကြောင်း ကိစ္စတွေနဲ့ လှုပ်ရှားမှုတွေကိုပဲ ပြောလေ့ရှိတယ်။ ဘယ်သူက ဘာလုပ်တယ်၊ ဘယ်သူက ဘယ်မှာအဆင်ပြေသွားတယ်၊ ဘယ်တော့ ဘယ်လိုအလုပ်လုပ် မယ် စသဖြင့်ပေါ့။


ယောက်ျားလေးအဖွဲ့ဆုံကြရင် သူတို့ကစားပွဲတွေအကြောင်း ပြောမယ်လေ။ ပြီးတော့ လုပ်ငန်းတွေအကြောင်း၊ တာဝန်တွေအကြောင်း ပြောကြမယ်။ အဲသလို အလုပ်၊ အားကစား စတဲ့သတင်းတွေကို ပြောဆိုဆွေးနွေးတဲ့အခါ သူတို့ချစ်သူနဲ့ ပတ်သက်တဲ့ အတွေ့အကြုံအကြောင်းအရာ စတာတွေကို ထုတ်ဖော်ပြောဖို့ ခက်ခဲတတ်တယ်။ သူတို့ဟာ ကိုယ့်ဇနီးရဲ့ လုပ်ငန်းဆောင်တာတွေအကြောင်းကိုလည်း ကိုယ့်ကိစ္စနဲ့ယှဉ်ပြီး ဘယ်တော့မှ ပြောလေ့ မရှိကြဘူး။

တယ်လီဖုန်းဆက်တဲ့နေရာမှာလည်း မိန်းမချင်း ဖုန်းဆက်တဲ့အခါ အနည်းဆုံး ၁၈ မိနစ် ရှိကြပြီး၊ ယောက်ျားချင်း ဖုန်းဆက်တဲ့အခါမှာတော့ အများဆုံးကတော့ ၃ မိနစ်ပါပဲ။ အလုပ်ကိစ္စအကြောင်းအရာမရှိဘဲ ဖုန်းဆက်လေ့ မရှိတာ ယောက်ျားတွေဖြစ်ပါတယ်။

### ဦးနှောက်အတွင်းက စိတ်ထိရှခံစားမှု



Emotion in men



Emotion in women

ယောက်ျားတွေအတွက် စိတ်ထိရှခံစားမှုဟာ ယေဘုယျအားဖြင့် လက်ယာဦးနှောက်ခြမ်းမှာရှိတယ်။ သူ့ကို တခြား ဦးနှောက်တာဝန်တွေဆီကနေ သီးခြားခွဲထုတ်နိုင်တယ်။

ဥပမာ – အငြင်းအခုန်တစ်ခု ဖြစ်ပါပြီတဲ့။ ယောက်ျားတစ်ယောက်ဟာ ယုတ္တိရှိရှိနဲ့ ငြင်းနိုင်တယ်။ လက်ဝဲဦးနှောက်ခြမ်းမှာရှိတဲ့ စကားလုံးတွေကို လက်ယာဦးနှောက်ခြမ်း ရှေ့ဘက်ဆီပို့ပြီး ထုတ်သုံးနိုင်တယ်။ ဒါပေမဲ့ အဲဒီမှာ

စိတ်ထိရှမှုကိစ္စတော့ ပါသွားမှာမဟုတ်ဘူး။ တခြားဦးနှောက်တာဝန်တွေနဲ့လည်း ရောမသွားဘူး။ မိန်းမတွေအတွက် စိတ်ထိရှခံစားမှု ဧရိယာက ဦးနှောက်နှစ်ခြမ်းစလုံးမှာရှိပြီး ဦးနှောက်တာဝန်တွေလိုပဲ လုပ်ဆောင်နိုင်တယ်။

မိန်းမတစ်ယောက်ဟာ သူ ထိရှခံစားရတဲ့စိတ်ကို ရှင်းပြနိုင်ပေမဲ့ အတူခံစားနေရတဲ့ ယောကျ်ားကတော့ ထုတ်ဖော်ပြဖို့ ခဲယဉ်းလှတယ်။ သူတို့ဟာ စိတ်ထိခိုက်ရမယ့်ကိစ္စမျိုးကိုလည်း ရှောင်ရှားတတ်ကြသေးတယ်။

စိတ်ခံစားမှုနဲ့ ယောကျ်ားတစ်ယောက်ဟာ မြင်မြင်ရာ လျှောက်ရမ်းတတ်ပြီး စိတ်ထိရှနေတဲ့ မိန်းမတစ်ယောက်ကတော့ စကားတွေအများကြီး ပြောနေတတ်တယ်။

> မိန်းမတစ်ယောက်ဟာ သူ့မိသားစုဝင်တွေနဲ့ မပျော်ပိုက်ဘူးဆိုရင် သူ့အလုပ်မှာလည်း အာရုံမစုစည်းနိုင်ဘူး။ ယောကျ်ားတစ်ယောက် အလုပ်မှာမပျော်ပိုက်ဘူးဆိုရင်လည်း သူ့မိသားစုဝင်တွေနဲ့ ရောနှောနေလို့ မရနိုင်ဘူး။

## ကိုယ်ပိုင်တန်ဖိုး

တစ်ခုံတစ်ရာကို ခံစားရပြီဆိုရင် မိန်းမတွေဟာ သူတို့ရဲ့ချစ်သူ ကြင်သူကို သူတို့ရဲ့အနားမှာ ရှိနေစေချင်တတ်ကြတယ်။ သူတို့ ခံစားရသမျှကို ရင်ဖွင့်ပြီး ကြင်နာအားပေးမှုကို လိုချင်တတ်ကြတယ်။ ဒါပေမဲ့ ယောကျ်ားတွေအတွက်မှာတော့ ဒါဟာ အနှောင့်အယှက်ဖြစ်စေတဲ့ အကြောင်းအရာတွေဖြစ်နေတယ်။ သူတို့ဟာ မိန်းမကို တယုတယ ကြင်နာမှုပြနေရမှာများဘောလုံးပွဲလောက်တောင်မှ စိတ်မဝင်စားကြပါဘူး။

မိန်းမတွေအတွက်မှာတော့ သူ ငါ့ကို စိတ်မဝင်စားဘူး၊ ဂရုမစိုက်ဘူးဆိုတဲ့ အမြင်နဲ့ စိတ်ဆင်းရဲခံစားကြရတာပေါ့။ ယောကျ်ားတွေကလည်း စိတ်ရှုပ်မခံချင်တဲ့ သဘာဝကြောင့် ဟန်ဆောင်ကြင်နာပြရမှာ ဝန်လေးတတ်ကြတယ်။

ဒါဟာ သူတို့ကိုယ်စီရဲ့ ဦးနှောက်တွေမှာ ရှိနေတဲ့ ခြားနားမှုကြောင့်ပါ။ ဒါကို နှစ်ဦးနှစ်ဖက် နားလည်တတ်ကြမယ်ဆိုရင် တကယ်ကောင်းတဲ့ ရစ်ပတ်မှုကို ရမှာပါ။ အဲသလို နားမလည်ချင်တဲ့အတွက် မိန်းမတွေရဲ့

အတွေးမှာ ယောက်ျားဟာ သူ့ထက် ပတ်ဝန်းကျင်ကို ဦးစားပေးတယ်ဆိုတာမျိုးတွေ ဝင်လာတာပေါ့။ တစ်ယောက်အပေါ်တစ်ယောက် ခံပြင်းနာကြည်းခြင်း ဆိုတာ ဒီနားမလည်မှုက စတာပါပဲ။ နောက်ဆုံး ကွဲကြတဲ့အထိ ဖြစ်သွား တတ်ပါတယ်။

မိန်းမတစ်ယောက်ဟာ သူ့ပတ်ဝန်းကျင်မှာ သူမပျော်မွေ့
တဲ့အခါ သူ့အလုပ်ကို သူ အာရုံမစိုက်နိုင်တော့ဘူး။
ယောက်ျားတစ်ယောက်ဟာ သူ့အလုပ်မှာ သူ မပျော်မွေ့
တဲ့အခါ သူ့ပတ်ဝန်းကျင်ကို သူ အာရုံမစိုက်နိုင်တော့ဘူး။

မိန်းမတွေက သူတို့ရဲ့ ကိုယ်ပိုင်တန်ဖိုးကို ပတ်ဝန်းကျင်ရဲ့ အရည်အသွေးပေါ်မှာ အဓိပ္ပာယ်သတ်မှတ်ကြတယ်။

ယောက်ျားတွေကတော့ သူတို့ရဲ့ ကိုယ်ပိုင်တန်ဖိုးကို သူတို့အလုပ်ရဲ့ အထမြောက်မှုအပေါ်မှာ အဓိပ္ပာယ်ဖော်ကြတယ်။

ယောက်ျားရဲ့ဦးနှောက်ဟာ "ငါ အဆင်ပြေအောင် ဘယ်လိုလုပ်ရမယ်" ဆိုတာကိုပဲ သိုလှောင်သိမ်းဆည်းထားလေ့ ရှိတယ်။ အဲဒီစိတ်ဟာ သူ ဘာလုပ်ရမလဲဆိုတဲ့ အရာခပ်သိမ်းနဲ့ အနီးကပ်ဆုံးမှာ ရှိနေတတ်တယ်။

မိန်းမတစ်ယောက်က သူ့ယောက်ျားကို ရှင် သဘောထားတဲ့အချစ်ဆိုတာ ကျွန်မသိအောင် ပြစမ်းပါဆိုရင် ယောက်ျားလုပ်တဲ့သူက ပန်းတွေ ခူးပြီး ယူလာလိမ့်မယ်။ သူက ဒါဟာ သူ့အချစ်ကို ဖော်ပြခြင်းလို့ ခံယူထားတတ်တယ်လေ။ ချစ်သူက စိတ်မပျော်ရွှင်ဘူးဆိုရင် နံဘေးက ဂစ်တာတီး သီချင်းဆို၊ ပန်းရိုးဆွဲပြချင်တာဟာ ယောက်ျားလေး သဘာဝပဲပေါ့။

ဒါမှမဟုတ် သူမလေးပျော်အောင် ဘောလုံးပွဲကို ခေါ်သွားပြချင်နေသေးတယ်။ အဲဒီအခါ လွဲတော့တာပါပဲ။

မိန်းမတစ်ယောက် စိတ်ညစ်နေတဲ့အခါ သူ့ခံစားချက်ကို တစ်စုံတစ်ဦးဆီမှာ ရင်ဖွင့်ချင်တတ်ပြီး၊ ယောက်ျားကတော့ စိတ်ညစ်လာပြီဆိုတာနဲ့ ဟိုဟာပြင်၊ ဒီဟာနိုက် လုပ်တော့တာပဲ။ ဒါမှမဟုတ် ပုလင်းနဲ့ဖန်ခွက်ကို ဆွဲပြီလေ။ အဲဒီမှာ လွဲပြီးရင်း လွဲကြရတော့တာပေါ့။

မိန်းမတစ်ယောက်ဟာ စိတ်ဆိုးပြီး စကားပြောတယ်ဆိုရင် သူ့မျက်နှာ၊ သူ့အမူအရာ သူ့လှုပ်ရှားမှုတွေအားလုံး ပြောင်းလဲသွားလေ့ရှိတယ်။ ဒါသကို မဖုံးမဖိချင်ဘဲ စကားတွေ လျှောက်ပြောတော့တာပဲ။

ယောက်ျားတစ်ယောက် စိတ်ဆိုးလာပြီဆိုရင်တော့ ရှူးရှူးရှားရှား ဖြစ်လာတယ်။ ပုတ်ခတ်ပြောဆိုမှုတွေ ပါလာတယ်။ ပြီးတော့ ရန်လိုလာပါရော။ အဲဒီမှာ အနိုင်ကျင့်မှုတွေ ဝင်လာတော့တယ်လေ။

**စိတ်ပိစီးမှု ခြားနားချက်များ**

စိတ်ထဲမှာ တင်းကြပ်လာတဲ့အခါ မိန်းမတွေဟာ မစဉ်းစားမဆင်ခြင်ဘဲ စကားတွေပြောတတ်ကြပြီး ယောက်ျားတွေကတော့ ရှေ့နောက်မကြည့်တော့ဘဲ လျှောက်လုပ်ပစ်တတ်ကြတယ်။ ဒါကြောင့် အကျဉ်းထောင်ထဲမှာ ယောက်ျား ကိုးဆယ်ရာနိုင်နှုန်းရှိပြီး၊ ရောဂါသည်စာရင်းမှာ မိန်းမ ကိုးဆယ်ရာနိုင်နှုန်း ရှိကြတာပေါ့။

မိန်းမနဲ့ ယောက်ျား နှစ်ယောက်စလုံးမှာ စိတ်ဖိစီးမှု ရှိနေပြီဆိုရင် အကောင်းဆုံးကတော့ သီးခြားစီ ဖြေရှင်းကြဖို့ပါပဲ။

ခုလိုပြဝ်တာနဲ့ ယောက်ျားဟာ စကားပြောလုံးဝရပ်သွားတော့မယ်။ ဒီအတွက် မိန်းမက စိတ်ညစ်ရမယ်။

မိန်းမကတော့ စိတ်ဖိစီးလာရင် စကားတွေအများကြီး ပြောမယ်။ ဒါကို ယောက်ျားက မဖမ်းဆုပ်နိုင်ဘူး။

ကိုယ့်ခင်ပွန်းကို အားပေးကူညီဖို့ အခက်အခဲအကြောင်း မိန်းမက မေးမယ်လေ။ အဲဒီကစပြီး မိန်းမမှားပြီ၊ ဒီအခါ ယောက်ျားက ပြောမယ်။ "ငါတစ်ယောက်တည်း နေပါရစေ"လို့၊ ဒါမှမဟုတ်ရင်လည်း တစ်နေရာရာကို ထွက်သွားမယ်။

မိန်းမကတော့ သူ့စိတ်ဖိစီးမှုအတွက် သူ့အခက်အခဲတွေ ယောက်ျားကို ပြောပြချင်နေတယ်။ ဘယ်လိုမှ မအောင်မြင်ဘူး။ ယောက်ျားက ပြဿနာဖြေရှင်းနည်းအဖြစ် အဝေးကို ထွက်သွားပါပြီ။ အဲဒီမှာ မိန်းမလုပ်တဲ့သူက သူ့ကို ပစ်ပယ်လိုက်ပြီ၊ မချစ်တော့ဘူးဆိုပြီး ယောက္ခမတွေကို သွားတိုင်၊ အမေ၊ အစ်မနဲ့ သူငယ်ချင်းတွေကို လှမ်းခေါ်တိုင်တော့တာပဲ။

တကယ်တော့ ယောက်ျားမိန်းမအကြား စိတ်ဖိစီးမှု ခြားနားချက်ကို အနည်းဆုံး နားလည်မှုလေး ပေးဖို့လိုပါတယ်။ တစ်ယောက်ကိုတစ်ယောက် စကားလုံးဝမပြောကြကြေးပေါ့။

ယောက်ျားဟာ တည်ငြိမ်စွာနဲ့ အခက်အခဲဖြေရှင်းဖို့ နည်းလမ်းရှာဖွေ

ပါမယ်။ ယောက်ျားရဲ့ဦးနှောက်ဟာ တစ်ခြမ်းနဲ့တစ်ခြမ်း ဆက်သွယ်မှု ပြတ်တောက်နေတာမို့ စိတ်ခံစားမှုကို ထိန်းချုပ်ဖို့ စကားပြော လုံးဝရပ်ပြီး ပြဿနာဖြေရှင်းနည်းကိုသာ စဉ်းစားရပါမယ်။

အဲဒီအချိန်မှာ မိန်းမက နားလည်ပေးဖို့ လိုပါတယ်။ မိန်းမတွေဟာ ယောက်ျားစကားပြောရပ်ပြီး ငြိမ်သက်နေတာကို ကြောက်စရာ၊ ထိတ်လန့်စရာအဖြစ် မြင်လာပြီး အတွေးတစ်လွဲတွေနဲ့ ထိရှခံစားနေတတ်တာဟာ သိပ်ခက်တဲ့အဖြစ်ပါ။ ယောက်ျားကို သွားပြီး အားပေးတော့မယ်၊ စပ်စုပြီး ဝင်ဖြေရှင်းတော့မယ်။ ဒါကို သူ့အနေနဲ့ နှောင့်ယှက်မိတယ်လို့လည်း မြင်မှာ မဟုတ်ဘူး။ ယောက်ျားက သူ့ကို ပိုချစ်လာအောင် ကြိုးစားဖို့ အခွင့်အရေး ရတယ်လို့ မြင်နေမှာ။ အဲဒီမှာ ထပ်လွဲပြန်ပါရော။

ယောက်ျားဟာ သူ့ကို အားတက်လာအောင် မိန်းမက ပေးမပေးတယ်လို့ မမြင်နိုင်ဘူး။ သူ့ရဲ့အခက်အခဲ ဖြေရှင်းနိုင်စွမ်းကို မိန်းမက မယုံကြည်ဘူးလို့ပဲ တွက်တယ်။ စိတ်ဖိစီးနေတဲ့အချိန်မှာ တစ်ယောက်တည်းပဲ နေချင်တယ်လေ။

အဲဒီလိုပဲ မိန်းမမှာ ခံစားမှုတစ်ခုတစ်ရာ ရှိနေတဲ့အခါမျိုးမှာလည်း ယောက်ျားဟာ မိန်းမကို မနှောင့်ယှက်လိုတဲ့သဘောနဲ့ အပြင်ထွက်သွားမယ်။ ဒါမှမဟုတ် ကားရေဆေးနေမယ်ဆိုတာမျိုးပေါ့။ အဲဒီတော့လည်း လွဲပြန်ရော လေ။

> မိန်းမ စိတ်ရှုပ်ထွေးနေတဲ့အခါ သူ့တစ်ယောက်တည်း မထားပါနဲ့။ သူ့ကို နွေးထွေးကြင်နာစွာ ဆက်ဆံပါ။ အလေး အနက်ထားကြောင်း သိပါစေ။
>
> အဲသလိုပဲ ယောက်ျားစိတ်ရှုပ်ထွေး စိတ်ဖိစီးနေတဲ့ အခါ သူ့ကို တစ်ကိုယ်တည်း လွတ်လပ်စွာ ထားပါ။ သူ့ဘာသာသူ ပြေသိမ့်အဆင်ပြေသွားနိုင်ပါတယ်။

### စိတ်ခံစားချက်ကို ဖုံးကွယ်သူ

ယောက်ျားတွေဟာ သူတို့ရဲ့ စိတ်ခံစားချက်ကို မပေါ်လွင်အောင် ထိန်းချုပ်နိုင်ကြတယ်လို့ ဆိုတယ်။ "သူ့ကိုကြည့်လိုက်ရင် ဒီအတိုင်းပဲ၊ ဘာမှ

မပြောင်းလဲဘူး၊ သူ ဝမ်းနည်းပုံလည်း မရဘူးနော် "လို့ ကြေကွဲမှုရှိနေတဲ့ ယောက်ျားတစ်ယောက်ကို မိန်းမတချို့ ကြည့်ပြီး တအံ့တသြ ဝေဖန်တယ်။

ကြိတ်ပြီးခံစားတယ်လို့ပဲ ပြောရမလားမသိဘူး။

အာရုံပြောင်းခြင်း

ယောက်ျားတစ်ယောက်ရဲ့သဘာဝကို ရုပ်မြင်သံကြား အဝေးထိန်းခလုတ်နဲ့ နှိုင်းယှဉ်ကြည့်ပါ။ သူတို့ဟာ အဲဒီခလုတ်ကလေးကို ဟိုရွှေ့သည်ရွှေ့ အိပ်ရင်း အာရုံပြောင်းတတ်ကြပါတယ်။

မိန်းမတွေကတော့ ရုပ်မြင်သံကြား ဇာတ်လမ်းတစ်ခုအပေါ် အစီအစဉ်တစ်ခုအပေါ်မှာ စွဲစွဲမြဲမြဲ ကြည့်ချင်တတ်ကြတယ်လေ။ ဒါကြောင့် မိန်းမတွေဟာ သတင်းစာ ဖတ်ကျင့်နည်းကြတာပေါ့။

စာအုပ်စာပေဖတ်တဲ့အကျင့်မှာလည်း ဝတ္ထုတိုလေးတွေ၊ ရသစာတမ်းလေးတွေကို မိန်းမတွေ အကြိုက်နည်းကြတယ်။ သူတို့က ဇာတ်လမ်းရှည်စဆုံးဖတ်ရတာကို သဘောကျကြတယ်။

ယောက်ျားတွေကတော့ အဲဒီလိုဖတ်ကြရမှာကို စိတ်မရှည်တတ်ကြဘူး။ သူတို့ဟာ အဝေးထိန်းခလုတ်နှိပ်ရတာမျိုးကို အတော်သဘောကျကြတယ်။ မိန်းမတွေ အမုန်းဆုံးအလုပ်ပေါ့။ သူတို့ဟာ ရုပ်မြင်သံကြားရှေ့မှာ ထိုင်မယ်၊ ဟိုလိုင်းဖမ်း၊ ဒီလိုင်းဖမ်းလုပ်မယ်။ သီးသန့်အစီအစဉ်တစ်ခုကို အချိန်အများကြီးပေးပြီး မကြည့်ဘူး။

ဒါဟာ သူတို့ရဲ့စိတ်ထဲမှာရှိတဲ့ အခိုင်အခဲတွေကို မေ့ပျောက်ချေဖျက်တဲ့ နည်းပါပဲ။ ဇာတ်လမ်းတွေကိုလည်း အခြေခံအချက်ကိုသာ သူသိချင်တယ်။ လူတွေ ဘယ်နေရာမှာ ဘာလုပ်နေသလဲ၊ ဘယ်ဒေသမှာ ဘာဖြစ်နေသလဲဆိုတာတွေ သူက သိချင်တယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် သူတို့အခက်အခဲတွေကို ဖြေရှင်းဖို့နည်းလမ်း သူ တွေ့ရမယ်လို့ ယုံကြည်နေတတ်တယ်။

ယောက်ျားတွေ အဲသလို အာရုံပြောင်းကြပုံကို မိန်းမတိုင်း နားမလည်ကြဘူး။ စိတ်မတည်ငြိမ်ဘူးဖြစ်ကြတယ်။ ဒီအပြုအမူဟာ ယောက်ျားတစ်ယောက်ရဲ့ စိတ်ဖိစီးမှုအာရုံလွှဲခြင်းဆိုတာ မိန်းမတွေ မြင်တတ်ဖို့လိုပါတယ်။ ဒီအချိန်မှာ သူ့ကို စကားသွားမပြောပါနဲ့ သူ ဘာမှကြားလိုက်၊ မှတ်မိလိုက်မှာ မဟုတ်ဘူး။

ကျွန်မ ဖတ်မိတဲ့စာအုပ်ထဲမှာ ရေးထားတာကတော့ ယောက်ျားရဲ့ လက်ထဲမှာ အဝေးထိန်းခလုတ် သုံးခုရှိပေမဲ့ လိုအပ်ချက်ကိုတော့ အမြဲ လွတ်ထွက်သွားတတ်တယ်။ ဒါကြောင့် ယောက်ျားတစ်ယောက်ဟာ ဘဝအတွက် အရေးကြီးတဲ့အခါမျိုးမှာ အဝေးထိန်းခလုတ်ကို မိန်းမနဲ့ခွဲဝေသုံးစွဲသင့်တယ်တဲ့။

## အမှားဝန်မခံချင်ဘူး

မိန်းကလေးတစ်ယောက်ဟာ ချစ်သူရဲ့မွေးနေ့လက်ဆောင် စာအုပ်ထဲမှာ ဘာရေးတတ်သလဲဆိုတော့ "ကြိုးစားပါဦး မောင်ရယ်"ဆိုတာပဲ။

ဒီလိုပြောတာကို ယောက်ျားလေးတွေ နားလည်ဖို့လိုပါတယ်။ ဒါဟာ သူတို့အမှားကို ထောက်ပြနေတာမဟုတ်ဘူး ဆိုတာပါ။ မိန်းမသားတိုင်းမှာ ချစ်သူကို အမှားမလုပ်စေချင်တဲ့ ရည်ရွယ်ချက်မှုတွေ အမြဲရှိနေတတ်ပါတယ်။ သူတို့ဟာ ချစ်သူကို ကူညီချင်ကြတယ်၊ တစ်ကိုယ်တော် မဖန်တီးစေချင်တတ်ဘူး။

ယောက်ျားတွေရဲ့ ဦးနှောက်ထဲမှာတော့ အရှုံးကို လက်မခံချင်စိတ်ဟာ အမြစ်တွယ်နေခဲ့ပြီးပါပြီ။ တကယ်လို့ သူဟာ တစ်ယောက်တည်းသာ ကားမောင်းလာမယ်ဆိုရင်တော့ ကားကိုရပ်ပြီး လမ်းမေးဖို့ ဖြစ်နိုင်ပါလိမ့်မယ်။ အဲ သူ့နံဘေးမှာ မိန်းမပါလာလို့ကတော့ ဒါဟာ သူ့ရဲ့ညံ့ဖျင်းမှုလို့ အထင်မခံလိုစိတ် ကပ်ပါလို့ပဲ ဖြစ်ပါတယ်။

မိန်းမက ပြောမယ်။ "ဘယ်နေရာလဲ မေးလိုက်လေ"ဆိုတာကို သူကြားတာက "ရှင် တော်တော်အသုံးမကျတာပဲ၊ ရှင် ဦးမဆောင်နိုင်ဘူး"လို့လေ။

ဥပမာ မိန်းမက ပြောမယ်။ "မီးဖိုထဲက ရေပိုက်ပျက်နေတယ် မောင်ရေ။ ရေပိုက်ပြင်တဲ့သူ ခေါ်လိုက်ပါတော့"ဆိုပါစို့။ သူသဘောပေါက်တာက "ရှင်ကမှ အသုံးမကျတာ၊ ခုတော့ တခြားလူတစ်ယောက် ခေါ်ခိုင်းရတော့မယ်"လို့ပေါ့။ ဒါဟာ ယောက်ျားတွေ "မှားပါတယ်"လို့ ပြောဖို့ ခဲယဉ်းတဲ့ အဖြေပါပဲ။

ယောက်ျားတွေခံယူထားတာက မှားတယ်ဆိုတာ ညံ့တာပဲ။ ဒါကြောင့် သူတို့အမှားကို ဝန်မခံချင်ကြဘူး။ ကိုယ့်ရဲ့အားနည်းချက်ကို မိန်းမ မသိစေချင်တာနဲ့ပဲ ဘယ်အထိ ဆက်မှားနေမလဲ မပြောတတ်တော့ဘူးလေ။

**အစားအသောက် ဗိုလ်ပုံချင်းကလည်းမတူ**

မိန်းမတွေစုပြီး စားကြ သောက်ကြတယ်ဆိုတာ တစ်နည်းအားဖြင့် သူ့အကြောင်း ကိုယ့်အကြောင်း ရင်းနှီးစွာ ရင်ဖွင့်ကြတာမျိုးပါ။ သူတို့ဟာ တစ်ယောက်အကြောင်း တစ်ယောက် စိတ်ဝင်တစားရှိကြတယ်။

မိန်းမချင်း နာမည်ခေါ်တာတောင်မှ အဖျားဆွတ်ပြီး ခေါ်တတ်ကြတယ်။ "နှင်စဉ်းစားကြည့်ပါဟယ်" ဆိုတာမျိုးနဲ့ ရင်တွင်းစကားချင်း ဖလှယ်ကြတာလေ။

ငွေရှင်းရတော့မယ်ဆိုရင်လည်း ဘယ်သူမှ တစ်ယောက်တည်း တာဝန်မယူတတ်ဘူး။ ခွဲတမ်းစနစ်ပဲ။ ယောကျ်ားတွေစုပြီး စားကြသောက်ကြတယ်ဆိုတာကတော့ အဲဒီအစားအသောက်အပေါ် အာရုံလုံးဝမရှိတတ်ကြပါဘူး။ အရသာလည်း ခံမနေတတ်ကြဘူးလေ။ အထူးသဖြင့် ယောကျ်ားတွေဟာ ရင်းနှီးမှုတည်ဆောက်ပြီး အလုပ်ဖြစ်ရေး ဆွေးနွေးကြတာမျိုးပါပဲ။ ရံဖန်ရံခါမှာတော့ ဟိုပြောသည်ပြောနဲ့ စိတ်တင်းကြပ်မှု ပြေဖျောက်ပစ်တဲ့ သဘောမျိုး ရှိတာ တွေ့ရပါတယ်။

ငွေရှင်းရတော့မယ်ဆိုတော့ အလုအယက် ထုတ်တတ်ကြတယ်။ သိပ်အာသီသရှိလို့တော့ မဟုတ်ပါဘူး။ အချင်းချင်း အညှာမခံချင်စိတ်ကြောင့်ပါ။

> ယောကျ်ားတွေဟာ သူတို့ ဘာကြောင့် ဒီမိန်းကလေးကို လက်ထပ်ချင်ရတာလဲဆိုတဲ့ ဝေဖန်မှုမျိုးကို သိပ်မုန်းတတ်ကြတယ်။

**အကြံပေးတာ မလိုချင်ဘူး**

ယောကျ်ားတွေဟာ အခက်အခဲ ပြဿနာကိစ္စတစ်ခုခုအပေါ် သူတို့ဘာသာ ပြေရှင်း အပြေရှာလို့ရတယ်ဆိုတဲ့ ဂုဏ်ယူမှုမျိုးကို သိပ်လိုချင်တတ်ကြတယ်။ မိတ်ဆွေသူငယ်ချင်းတစ်ယောက် ဘယ်လောက်ရင်းနှီးနေပါစေ သူ့အခက်အခဲအတွက် အကြံကောင်းပေးနိုင်လိမ့်မယ်လို့ မထင်ခဲ့ရင် သူ ဖွင့်ပြောမှာ မဟုတ်ဘူး

> သူက ဖွင့်ဟအကြံတောင်းမလာဘဲ ယောကျ်ားတစ်ယောက်ကို အကြံသွားမပေးပါနဲ့။ သူ ဒီအလုပ်ကို လုပ်နိုင်လိမ့်မယ်လို့ သင် အပြည့်အဝယုံကြည်တဲ့အကြောင်းသာ ပြောပေးပါ။

သူ့ကို ဘယ်လိုခံစားနေရသလဲဆိုတဲ့ မေးခွန်းမျိုး ဘယ်တော့မှသွားမမေးပါနဲ့။ "မောင် ဘယ်လိုခံစားနေရသလဲဆိုတာ မေသိပါတယ်"လို့လည်း သွားမပြောလိုက်နဲ့။ ဒါဟာ သူတို့ကို အကြီးအကျယ် ဝေဖန်တိုက်ခိုက်တယ်လို့ သူတို့က ခံယူတတ်တယ်။ သူတို့ အပြစ်မရှိဘူးလို့ ထောက်ပြလိုက်တာနဲ့တူနေတယ်ဆိုတာ မိန်းမတွေ သတိထားကြပါ။

## ဖြေရှင်းချက်ကို ယောက်ျားတွေ ဘာကြောင့်လို

ယောက်ျားတွေမှာ ယုတ္တိရှိတဲ့ အစက်အစဲ ဖြေရှင်းလိုစိတ်ရှိကြတယ်။ တစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်းရဲ့အကြောင်းရင်းကို သူတို့ ရှာဖွေလိုကြတယ်။ မိန်းမတစ်ယောက်က အစက်အခဲတစ်ခုခု ရင်ဆိုင်ရပြီဆိုရင် အကြောင်းရင်းတွေ ဖြေရှင်းလိုစိတ်တွေထက် သူတို့ပြောသမျှကို နားထောင်ပေးစေလိုတဲ့ ဆန္ဒသာ ရှိကြတယ်။

တကယ်ရှင်းပေးရမယ့် ကိစ္စမျိုးဆိုရင်လည်း သူတို့ အတိအကျ သိရပြီး ဖိစီးမှုမပေးဘဲ စဉ်းစားခွင့်ရချင်ကြတယ်။

တတွတ်တွတ်ပြောနေပြီး ဘာကို လိုချင်မှန်းမသိတဲ့ မိန်းမတွေရဲ့ ခံစားမှုအပေါ် သူတို့ နားမလည်နိုင်ကြဘူး။

> မိန်းမတွေကို ဖြေရှင်းချက်ပေးဖို့ မလိုပါဘူး။ သူတို့ပြောတာသာ နားထောင်နေလိုက်ပါ။

## စိတ်ဖိစီးလေ စကားများလေ မိန်းမတွေ

မိန်းမသားတစ်ယောက် စိတ်ဖိစီးမှုများလာပြီဆိုရင် စကားတွေလည်း များလာတော့တာပါပဲ။ စကားကို အမှျင်မပြတ်ပြောမယ်။ ဘယ်သူနားထောင်မလဲ။ နားထောင်တဲ့သူ စိတ်ဝင်စားတာ မစားတာ အပထား၊ နာရီပေါင်းများစွာ ပြောပြနေတော့တယ်။ အရင်က ပြဿနာရော၊ အခုပြဿနာရော၊ ဖြစ်နိုင်တဲ့ ပြဿနာရောပေါ့။ ဒီပြဿနာတွေမှာ တကယ်တော့ ဖြေရှင်းချက်၊ ကောက်နုတ်ချက်ဆိုတာတွေ မရှိဘူး။ သူတို့အတွက် ဒါတွေလည်း မလိုဘူး။

> မိန်းမတစ်ယောက်အတွက် သူ့သူငယ်ချင်းတွေနဲ့ ပြဿနာကို ဝေမျှနားထောင်ခံစားပေးခြင်းဟာ အချင်းချင်း ရင်းနှီးမှု ယုံကြည်မှုကို ဖြစ်ပေါ်စေတယ်။

ယောက်ျားတွေအတွက်ကတော့ အဲဒီလို ပြောသမျှနားထောင်ပေးဖို့ ဆိုတာ အင်မတန်မှ ခဲယဉ်းတဲ့အလုပ်ဖြစ်ပါတယ်။ သူ့အနေနဲ့ ဒါကို ပြဿနာလို့ မြင်ပြီး ဖြေရှင်းပေးဖို့ ကြိုးစားလေလေ မိန်းမနဲ့ မပြေမလည်ဖြစ်လေလေ ဖြစ်ရတော့တာပါပဲ။ ယောက်ျားဆိုတာက "ဒီနေရာမှာ အဓိကအချက်က ဘာလဲ"ဆိုတဲ့ မေးခွန်းကိုသာ ဦးနှောက်ထဲမှာ ထည့်တွေးတတ်တာကိုး။ ဒီတော့ တစ်လွဲတွေ ဖြစ်ကုန်ရောပေါ့။

သင့်အနေနဲ့ စိတ်ထိခိုက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ဘာလုပ်ပါ ညာလုပ်ပါဆိုတဲ့ ဖြေရှင်းအကြံပေးတာတွေ မလုပ်ဘဲ သူပြောသမျှ နားထောင်ရုံကလေးနဲ့ သူ့ကို နားလည်မှု ပေးလိုက်ပါ။

## စိတ်ပိစီးလေ နှုတ်ဆိတ်လေ ယောက်ျားတွေ

မိန်းမတွေက စိတ်ပိစီးလာရင် အပြင်ကို စကားလုံးတွေအဖြစ် ဖောက်ထွက်လာပေမဲ့ ယောက်ျားတွေကျတော့ သူတို့ခေါင်းထဲမှာတင်ပဲ ပေါက်ကွဲနေတယ်။ သူ့မှာ စကားလုံးတွေ ထွက်ကျလာဖို့ ဧရိယာများများစားစား မရှိတဲ့အတွက် မိန်းမတွေလို သူတစ်ပါးကို ဖွင့်ပြောဖို့ထက် သူ့ဘာသာသူ စိတ်ထဲမှာ စကားတွေပြောနေရင်း စိတ်ပိစီးခံနေရတာ ဖြစ်တယ်။ သူ့အနေနဲ့ တခြားသူကို ဖွင့်ပြောဖို့ထက် သူ့ဘာသာသူ ဖြေရှင်းဖို့သာ စဉ်းစားလေ့ရှိတယ်။

ယောက်ျားတစ်ယောက်ရဲ့ ဦးနှောက်ဟာ တစ်ချိန်မှာ တစ်ခုတည်းကိုသာ တွေးတောလုပ်ကိုင်နိုင်တာ ဖြစ်တဲ့အတွက် ဒီကိစ္စအပေါ် ဖြေရှင်းဖို့ နှုတ်ဆိတ်စဉ်းစားနေရတာ ဖြစ်တယ်။ ဒီမှာ မိန်းမက (သူ့ခင်ပွန်း၊ သူ့သား၊ သူ့အစ်ကို၊ သူ့မောင်လေး)ကို "လာလေ၊ စကားလာပြောလိုက်၊ ခံစားရတာတွေ သက်သာသွားလိမ့်မယ်"လို့ သွားပြောမယ်ဆိုရင် အမှားကြီးမှားမှာပဲ။

ယောက်ျားလေးတွေဟာ ပြဿနာဖြေရှင်းတဲ့အခါ တွက်ဆနိုင်စွမ်းကို အသုံးချတတ်ကြတယ်။ အဲဒီဧရိယာကို လှုံ့ဆော်ပြီး အကူအညီတောင်းလေ့ရှိတယ်။ သေချာတာကတော့ ဘယ်မိန်းကလေးရဲ့ အကူအညီကမှ မထိရောက်ဘူးဆိုတာပဲ။

ဝိုခြင်းနှင့်ပတ်သက်သည့် လေ့လာချက်များ

မိန်းမတစ်ယောက် ဝမ်းနည်းခံစားရတဲ့အခါ သူငိုတော့တာပါပဲ။ ချစ်သူခင်ပွန်းရဲ့ လက်မောင်းပေါ် မှီတွယ်ပြီး သူမ ခံစားရသမျှတွေ ပြောပြ ငိုကြွေးလေ့ရှိပါတယ်။ သူမအနေနဲ့ ကိုယ်ခံစားရတာတွေ ရင်ဖွင့်ပြောပြသမျှ နားထောင်ပေးဖို့ ဆန္ဒရှိတာပါ။ ဒါပေမဲ့ ယောကျ်ားအတွက်တော့ ဒါဟာ "ကျွန်မကို ကယ်တင်ပါ။ ကျွန်မ အစက်အခဲကို ဖြေရှင်းပေးပါ"ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်စေပါတယ်။

သူဟာ ငြိမ်ငြိမ်ကလေး နားထောင်ပေးရမယ့်အစား အကြံဉာဏ်တွေ ပေးပါတော့မယ်။ ဝမ်းနည်းနေတာကို ရပ်တန့်ဖို့ ကြိုးစားပါတော့မယ်။ "မငို ပါနဲ့ကွာ"လို့ သူက ပြောမယ်။ "မင်း သိပ်ပြီးခံစားမနေပါနဲ့။ ဒီ့ထက်ဆိုးတဲ့ အဖြစ်တွေ အများကြီးရှိသေးတယ်"လို့ ပြောမယ်။ ဒါဟာ ဘာနဲ့တူသလဲ ဆိုရင် သူ့အဖေနဲ့ အဘိုးတို့ရဲ့ လေသံအတိုင်းပေါ့။

မိန်းမသားအတွက်ကတော့ ဒီစကားဟာ မှားယွင်းတဲ့အားပေးမှု ဖြစ်ပါ တယ်။ ဒီလိုကြားလေလေ ပိုငိုလေလေ၊ မိန်းမက ငိုလေလေ ယောကျ်ားက ဒေါသပိုထွက်လာလေလေ ဖြစ်ပါရော။

မိန်းမတွေဟာ ယောကျ်ားတွေထက်ပိုပြီး ငိုတတ်ကြပါတယ်။ ယောကျ်ားတွေကလည်း ငိုတော့ငိုတတ်ပါတယ်။ ဒါပေမဲ့ လူကြားသူကြား၊ လူရှေ့သူရှေ့မှာတော့ ငိုခဲကြပါတယ်။

ဘောလုံးကစားတဲ့ ကောင်လေးတစ်ယောက် လဲကျဒဏ်ရာရတဲ့အခါ သူ့နည်းပြက "ထ ... ထ၊ မင်း နာကျင်နေတယ်ဆိုတာ မပြနဲ့။ ယောကျ်ား ပီပီပေါ့ကွ"လို့ ပြောလေ့ရှိတယ်လေ။

မိန်းမတွေကတော့ ဦးနှောက်နှစ်ခြမ်းဟာ အဆက်အသွယ်မပြတ်တာ မို့ နည်းနည်းကလေးခံစားရတာနဲ့ မျက်ရည်ကျလာတော့တာပေါ့။ ယောကျ်ား တွေကတော့ ငိုဖို့အတွက် အချိန်နည်းနည်းလိုပါတယ်။ ခံစားမှုအပိုင်းက အဆက်အသွယ်ရတဲ့အထိ စောင့်ရမှာပါ။ ယောကျ်ားတွေလည်း ငိုတော့ ငို တတ်ကြတာပါပဲ။

ဈေးဝယ်ထွက်တဲ့အခါ

ဈေးဝယ်ထွက်ခြင်း Shopping ဟာ မိန်းမတွေအတွက် အကြိုက်တွေ့

တဲ့အလုပ် ဖြစ်ပေမဲ့ ယောကျ်ားတွေအတွက် အကြောက်တွေ့စေတဲ့ အလုပ် ဖြစ်ပါတယ်။

မိန်းမတွေဟာ သူတို့ ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ၊ ဈေးထဲမှာ လှည့်ပတ်လျှောက်ကြည့်တတ်ပါတယ်။ ဒီပုံစံအတိုင်း လိုက်လုပ်ရတဲ့ ယောကျ်ားအတွက်ကတော့ မိနစ် ၂၀ ကြာလာတာနဲ့ ခေါင်းတွေ မူးနောက်လာတော့တာပါပဲ။

ယောကျ်ားတစ်ယောက်ကို ဈေးဝယ်ခိုင်းမယ်ဆိုရင် ဘယ်ဆိုင်၊ ဘယ်အရောင်၊ ဘယ်အရွယ်အစား၊ ဘယ်တံဆိပ်၊ ဘယ်ပုံစံဆိုတာ တိတိကျကျ ညွှန်ကြားချက်ပေးဖို့ လိုပါတယ်။

အဲဒီအခါ မိန်းမတစ်ယောက် ကြိုးစားပမ်းစား ရွေးချယ်ဝယ်ယူတာထက် ပိုပြီး အဆင်ပြေတဲ့အခြေအနေမျိုးကို အံ့သြစရာ တွေ့လာရမှာပါ။

□

# အခန်း (၇)
# ဓာတ်သဘာဝဆိုင်ရာ သောင်းပြောင်းထွေလာ



သောကြာနေ့ နေ့လည်ခင်းမှာပေါ့။ အမ်မိလီဟာ သူ့အလုပ်စားပွဲမှာ ထိုင်ရင်း စဉ်းစားနေတယ်။ မနက်ဖြန်ဟာ သူနဲ့ ဂလင်တို့ရဲ့ အချစ်နှစ်ပတ်လည်နေ့လေ။ သူတို့နှစ်ယောက် ပထမဆုံးတွေ့ကြပြီး ချစ်သူဘဝ ရောက်ခဲ့ကြတဲ့ အမှတ်တရနေ့ပေါ့။ ဂလင်ကလည်း ဒီနေ့ကို မမေ့ဘူး။ လွန်ခဲ့တဲ့ ရက်ပိုင်းကပဲ ဂလင်က ပြောခဲ့သေးတယ်။ လာမယ့်စနေနေ့ကျရင် သူမနဲ့ ဘယ်ကိုသွားရမလဲဆိုတာ စဉ်းစားနေတယ်တဲ့။

သူမက ဦးဆောင်လမ်းညွှန်မပေးခဲ့ပါဘူး။ သူ့စိတ်တိုင်းကျပဲပေါ့။ တိတ်တိတ်ကလေးပဲ စိတ်ကူးယဉ်နေမိတယ်လေ။

ညနေခင်း ဂလင်ရဲ့ဖိတ်ခေါ်မှုကို သူ ရလာမှာမဟုတ်လား။

"ဟယ်လို ... ဒါလင်"လို့ အမ်မိလီက ညင်သာတိုးတိုးကလေး ခေါ်လိုက်ပါတယ်။ "မနက်ဖြန်ကျွန်မတို့ဘာလုပ်ကြမလဲဟင်"လို့လည်း မေးလိုက်တယ်။

အမ်မိလီရဲ့အတွေးထဲမှာတော့ ကျယ်ပြောတဲ့ သောင်ပြင်ကြီးကို မြင်နေရတယ်။ သောင်ပြင်ပေါ်မှာ ပြေးလွှားကြမယ်။ သဲအိမ်ကလေးတွေ ဆောက်ကြမယ်။ လှိုင်းလုံးတွေက သူတို့ခြေထောက်တွေပေါ်က ဖြတ်ပြေးသွားကြမယ်။ ဂီတသံတိုးတိုးကလေးနဲ့ အဖြူရောင်မြင်းကလေးစီးပြီး ဖယောင်းတိုင်အလင်းရောင်အောက်က ညစာ၊ ရှန်ပိန်ကလေးမှိဲပြီး သူ့ဒူးခေါင်းပေါ် မှီအိပ်လို့။

ဂလင်က "မနက်ဖြန်ကတော့ တကယ့်နေ့ပါပဲ အချစ်ရယ်"လို့ ပြောလိုက်တယ်။ "ဒီရာသီအတွက် နောက်ဆုံးပွဲပဲလေ။ ပရီမီယာရှစ်"မှာ ဘယ်အသင်း ဗိုလ်ဆွဲမလဲဆိုတာ လူတိုင်း စိတ်ဝင်စားနေကြတာကွ"

ဒီစကားသံကြောင့် အမ်မိလီ ထအော်လိုက်တော့တယ်။

"ဒါပေမဲ့ ဒါ ကျွန်မတို့ရဲ့ ပထမဆုံး နှစ်ပတ်လည်နေ့ရှင့်"

"အို ... ဟုတ်တယ်လေ၊ ဘယ်လောက်ကောင်းသလဲကွာ။ ကိုယ့်မှာ လက်မှတ်နှစ်စောင် ရထားပြီးပြီ။ ဘောလုံးပွဲပြီးရင် ကိုယ်တို့ မင်းနေရာ ပြန်သွားကြမယ်။ ပီဇာစားပြီး ဟိုင်းလိုက်ဒ်ကြည့်ကြမယ်။ ဟိုင်းလိုက်ဒ်က ကျွန်မတို့မသိလိုက်တာတွေအားလုံး ပြန်ပြလိမ့်မယ်။

"ဒါ ကျွန်မစိတ်ကူးထဲမှာ မရှိဘူး။ ရှင်က ကျွန်မတို့ရဲ့ နှစ်ပတ်လည်နေ့ကို အရေးမစိုက်ဘူးပေါ့။ ဟုတ်လား"

အမ်မိလီ ငိုပါပြီ။ တယ်လီဖုန်းကိုလည်း ပိတ်ပစ်လိုက်ပြီ။

"သူ ငါ့ကိုမချစ်ပါဘူး၊ သူဟာ ငါ့ကို သူ့အသုံးချဖော်အဖြစ်ပဲ သဘောထားနေတာပဲ။ အို ... စုလိုသိရတာ ကောင်းပါတယ်။ ပြီးခဲ့တဲ့ ဆယ့်နှစ်လကိုတော့ နမြောမိပါရဲ့"

ဒါကတော့ ပြတင်းပေါက်နေ ငေးမျှော်ရင်း တွေးနေမိတဲ့ အမ်မီလီရဲ့ အတွေးတွေပါ။

"ဒါမှမဟုတ်ရင် ငါကပဲ တောင်းဆိုမှုတွေ များနေလို့လား။ ငါကတော့ မိသားစုဘဝလေး တည်ဆောက်ဖို့ စိတ်ကူးတွေ ယဉ်လိုက်ရတာလေ။ သူ့ကို ခင်ပွန်းတစ်ယောက်လို ပြုစုယုယပြီး သူ့စိတ်တိုင်းကျ နေပြချင်ခဲ့တာ။ သူကတော့ ကြည့်ပါဦး။ ဘောလုံးပွဲတွေ၊ သူငယ်ချင်းတွေ၊ ဘီယာခွက်တွေလောက်တောင်မှ ငါ့ကို တန်ဖိုးမထားဘူး"

အဲဒီအချိန်မှာ တခြားတစ်ဖက်မှာ ဂလင်ဟာ သူ့ရဲ့လက်ကိုင်ဖုန်းကို ချထားလိုက်ပြီး "ငါ ဘာများလုပ်မိလို့ပါလိမ့်။ ဒီလက်မှတ်တွေရဖို့ ငါ့မှာ ခဲခဲယဉ်းယဉ်း ကြိုးစားပြီး ဈေးကြီးပေးဝယ်ထားရတာ။ ဒါတောင် ငါ့ကို ချီးမွမ်းဖော်မရဘူး"

ဒါဟာ ဂလင်နဲ့ အမ်မီလီတို့ရဲ့ အတွေးချင်းမတူတဲ့ ရလဒ်ဖြစ်ပါတယ်။ ယောက်ျားနဲ့ မိန်းမတို့ရဲ့ အမြင်ချင်း၊ အကြားချင်း၊ အတွေးအခေါ်ချင်း၊ မတူညီမှုကို ဒီဥပမာလေးနဲ့ ယှဉ်တွေးကြည့်ပါ။

စနေနေ့မနက်ရောက်တော့ ဂလင်ဟာ အမ်မီလီကို သွားခေါ်လိုက်တယ်။ သူ့အနေနဲ့ ဘောလုံးအသင်း နေရာယူပုံအတွက် စိတ်ပူနေတာ အမှန်ပဲ။ သူ ဒါကို မစဉ်းစားဘဲ မနေနိုင်ဘူး။ သူ့အသင်းက ရှေ့တန်းကစားသမားတစ်ယောက် ဒဏ်ရာရပြီး ထွက်နေရတယ်လေ။ သူတို့ ဘယ်သူ့ကို အစားထိုးမှာပါလိမ့်။ ပွဲက ဘယ်လိုဖြစ်လာမလဲမသိဘူး။ စောင့်ကြည့်ရမှာပဲ။

အဲဒီအချိန်မှာ အမ်မီလီက "ဒီနေ့ ရှင် ငြိမ်လှချည်လား ဂလင်"လို့ မေးလိုက်တယ်။ "ဘာပြဿနာရှိလို့လဲဟင်"

ဂလင်က "အင်း ... သေချာတာပေါ့"လို့ ပြန်ပြောတော့ အမ်မီလီက "ငါ ဘာလုပ်ပေးရရင် ကောင်းမလဲ"လို့ တွေးနေမိတယ်။

"ဂလင့်ကိုကြည့်ရတာ စိတ်ရှုပ်နေသလိုပဲ။ ငါ သူ့ကို စိတ်ဆိုးတာ စိတ်ကောက်တာ လွန်သွားပြီထင်တယ်။ ဒါမှမဟုတ် ငါကိုယ်တိုင်ကပဲ သူ စိတ်မဝင်စားဖို့ ဖြစ်နေပြီထင်တယ်။ ငါ ခုတလော အရမ်းအလေးချိန်တွေ

တိုးလာတာ။ သူကတော့ ငါက ငါ့အမေနဲ့တူလာပြီလို့ ထင်နေတော့မှာပဲ။ သူ့နံဘေးမှာ အလုပ်လုပ်နေတဲ့ ကောင်မလေးအသစ်တစ်ယောက် ရှိနေပြီ ထင်တယ်။ သူ အဲဒီကောင်မလေးကို စိတ်ဝင်စားနေပြီထင်တယ်"

ဂလင်ဟာ မျက်မှောင်ကြုတ်လိုက်ပြီး စိတ်ဆိုးမာန်ဆိုးဖြစ်လာတယ်။ "သူတို့က ဒီအကောင်ကို ရေ့တန်းမှာ အစားထိုးတော့မယ်၊ ဟာကွာ တကယ် ဆိုးတဲ့ကိစ္စပဲ"လို့ တွေးနေမိတယ်။

အမ်မီလီဟာ ဂလင့်ကိုကြည့်ပြီး အရမ်းဝမ်းနည်းလာတယ်။ "သူ ငါ့ကို လုံးဝစိတ်မဝင်စားတော့ပါလား။ သူ ဘာကြောင့် ငါ့ကို စကားမပြောပါလိမ့်။ သူ့ကြည့်ရတာ အရမ်းစိတ်ပူနေပုံပါလား"

"ဂလင် ... ဘာပြဿနာများရှိလို့လဲ မောင်၊ ရှင် ဘာဖြစ်နေလဲဆိုတာ ပြောပြစမ်းပါ။ ဒါ ကျွန်မကြောင့်မဟုတ်လား။ ကျွန်မ နားလည်ပါတယ်။ ကျွန်မ ဘာလုပ်ပေးရမလဲ။ ဒီကိစ္စအတွက် ကျွန်မတို့ ဓာတ်လောက်ရပ်ထား ကြရအောင်"လို့ အမ်မီလီက ပြောလိုက်တယ်ဆိုရင်ပဲ ဂလင်က "ဒီမိန်းမ ဘာတွေပြောနေပါလိမ့်"လို့ တွေးလိုက်တယ်။

"ငါဟို့ရဲ့ ထိပ်သီးကစားသမားကို အထုတ်ခံထားရလို့ အသင်း အား နည်းနေပါတယ်ဆိုမှ ဓာတ်လောက်ရပ်ထားဖို့ ပြောနေတယ်။ ငါသိချင်တာ က ဒီနေရာကို အစားထိုးဖို့ ဘယ်သူအကောင်းဆုံးဖြစ်မလဲဆိုတာပဲ"

ဂလင်က အမ်မီလီဘက်လှည့်ပြီး "ဒီကိစ္စ မနက်ဖြန်နေ့လည်စာ စား ပြီးမှ ပြောကြမယ်"လို့ ပြောလိုက်တယ်။

"ဟုတ်ကဲ့ပါ မောင်၊ ရှင်က တကယ့်ကို နားလည်မှုရှိတဲ့သူပါ"

"ကိုယ်ထင်တယ် အမ်မီလီ၊ ဒီနေ့ည မင်းနဲ့အတူလာပြီး ရုပ်မြင်သံ ကြား ကြည့်ရင် သိပ်ကောင်းမယ်။ ကိုယ့်ရဲ့ TV က ဖန်သားပြင်ဟာ မင်း TV ထက် ပိုကြီးတယ်ကွ။ တို့အတူတူ highlight ကြည့်ရအောင်"

ဟော်မုန်းသွဲပြိုမှု

ဟိုးအရင်တုန်းကတော့ ဟော်မုန်းတွေဟာ ကိုယ်ခန္ဓာအပေါ်သာ သက် ရောက်မှုရှိပြီး ဦးနှောက်အပေါ် သက်ရောက်မှုမရှိဘူးလို့ ထင်ခဲ့ကြပါတယ်။ အခုတော့ ဒီဟော်မုန်းတွေဟာ မမွေးဖွားခင်ကတည်းကပဲ ကျွန်မတို့ရဲ့ ဦးနှောက်ထဲမှာ ရောက်နှင့်နေပြီဆိုတာ သိလာပါပြီ။

အရွယ်ရောက်တဲ့ ယောက်ျားလေးတွေမှာ တက်စတိုစဂုန်းဟော်မုန်းဟာ အရွယ်ရောက် မိန်းကလေးတွေထက် ၁၅ ဆကနေ အဆ ၂၀ အထိ ရှိသလို ခန္ဓာကိုယ်က လိုအပ်သလို ဦးနှောက်က ထိန်းချုပ်စီးဆင်းစေနိုင်တယ်လို့ ဆိုပါတယ်။

အရွယ်ရောက်တဲ့အခါ ဒီဟော်မုန်းဟာ ကြီးထွားမှုအတွက် အဆီ ၁၅ ရာခိုင်နှုန်းနဲ့ ပရိုတင်း ၄၅ ရာခိုင်နှုန်း အချိုး တိုးပွားအားပေးတယ်လို့ ဆိုတယ်။ ယောက်ျားလေးတွေ အမောခံနိုင်တာဟာလည်း ဒီဟော်မုန်းကြောင့်ပါပဲ။

မိန်းကလေးတွေမှာတော့ အီစထရိုဂျင်ဟော်မုန်းဟာ မိန်းကလေးရဲ့ ကိုယ်ခန္ဓာအပေါ်မှာ အဆီ ၂၆ ရာခိုင်နှုန်းနဲ့ ပရိုတင်း ၂၀ ရာခိုင်နှုန်း အချိုး အားပေးမှုရှိပါတယ်။ အဆီပိုများရတာကတော့ အမျိုးသမီးတွေဟာ ရင်သွေးကို နို့ချိုတိုက်ကျွေးရတဲ့အတွက် ဖြစ်ပါတယ်။

မိန်းကလေးတွေမှာ ဓမ္မတာလာပြီး ၂၁ ရက်ကနေ ၂၈ ရက်အတွင်း ၇ ရက်လုံးလုံးဟာ သာမန်နဲ့မတူတဲ့ ပြောင်းလဲမှုတွေ ရှိနေကြတယ်လို့ ဆိုပါတယ်။ သူတို့ရဲ့ အီစထရိုဂျင်ဟော်မုန်းတွေဟာ အဲဒီအချိန်မှာ ကျဆင်းအားနည်းနေပါတယ်။ ဒီအတွက် စိတ်ပျက်ဝမ်းနည်းတာမျိုး၊ တချို့ ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်တာမျိုး၊ တစ်ခါတရံ သတ်သေပစ်ချင်တဲ့စိတ်အထိ ခံစားရတတ်တယ်။

မိန်းမ ၂၅ ယောက်မှာ ၁ ယောက်လောက်ဟာ အဲဒီခံစားမှုကို ပြင်းပြင်းထန်ထန် လက်ခံတုံ့ပြန်တတ်တာ တွေ့ရတယ်လို့ ဆိုတယ်။ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ ဆုံးဖြတ်ချက်တွေ မှားယွင်းပြောင်းလဲသွားတာမျိုးပေါ့။ အဲဒီလိုအချိန်မျိုးမှာ မိန်းမတွေရဲ့စိတ်ဟာလည်း အားနည်းနေတတ်ပါတယ်။ ဒါကို ယောက်ျားတွေ သိထားဖို့လိုပါတယ်။

ယောက်ျားတွေမှာတော့ တက်စထရိုစရုန်း ဟော်မုန်းဟာ တက်ကြွမှု၊ အောင်မြင်မှု၊ ကြိုးစားမှု၊ ဆက်ဆံရင်းနှီးမှုတွေအတွက် အခရာဖြစ်ပါတယ်။ ဒီဟော်မုန်းရဲ့ ချို့ယွင်းချက်ကတော့ အရွယ်ရောက်လာတဲ့ ယောက်ျားလေးတွေအတွက် အန္တရာယ်ဖြစ်နိုင်ခြင်းပါပဲ။ မိဘတွေ သတိပြုသင့်တာကတော့ အရွယ်ရောက်လာပြီဖြစ်တဲ့ ယောက်ျားလေးတွေမှာ ကြမ်းတမ်းရန်လိုစိတ်တွေ ဝင်လာတတ်တယ်ဆိုတာပါပဲ။ သူတို့ဟာ ရုပ်ရှင်ကြည့်ရင်တောင်မှ အကြမ်း

အရမ်း၊ အထိုးအကြိတ်၊ အပတ်အစတ်တွေကို ရွေးချယ်တတ်ကြသတဲ့။

သုတေသနပြုချက်အရဆိုရင် ၉၂ ရာခိုင်နှုန်းသော လူငယ်ယောကျ်ားလေးတွေဟာ ထူးချွန်ထက်မြက်တက်ကြွသူတွေ ဖြစ်လာကြသလို ၉၆ ရာခိုင်နှုန်းဟာ လူဆိုးလူပေလေးတွေ ဖြစ်လာကြပြီး ၈၈ ရာခိုင်နှုန်းကတော့ လက်ရဲဇက်ရဲ၊ ထိုးရဲကြိတ်ရဲ၊ သတ်ရဲဖြတ်ရဲတဲ့သူတွေ ဖြစ်လာတတ်တာ တွေ့ရပါတယ်။ သုတေသနပြုချက်အရ ဆန္ဒစိတ်အားပြင်းမှုဟာ ယောကျ်ားတွေရဲ့ ဟော်မုန်းအများဆုံးအချိန် အရွယ်လို့ ဆိုပါတယ်။

### အချစ်ရှိလျှင် ကျန်းမာသည်


အချစ်စိတ် နိုးကြွားလာခြင်းဟာ ကိုယ်ခန္ဓာမှာရှိတဲ့ ဓာတ်သတ္တုတွေနဲ့ သက်ဆိုင်နေပါတယ်။ လူတစ်ယောက်ကို တွေ့လိုက်တာနဲ့ နှလုံးအခုန်မြန်လာတယ်၊ လက်ဖဝါးမှာ ချွေးစေးတွေထွက်လာတယ်၊ ဝမ်းဗိုက်ထဲမှာ butterflies ဖြစ်လာတယ် ဆိုတာမျိုးပေါ့။ ကိုယ့်ကိုယ်ကို လေတံခွန်လေးမှိုးပေါ်တက်သွားသလိုပါပဲတဲ့။ ဒါတွေဟာ ဓာတုဓာတ်ပြုမှု အစီအစဉ်အလိုက်ဖြစ်ပေါ်ကြုံတွေ့ရတာတွေပါ။ ဒီကမှ စိတ်နဲ့ ကိုယ်ရဲ့ လှုပ်ရှားမှုတွေ ဆက်ပါလာတယ်လို့ ဆိုပါတယ်။ ကျွန်မတို့ရဲ့ အချစ်၊ ဝမ်းနည်းမှု၊ ပျော်ရွှင်မှုစတာတွေဟာလည်း ဒီသဘောအတိုင်း ဖြစ်ပါသတဲ့။

အချစ်နဲ့ပတ်သက်ပြီး ခံစားရမှုတွေကိုပေးတဲ့ အဓိက ဓာတ်ပစ္စည်းဟာ PEA လို့ခေါ်တဲ့ phenylethylamine ဖြစ်ပြီး သူဟာ amphetamine နဲ့ ဆက်စပ်နေပါတယ်။ သူ့ကို တွေ့ရတာကတော့ ချောကလက်မှာပေါ့။

Adrenalin ကလည်း သင့်ရဲ့နှလုံးကို အခုန်မြန်စေသလို ခံစားမှုနိုးကြွစေတာ တွေ့ရပါတယ်။ ဒါတွေနဲ့အတူ endorphin ဟာလည်း ကိုယ်ခံအား စနစ်ကို တည်ဆောက်ပေးပြီး အအေးမိနေတာတောင် ပျောက်တတ်ပါသတဲ့။

နှစ်ယောက်အနမ်းဟာ ဓာတုပေါင်းစပ်မှုကို ဖြစ်ပေါ်စေတယ်။ မိန်းမရဲ့ ဦးနှောက်ဟာ ဓာတုပေါင်းစည်းမှုနဲ့ ယောကျ်ားရဲ့ကိုယ်ခံစွမ်းအားစနစ်ကို အားပေးတယ်လို့ ဆိုတယ်။ ဒါကြောင့် အချစ်နဲ့ နေထိုင်ကြတဲ့ ချစ်သူနှစ်ဦးမှာ ပိုပြီး ကောင်းမွန်သာလွန်တဲ့ ကျန်းမာရေးအနှစ်သာရကို ရရှိစေတယ်လို့ ဆိုတယ်။

အရုပ်ကလေးများကို သဘောကျ



Baby Teddy bear Skinny toy

ပုံသဏ္ဍာန်၊ အရွယ်အစားတွေဟာ မိန်းမသားတွေကို ဆွဲဆောင်မှုရှိတယ်လို့ ဆိုပါတယ်။

ပရိုဂျက်စထရုန်းဟာ ကလေးငယ်တွေအပေါ် ချစ်ခင်ထွေးပွေ့လိုတဲ့ ခံစားချက်ကို ပေးပါတယ်။ မိန်းမတစ်ယောက်ဟာ ကလေးတစ်ယောက်ကို တွေ့တာနဲ့ ပရိုဂျက်စထရုန်းကို နိုးကြားလာစေပါတယ်။ သုတေသနပြုချက်အရဆိုရင် ကလေးလေးဟာ ပုပုလုံးလုံး၊ လက်မောင်း၊ ခြေထောက် တုတ်တုတ်၊ ကိုယ်လုံး ကစ်ကစ်၊ ခေါင်းကြီးကြီး၊ မျက်လုံးပြူးပြူးဆိုရင် ဒါဟာ မိန်းမတွေကို ပိုပြီးဆွဲဆောင်နိုင်စွမ်းတယ်လို့ ဆိုပါတယ်။ အဲဒီလိုပဲ တက်ဒီဝက်ဝံရုပ်ကလေးအပေါ်မှာ စွဲလမ်းမှုရှိတတ်ပါတယ်။ ပြောရရင် ဝဝကစ်ကစ်ကလေးလိုပဲ ကိုယ်လုံးကိုယ်ထည် တောင့်တင်းတဲ့ ယောက်ျားမျိုးကို မိန်းမတွေ ပိုရင်ခုန်တတ်ကြတယ်လို့ ဆိုရမှာပါ။

ဒီပုံ ၃ ပုံကို ကြည့်ပါ။ မိန်းမတွေမှာ ထွက်လာမယ့် ပရိုဂျက်စထရုန်းအင်အားကို ပြထားတာဖြစ်ပါတယ်။ ရောင်းရအကောင်းဆုံးကတော့ ဝက်ဝံရုပ်နဲ့ မျက်လုံးပြူးပြူးအရုပ်ကလေးမျိုးတွေပါ။

ပိန်သေးသေးအရုပ်မျိုးကတော့ မိန်းမတွေအကြိုက်နဲ့ မလိုက်ဖက်လို့ ရောင်းမကောင်းတဲ့ အရုပ်ပါပဲလို့ ဆိုပါတယ်။

### ရွှေရောင်ဆံပင်ရဲ့ ဆွဲဆောင်မှု

ရွှေရောင်ဆံပင်ဟာ အီစထရိုဂျင် အဆင့်မြင့်မားမှုရဲ့ လက္ခဏာဖြစ်ပြီး ယောကျ်ားတွေကို ဆွဲဆောင်နိုင်စွမ်း ရှိတယ်လို့ ဆိုပါတယ်။ ရွှေရောင်ဆံပင် ပိုင်ရှင် မိန်းကလေးတစ်ယောက် ပထမသားဦး မွေးပြီးတဲ့အခါ အီစထရိုဂျင် အဆင့်ကျသွားပြီး သူ့မဆံပင်က အရောင်ရင့်သွားတယ်လို့ ဆိုပါတယ်။ ဒါ ဟာ ဒုတိယကလေးမွေးပြီးတဲ့အထိ ကြာတယ်တဲ့လေ။ အဲဒီလိုပဲ အသက် ၃၀ ကျော်လာတဲ့အခါ အီစထရိုဂျင် အဆင့် ၈ နည်းလာတတ်တာကြောင့် ရွှေရောင်ဆံပင် ပိုင်ရှင်မလေးတွေ ဆွဲဆောင်အားနည်းလာတာလို့ ဆိုပါတယ်။

### ယောကျ်ားတွေ ဘာကြောင့်ရလိုသလဲ

တက်စတိုစထရုန်းဟာ အောင်မြင်မှု၊ တက်ကြွမှု၊ ကြိုးစားအားထုတ်မှု တွေနဲ့အတူ ပြိုင်ဆိုင်လိုမှုတွေကိုပါ ပေးတဲ့အတွက် ယောကျ်ားလေးတွေမှာ ရန်လိုတဲ့ဒိတ်ဟာ အမြစ်တွယ်လာစေပါတယ်။ သုတေသနပြုချက်အရဆိုရင် ထောင်ထဲမှာရောက်နေသူတွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ ယောကျ်ားတွေဖြစ်နေ ခြင်းကို တွေ့ရပါသတဲ့။ ဒါ့အပြင် အားကစားသမားတွေရဲ့ တက်စထရို စထရုန်းအဆင့်ဟာ သူတို့ ပြိုင်ပွဲမဝင်မီမှာ ပြိုင်ပွဲအပြီးထက် ပိုမြင့်နေတာ ကို တွေ့ရပါတယ်။

### ယောကျ်ားတွေက အလုပ်ပိုကြိုးစား

ဂျော်ဂျီယာ စတိတ်ယူနီဗာစီတီက ပရော်ဖက်ဆာ ဂျိမ်းစ်ဒက်ဘ်စ်ဟာ စီးပွားရေး ဦးဆောင်လုပ်ငန်းရှင်တွေ၊ နိုင်ငံရေးသမားတွေက အစ အားကစား သမားတွေ၊ ဘုန်းတော်ကြီးတွေနဲ့ အတိုက်အခိုက်သမားတွေအထိ ယောကျ်ား အသီးသီးကို နမူနာယူ စမ်းသပ်ခဲ့ပါတယ်။ သူတွေ့ရတာကတော့ ထိပ်ဆုံးက လုပ်ဆောင်သူတွေဟာ နောက်လိုက်တွေထက် တက်စတိုစထရုန်းအဆင့် ပိုမြင့်တာပါပဲ။ သူတို့ဟာ သိပ်လည်းမထင်ရှားဘူး၊ အချစ်ရေးလည်း သိပ် မအောင်မြင်ဘူး။

သူ နောက်ထပ်တွေ့ရတာကတော့ အမျိုးသမီးရှေ့နေ၊ အရောင်းမန်နေ ဂျာတို့ဟာ သာမန်မိန်းမတွေထက် တက်စထရိုစထရုန်း ပိုများတယ်ဆိုတာပါ။ ဒါကြောင့် တက်စထရိုစထရုန်းဟာ အောင်မြင်မှုမှာ အဆင့်မြင့်ပြီး အောင်မြင်

မှုဟာလည်း တက်စတိုစထရုန်းအဆင့်မြင့်မှုကြောင့် ဖြစ်ရတယ်ဆိုတဲ့အဖြေကို သူ ရလာခဲ့ပါတယ်။

အလုပ်လုပ်နေတဲ့ အမျိုးသမီးတွေဟာ အိမ်မှာနေတဲ့ မိန်းမတွေထက် တက်စထရိုစထရုန်းအဆင့် ပိုမြင့်တယ်။ အဲသလိုပဲ အလုပ်လုပ်တဲ့ အမျိုးသမီးရဲ့ သမီးတွေဟာ အလုပ်မလုပ်တဲ့ အမျိုးသမီးရဲ့ သမီးတွေထက် အဆင့်ပိုမြင့်တယ်လို့ ဆိုပါတယ်။

တက်စတိုစထရုန်းဟာ တွက်ဆနိုင်စွမ်းနဲ့လည်း ဆက်စပ်နေပါတယ်။ တွက်ဆနိုင်စွမ်းဟာ အမဲလိုက်ဖို့၊ ဖမ်းဆီးဖို့အတွက် လိုအပ်တဲ့ စွမ်းရည်မျိုးဖြစ်တဲ့အတွက် ခန္ဓာကိုယ်က တက်စတိုစထရုန်းတွေ ပိုထုတ်ခြင်းအားဖြင့် စိတ်ကို ပိုထက်သန်စေပါတယ်။ စမ်းသပ်ချက်အရ ကြွက်ထီးတွေကို ကျားဟော်မုန်း အပိုထပ်ထိုးထည့်ပေးလိုက်မယ်ဆိုရင် သာမန်ကြွက်ထီးတွေထက် ပိုပြီး လျင်မြန်သွက်လက်လာတာကို တွေ့ရတယ်။ ကြွက်မတွေမှာ အဲဒီနည်းအတိုင်း ပြုလုပ်ကြည့်တဲ့အခါ ကြွက်ထီးတွေလောက်တော့ သွက်မလာပေမယ့် ရန်လိုတဲ့စိတ်ကတော့ အတူတူဖြစ်လာတာ တွေ့ရတယ်။

## မိန်းမတွေ ကားရပ်ဖို့ပုန်းတယ်

တက်စတိုစထရုန်းဟာ တွက်ဆနိုင်စွမ်းကို အားပေးတာဖြစ်တဲ့အတွက် မိန်းမဟော်မုန်း အီစထရိုဂျင်ကို Suppress လုပ်ပါတယ်။

မိန်းမတွေဟာ ယောက်ျားတွေထက် တက်စတိုစထရုန်း အားနည်းတဲ့အတွက် တွက်ဆနိုင်စွမ်းကလည်း အားနည်းပါတယ်။ ဒါကြောင့် မြေပုံဖတ်ညံ့တဲ့သူတွေဖြစ်သလို ကားနောက်ဆုတ်ရာမှာလည်း အမြဲ ခက်ခဲကြရတာပါပဲ။ မိန်းမတွေဟာ သချာပိုညံ့ကြတာလည်း တွေ့ရပါတယ်။

□

# အခန်း (၈)

# ယောက်ျား မိန်းမနဲ့ ဆန္ဒစိတ်



ယောက်ျားတစ်ယောက်ရဲ့ ဆန္ဒစိတ်ဟာ လိင်းတိုသဘောမျိုးလို့ ဆိုပါတယ်။ စက္ကန့်ပိုင်းအတွင်းမှာ အရည်အသွေးပြည့်လာတယ်။ ကျေနပ်မှုရပြီးပြီးချင်းမှာ အလျင်အမြန် အားကုန်သွားတယ်။

ယောက်ျားတွေရဲ့ တက်စတိုစထရုန်းဟော်မုန်းအားကောင်းမှုဟာ အရွယ်ရင့်လာပေမဲ့လည်း တဖြည်းဖြည်းချင်းသာ ကျဆင်းတတ်တယ်လို့ ဆိုပါတယ်။

အသက် ၄၀ ဝန်းကျင် ယောက်ျားတွေအတွက် အသက် ၂၀ ဝန်းကျင် မိန်းကလေးတွေဟာ အလိုက်ဖက်ဆုံး ဖြစ်နေတတ်ပါသတဲ့။ ဒါကြောင့် အဲဒီအရွယ်မှာ သမီးနဲ့ဦး ဇာတ်လမ်းတွေဖြစ်လေ့ရှိတာလို့ ဆိုပါတယ်။

မိန်းမတွေရဲ့ဆန္ဒစိတ်ကတော့ လျှပ်စစ်မီးဖိုတစ်လုံးလိုပါပဲတဲ့။ ပူလာဖို့နှေးကွေးသလို အမြင့်ဆုံးပူပြီးတဲ့အခါ ပြန်အေးသွားဖို့ကလည်း အချိန်ကြာတယ်လို့ ဆိုပါတယ်။


အသက် ၃၆ နှစ်က ၃၈ နှစ်အရွယ် မိန်းမတွေမှာ ဆန္ဒစိတ်အားအပြင်းဆုံးပါတဲ့။ ဆေးပညာအလိုအရ အသက် ၁၉ နှစ်အရွယ် ယောက်ျားလေးတွေဟာ ဆန္ဒစိတ်အပြင်းဆုံးဖြစ်ပြီး စွမ်းအားအရှိဆုံးလို့လည်း ဆိုပြန်ပါတယ်။

အသက် ၄၀ ဝန်းကျင် မိန်းမတွေအတွက် အသက် ၂၀ ဝန်းကျင် ယောက်ျားတွေဟာ အလိုက်ဖက်ဆုံး ဖြစ်နေတတ်တာကြောင့် အဲဒီအရွယ်တွေမှာ မမနဲ့မောင်လေး ဇာတ်လမ်းတွေ ဖြစ်လေ့ရှိတာလို့ ဆိုပါတယ်။

ယောက်ျားတွေဟာ အရွယ်ကြီးလာလည်း ဆိုင်ကယ်စီးနိုင်တယ်။ မိန်းမတွေကျတော့ အရွယ်ကြီးလာရင် ဝလာမယ်၊ သွေးအေးလာမယ်။ ချစ်ခြင်းကနေ သံယောဇဉ်မေတ္တာအသွင် ကူးပြောင်းပြီး သစ္စာကို လက်ကိုင်မထားနိုင်ရင်တော့ အဲဒီအရွယ်တွေမှာ အိမ်ထောင်ရေးဖောက်ပြန်မှုတွေအဖြစ်အများဆုံးပါပဲ။

## ဆန္ဒစိတ် ဘယ်ကလာ

သင့်ဦးနှောက်ထဲမှာ ဆန္ဒစိတ်အတွက် သီးခြားနေရာရှိပါတယ်။ အဲဒီနေရာကို hypothalamus လို့ ခေါ်ပါတယ်။





The brain's sex centre – the hypothalamus

ဒီနေရာဟာ စိတ်ခံစားမှု၊ နှလုံးခုန်ခြင်းနဲ့ သွေးပေါင်ချိန်အားတွေကို ထိန်းချုပ်ပေးပါတယ်။ ချယ်ရီသီးပမာဏလောက်ရှိပြီး ၄.၅ ဂရမ်လောက် ရှိပါတယ်။ မိန်းမမှာ ယောက်ျားထက်ပိုပြီး သေးပါတယ်။

ဒီနေရာဟာ ဟော်မုန်းကို ဖြစ်ပေါ်စေပါတယ်။ အထူးသဖြင့် ဆန္ဒစိတ်ကို လှုံ့ဆော်ပေးတဲ့ တက်စတိုစထရုန်း ဟော်မုန်းတွေကိုပေါ့။ ယောက်ျားတွေမှာ မိန်းမတွေထက် ၁၀ ဆကနေ အဆ ၂၀ အထိ ဟော်မုန်းအား ပိုကောင်းတယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း ဆန္ဒစိတ်နဲ့ပတ်သက်ရင် အမျိုးသားတွေက ပိုပြီးအားကောင်းကြတာ ဖြစ်ပါတယ်။

ဆန္ဒစိတ်နဲ့ ပတ်သက်တဲ့ အားပြဇယားကို အောက်မှာဖော်ပြပေးထားပါတယ်။




ဆန္ဒစိတ်ကို လိုက်လျောဖို့အတွက် အမျိုးသမီးတွေမှာ အကြောင်းပြချက်လိုပြီး အမျိုးသားတွေမှာ နေရာဌာန လိုပါတယ်။

မိန်းမတွေရဲ့ဆန္ဒစိတ်ဟာ အထူးသိသာထင်ရှားတဲ့ အချစ်ရဲ့လှုံ့ဆော်မှု တစ်ရပ် ဖြစ်ပါတယ်။

## စိတ်ပိစီးမှုနဲ့ ဆန္ဒစိတ်

မိန်းမတွေဟာ အလုပ်ရှုပ်တဲ့အခါ၊ စီမံခန့်ခွဲမှုတွေ လုပ်နေရတဲ့အခါ၊ သောကရောက်နေတဲ့အခါ၊ အိမ်မှာ ကလေးတစ်ယောက် ဖျားနာနေတဲ့အခါ၊ မိုးမိပြီး ပြန်ရောက်လာတဲ့အခါ၊ အိမ်ကခွေးလေး၊ ကြောင်လေးပျောက်သွားတဲ့အခါ စတဲ့ စိတ်ကသိကအောက် ဖြစ်စရာတွေ ရှိနေတဲ့အချိန်မှာတော့ သူတို့ရဲ့ ဆန္ဒစိတ်ဟာလည်း အေးစက်နေလေ့ရှိပါတယ်။

အဲဒီအချိန်မှာ သူ့ရဲ့ဆန္ဒဟာ အိပ်ပစ်လိုက်ဖို့ဆိုတာပါ။

ဒါပေမဲ့ ယောက်ျားတွေမှာကတော့ အဲသလို မိန်းမနည်းတူ ကသိကအောက်ဖြစ်မှုတွေ ခံစားနေရစေဦး ဆန္ဒစိတ်ကတော့ ရှိနေမြဲဖြစ်တယ်။ သူတို့ဟာ တစ်နေကုန် ဖိစီးပင်ပန်းသမျှတွေကို ကြင်သူ့ဧနီးထံမှာ ပြေလျော့ ပစ်ချင်တတ်ကြမြဲပါ။

အဲဒီအချိန်မှာ မိန်းမက နားမလည်၊ ကိုယ်တိုင်လည်း စိတ်မပါတော့ "ရှင်ကတော့ ဒါပဲ" ဘာညာနဲ့ စိတ်ဆိုးဒေါသဖြစ်၊ နောက်တော့ ရန်တွေ ထဖြစ်၊ ယောက်ျားက ခေါင်းအုံးဆွဲ အပြင်ထွက်၊ ဒါမှမဟုတ် အရက်သောက်။ မိန်းမက ငို၊ ဒီလိုအဖြစ်တွေကို နှစ်ဦးနှစ်ဖက် သိနားလည်စွာ ဆင်ခြင်နိုင်တတ်ကြရင် သိပ်ကောင်းတဲ့အိမ်ထောင်ရေး ဖြစ်လာမှာပါ။

## ချစ်ခြင်းရဲ့လှုံ့ဆော်မှု

မိန်းမတွေဟာ ယောက်ျားတွေလောက် ဆန္ဒစိတ် ပြင်းပြမှုအပေါ် အလေးထား ခံစားလေ့မရှိကြပေမဲ့ အံ့ဩစရာကောင်းတဲ့ လှုံ့ဆော်မှုတစ်ရပ် ဟာ ယောက်ျားတွေနဲ့ ကွဲပြားစွာ ရှိနေတတ်ပါတယ်။

အဲဒါကတော့ အချစ်ပါပဲ။

ယောက်ျားတစ်ယောက်ကို ခံစားချက်ပြင်းပြစွာ ချစ်မိတဲ့အခါ အဲဒီ မိန်းမရဲ့ ဆန္ဒစိတ်ဟာလည်း အလိုအလျောက် ဖြစ်တည်အားကောင်းလာ တတ်တယ်လို့ ဆိုပါတယ်။

ယောက်ျားတွေကတော့ ဒါကို မခံစားတတ်ကြပါဘူး။ မိန်းမတွေရဲ့

စွဲလမ်းတွယ်တာမှုနဲ့ ရူးသွပ်မှုတွေကိုလည်း နားမလည်တတ်ပါဘူး။

မိန်းကလေးတစ်ယောက်ဟာ သူ ကြည်နူးရူးသွပ်ခံစားရတဲ့ ကာလတိုလေးတစ်ခုကို သုံးလကနေ ခြောက်လအတွင်း တသသတွေးရင်း စွဲလမ်းနေတတ်ပါတယ်။ ဒါကို ယောကျ်ားတွေ ယုံကြည်လက်ခံလေ့ မရှိတတ်ကြပါဘူး။ ဒါပေမဲ့ ဒါဟာ တကယ့်ကို အမှန်စင်စစ်ဖြစ်ပါတယ်။

ယောကျ်ားတွေအတွက်မှာတော့ သာယာမှုဆိုတာ သူတို့ဦးနှောက်မှာ ရှည်နှောင်ထားတဲ့ ကြိုးပါပဲ။ သူတို့မှာ တက်စထဝရိုစထရန်းတွေ သာမန်ထက်ပိုကဲရှိနေခြင်းအားဖြင့် သူတို့ရဲ့ ဆန္ဒစိတ်ကို လှုံ့ဆော်တိုက်တွန်းနေတာဖြစ်တယ်။

သူတို့ဟာ ဇီဝနည်းအားဖြင့် တစ်လင်တစ်မယားစနစ်ကို နာခံဖို့ မလိုလားဘူးလို့ ဆိုပါတယ်။ တချို့ဆိုရင် တစ်လင်တစ်မယားစနစ်ထဲမှာ ဘာတွေပါဝင်ပတ်သက်နေသလဲလို့တောင် တွေးပြီး စိုးရွံ့တွေဝေလေ့ရှိတယ်လို့လည်း ဆိုပါတယ်။ အဲဒီအတွက် ယောကျ်ားတွေမှာ အိမ်ထောင်ဖက်မဟုတ်ဘဲ မေထုန်မှီဝဲခြင်းအပေါ် သာယာတတ်တဲ့ ကြီးမားသော အန္တရာယ်မျိုး ပေါက်ဖွားလာတတ်ပါတယ်။ ဒါကို ထိန်းချုပ်ဟန့်တားနိုင်မှု မရှိရင်တော့ တကယ့်ချောက်ကမ္ဘားထဲ ပြုတ်ကျဖို့သာ ရှိပါတယ်။ အသက်ရှည်ဖို့ အာမမခံနိုင်တဲ့ အဖြစ်မျိုးတွေ ကြုံလာနိုင်ပါတယ်။

သုံးသပ်ရမယ်ဆိုရင် မိန်းမတွေဟာ အချစ်စကားတွေ ကြားနေချင်၊ အချစ်ကို ခံစားကြည်နူးနေချင်၊ အချစ်နဲ့ ထိတွေ့သာယာချင်ပြီး ချစ်သူကို ရူးသွပ်စွာ ချစ်ကြတယ်။ ယောကျ်ားတွေကတော့ အမြဲတွေ့မြင်ချင်၊ အမြဲဆန္ဒရှိ၊ အမြဲ အတူတူနေချင်ပြီး ချစ်သူကို တပ်မက်စွာ ချစ်ကြတာဖြစ်ပါတယ်။

## ဆန္ဒစိတ်ကို လျော့လာခြင်း

ခရစ်နှစ် ၂၀၀၀ ခုနှစ်က ဩစတြေးလျနိုင်ငံမှာ စုံတွဲအလိုက် လေ့လာမှုတွေ ပြုလုပ်ခဲ့ရာ အောက်ပါဇယားအတိုင်း တွေ့ရပါတယ်။

| အသက် | ဆန္ဒကြိမ်နှုန်း |
|---|---|
| ၂၀ နှင့်အထက် | တစ်နှစ်လျှင် ၁၄၈ ကြိမ် |
| ၃၀ နှင့်အထက် | တစ်နှစ်လျှင် ၁၁၀ ကြိမ် |
| ၄၀ နှင့်အထက် | တစ်နှစ်လျှင် ၇၈ ကြိမ် |

| | |
|---|---|
| ၅၀ နှင့်အထက် | တစ်နှစ်လျှင် ၆၁ ကြိမ် |
| ၆၀ နှင့်အထက် | တစ်နှစ်လျှင် ၆၁ ကြိမ် |

ဒီဇယားကတော့ ပျမ်းမျှဖြစ်ပါတယ်။ တချို့ အသက် ၆၅ နှစ်အရွယ်မှာ တစ်ပတ်ကို ၆ ကြိမ်အထိ ရှိတတ်သလို တချို့ အသက် ၂၀ အရွယ်မှာ ဆန္ဒစိတ် လုံးဝမရှိတာမျိုးလည်း ရှိပါတယ်။

စိတ်ဝင်စားစရာကောင်းတာကတော့ ခုတွဲ ၈၁ ရာခိုင်နှုန်းဟာ သူတို့ရဲ့ ဆန္ဒစိတ် ရှင်သန်မှုအပေါ် ကျေနပ်အားရရှိကြတယ်ဆိုတာပါပဲ။

## ဦးနှောက်ထဲက ဆန္ဒစိတ်

သုတေသနပြုချက်အရ ပါးနပ်ထက်မြက်သူတွေမှာ ဆန္ဒစိတ် နည်းပါးတယ်လို့ ဆိုပါတယ်။ ဘွဲ့လွန်ဒီဂရီရှိသူတွေဟာ တစ်နှစ်မှာ ဆန္ဒစိတ် ၅၂ ကြိမ် ရှိပေမဲ့ သာမန်ဘွဲ့ရတွေကတော့ ၆၁ ကြိမ်ရှိပြီး ကျောင်းတက်ဆဲ လူငယ်များက ပျမ်းမျှ ၅၉ ကြိမ်ရှိတာကို တွေ့ရတယ်။ အလုပ် ၅ နာရီကနေ ၉ နာရီအထိ ရှိတဲ့အမျိုးသားတွေမှာ တစ်နှစ် ၄၈ ကြိမ်ရှိပြီး တစ်ပတ်ကို နာရီ ၆၀ အလုပ်လုပ်ရတဲ့သူတွေကတော့ ၈၂ ကြိမ်ရှိတယ်လို့ သုတေသနပြုထားပါတယ်။

ယောက်ျားတွေအတွက် တက်စ်တိုစထေရုန်းဟာ တစ်ရက်မှာ ၅ ကြိမ်ကနေ ၇ ကြိမ်လှိုင်းထပါသတဲ့။ နေပူတဲ့အချိန်မှာ အမြင့်ဆုံးဖြစ်ပြီး တက်ကြွစွာ အလုပ်မစခင်မှာ ပိုအရှိန်မြင့်တယ်လို့ ဆိုပါတယ်။ ပျမ်းမျှအားဖြင့် ညနေခင်းမှာတော့ ၃၀ ရာခိုင်နှုန်းအဆင့်အထိ နိမ့်ကျသွားပါရောတဲ့။

## မတူညီတဲ့ဆွဲဆောင်မှု

ဆန္ဒစိတ်နဲ့ ပတ်သက်လာရင် မိန်းမနဲ့ ယောက်ျားမှာ မတူညီတဲ့ ဆွဲဆောင်မှုတွေ ရှိကြတယ်။ မိန်းမတွေဟာ အကြားအာရုံအပေါ်မှာ အရသာခံယူလေ့ရှိတယ်လို့ ဆိုတယ်။ သူတို့ရဲ့ ဆက်သွယ်မှုလမ်းကြောင်းဟာ နားတွေပါတဲ့။ ယောက်ျားရဲ့ ပုံပန်းသဏ္ဍာန်ဟာ သူတို့ကို ဘယ်လိုမှ မဆွဲဆောင်ပါဘူး။ စကားလုံးတွေကသာ စိတ်ဆန္ဒကို ဖြစ်စေပါသတဲ့။

မိန်းမတစ်ယောက် မျက်စိစုံမှိတ်ပြီး ချစ်သူယောက်ျားရဲ့ စကားတွေကို နားထောင် သာယာကြည်နူးခြင်းဟာ သူမအလိုလားဆုံးသော ဆွဲဆောင်

မှု ဖြစ်တယ်လို့ ဆိုပါတယ်။

ယောကျ်ားတွေကတော့ အမြင်အာရုံအပေါ်မှာ အရသာခံယူလေ့ရှိကြပါသတဲ့။ ဒါကြောင့်လည်း သူတို့ဟာ မိန်းမလှလေးတွေရဲ့ ပုံတွေကို စိတ်ဝင်စားစွာ အရသာခံကြည့်တတ်ကြတာပါ။ သူတို့ရဲ့ဆက်သွယ်မှုလမ်းကြောင်းဟာ မျက်လုံးတွေပါပဲ။


များသောအားဖြင့် မိန်းမတွေဟာ အလင်းရောင်ကို မကြိုက်ကြဘူး။ သူတို့ကို ကျေနပ်ပြုံးနဲ့ ကြည့်လာမယ့် ယောကျ်ားရဲ့မျက်လုံးဒဏ်ကို မခံနိုင်ကြဘူး။ ယောကျ်ားတွေကတော့ လင်းနေမှ သဘောကျတတ်တယ်။

မိန်းမတွေဟာ အကြောင်းပြချက်တွေအပေါ်မှာလည်း သိပ်အလေးအနက် မထားကြဘူး။ သူတို့ဟာ အချစ်နဲ့ ကြင်နာမှုကိုသာ စိတ်ကူးသာယာတတ်ကြတယ်။ ပတ်ဝန်းကျင်သစ်ကိုလည်း စနိုးစနောင့် မဖြစ်တတ်ဘူး။ သူတို့အတွက် အကျိုးသက်ရောက်မှု ရှိခြင်းသာ အဓိကပဲလို့ ဆိုပါတယ်။

ယောကျ်ားတွေကတော့ ဇီဇာကြောင် နေရာရွေးတတ်ကြတယ်။ ဒါဟာ မိန်းမတွေကို ထိခိုက်စေတယ်လို့ ဆိုပါတယ်။ လျင်မြန်မှုဟာ အထိအခိုက် မရှိပါဘူးတဲ့။ ကျန်းမာသန်စွမ်းတဲ့ မိန်းမတစ်ယောက်အတွက် အလုံလောက်ဆုံး အချိန်ဟာ (၁၃)မိနစ်လို့ ဆေးပညာအလိုအရ ဆိုပါတယ်။

## ရာသီကိုလိုက်ပြီး ကွဲပြားသတဲ့

မိန်းမတွေရဲ့ ဆန္ဒစိတ် အမြင့်ဆုံးရာသီဟာ ဆောင်းဦးရာသီဖြစ်တယ်လို့ သုတေသနပြုချက်အရ ဆိုထားပါတယ်။ အောက်ပါဇယားကို လေ့လာကြည့်ပါ။



### ဘာကိုစိတ်ဝင်စားသလဲ

အောက်မှာဖော်ပြထားတာတွေကတော့ ယောက်ျားရော မိန်းမပါ စိတ်ဝင်စားမှု အသီးသီးဖြစ်ပါတယ်။ ခက်တာက သူတို့အချင်းချင်းမှာတော့ ဒါကို နားမလည်ကြပါဘူး။ ဒီစိတ်ဝင်စားမှုတွေဟာ သူတို့ရဲ့ ဦးနှောက်က ဆန္ဒစိတ်ကို နှိုးကြားစေတာဖြစ်တယ်လေ။ ယောက်ျားတွေက အမြင်အာရုံကို အဓိကထားသလို မိန်းမတွေက အကြားအာရုံ၊ ခံစားချက်၊ အထိအတွေ့နဲ့ စိတ်ကူးယဉ်မှုကို အလေးပေးထားတယ်ဆိုတာ တွေ့ရမှာပါ။

| မိန်းမအကြိုက် | ယောက်ျားအကြိုက် |
|---|---|
| ၁။ စိတ်ကူးယဉ်မှု | ၁။ အပြာရုပ်ရှင် |
| ၂။ ကတိစကား | ၂။ မိန်းမအဖော်အချွတ် |
| ၃။ ဆက်သွယ်ပြောဆိုခြင်း | ၃။ မှုကွဲ၊ မျိုးခုံပုံစံ |
| ၄။ ပွတ်သီးပွတ်သပ်နေခြင်း | ၄။ အမျိုးသမီးအတွင်းခံ |
| ၅။ ဆန္ဒစိတ်မဲ့ ထိတွေ့မှု | ၅။ သူမနှင့်တွေ့ဆုံနိုင်ခွင့် |

သုတေသနပြုချက်အရကတော့ ယောက်ျားတွေဟာ ကျန်းမာသန်စွမ်းပြီး သူတို့အတွက် နှစ်သက်တပ်မက်ဖွယ် မိန်းမမျိုးကို ရှာဖွေတတ်ကြတယ်။ သူတို့အတွက် ကိုယ်ဝန်ဆောင်ပေးနိုင်မယ့် မိန်းမမျိုးကို အိမ်ထောင်ဖက်ဖြစ်ချင်တတ်တယ်။ မိန်းမတစ်ယောက်ကတော့ ကလေးတွေမွေးပြီး အိမ်ထောင်တစ်ခု တည်ဆောက်ရာမှာ သူ့အတွက် အချိန်အကြာကြီး စောင့်ရှောက်မြှင့်တင်ပေးနိုင်မယ့် ယောက်ျားကို လိုချင်တယ်။

နှစ်ယောက်စလုံးအတွက် ဒီတွန်းအားဟာ အရေးပါတယ်။ ဒါဟာ မိန်းမတွေ ဘာကြောင့် ကတိစကားလိုချင်သလဲဆိုတာ သိသာတယ်။

### ငပ်ချောင်းအကြောင်း

မိန်းမနဲ့ ယောက်ျား နှစ်ယောက်အတူ လမ်းလျှောက်လာကြတယ်။ မိန်းမကတော့ မြင်ကွင်းကျယ်ကျယ်မြင်နိုင်သူပီပီ ပတ်ဝန်းကျင်ကို ဖြန့်ကျက်ကြည့်လို့ ယောက်ျားကတော့ ရှေ့တူရှုကိုပဲ တည့်တည့်ကြည့်ရင်းပေါ့။

အဲဒီမှာ သူတို့ရှေ့တည့်တည့်က လမ်းလျှောက်လာတဲ့ ကောင်မလေး

တစ်ယောက် စကတ်အခွဲလေးက လေအဝှေ့မှာ တလှပ်လှပ်နဲ့လေ။ ဒီတော့ ယောကျ်ားရဲ့မျက်လုံးတွေက ပေကလပ်၊ ပေကလပ်နဲ့ အကြည့်တွေရပ်။

နံဘေးက မိန်းမကလည်း ဒီအဖြစ်ကို မကြည့်ဘဲသိနေ၊ မြင်နေ၊ သူ့မျော ကိုယ့်ခန္ဓာကိုယ်နဲ့ အဲဒီမိန်းကလေးကို နှိုင်းယှဉ်နေမိပြီး စိတ်တိုင်းမကျ ဖြစ်သွားရ။

ယောကျ်ားကလည်း သူငမ်းကြောထမိပုံကို မိန်းမ မကြည့်ပြုမှန်း သိပါတယ်။

အဲဒီအချိန် မိန်းမမှာ စံစားချက်နှစ်မျိုး ဖြစ်သွားခဲ့တယ်။ "သူက ငါ့ကို ဒီကောင်မလေးနဲ့ ယှဉ်ကြည့်တော့မှာပဲ"ဆိုတဲ့ အထင်မှား။ နောက်တစ်မျိုးက "ငါဟာ အဲဒီကောင်မလေးလောက်မှ သူ့အပေါ် ဆွဲဆောင်မှုမရှိပါလား"ဆိုတဲ့ အတွေးမှား။

တကယ်တော့ ငမ်းခြင်းဟာ ဆွဲဆောင်မှုနဲ့ ဘာမှမသက်ဆိုင်တဲ့ကိစ္စပါ။ မိန်းကလေးတစ်ယောက်ကို ငမ်းမိခြင်းဟာ အဲဒီမိန်းကလေးကို ချစ်မိခြင်း မဟုတ်ပါ။ အဲဒီမိန်းကလေးနဲ့ အတူနေလိုက်ရရင်ဆိုတဲ့ ဆန္ဒမျိုးလည်း မဖြစ်ပေါ်တတ်ပါ။ ဒါဟာ ယောကျ်ားသဘာဝ သက်သက်သာ ဖြစ်ပါတယ်။

အဲဒီလို ခေတ္တခဏ ကြည့်လိုက်ဆုံလိုက်ရခြင်းအတွက်လည်း ယောကျ်ားမှာ ကာလကြာရှည် စွဲလန်းကျန်ရစ်ခဲ့တာမျိုး မရှိပါ။ သူတို့အတွက် ဒါဟာ အရသာခံရုံသက်သက်ပါပဲ။

ကိုယ့်ချစ်သူ အနားမှာရှိပြီး တခြားမိန်းကလေးတစ်ယောက်ကို ချစ်မိခြင်းဟာ ချစ်သူအပေါ် မချစ်တော့လို့လည်း မဟုတ်ပါ။ သစ္စာမဲ့ခြင်းလည်း မဟုတ်ပါ။ ဒါဟာ ဇီဝဆိုင်ရာ လှုပ်ရှားမှုသက်သက်ပဲဖြစ်ပါတယ်။

အဲဒီလိုပဲ မိန်းမတွေဟာလည်း ကောင်လေးချောချောတွေ့ရင် ကြည့်မိတတ်ပါတယ်။ ဒါပေမဲ့ မိန်းမတွေမှာတော့ ဒီအပေါ် ဘယ်လိုအရသာမှ မခံတတ်ကြတာ တွေ့ရပါတယ်။

မိန်းမတွေ နားလည်ကြဖို့ လိုတာက မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ် အချိုးအစားဟာ ယောကျ်ားတစ်ယောက်ကို ဘယ်နည်းနဲ့မှ မချည်နှောင်ဘူး ဆိုတာပါပဲ။ အဲသလိုပဲ ယောကျ်ားတွေနားလည်ဖို့လိုတာက ငမ်းခြင်းအပေါ် မှာ ဘယ်မိန်းကလေးကမှ တန်ဖိုးမထားဘူး ဆိုတာပါပဲ။

မိန်းမတွေက ယောကျ်ားတွေ တကယ် ဘာလိုသလဲဆိုတာ မသိကြ

သလို ယောက်ျားတွေဟာလည်း မိန်းမတွေ ဘာတွေတောင့်တတတ်တယ် ဆိုတာ မသိတာကြောင့် နှစ်ကိုယ်ကြား အဆင်မပြေမှုတွေ ဖြစ်နေရတာပါပဲ။

ကမ္ဘာပေါ်မှာ မယ်စကြဝဠာရွေးပွဲ၊ မယ်ကမ္ဘာရွေးပွဲတွေ နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းအပေါ် လူတွေ စိတ်ဝင်တစားရှိကြပါတယ်။ အထူးသဖြင့် အမျိုးသားတွေ မျှော်လင့်တောင့်တကြတဲ့ ပွဲမျိုးပေါ့။ ဒါပေမဲ့ မောင်ကမ္ဘာရွေးပွဲကိုတော့ အမျိုးသမီးတွေ စိတ်မဝင်စားကြဘူးလေ။ ဒါဟာ အမျိုးသားနဲ့ အမျိုးသမီး ကွဲပြားပုံကို သိသိသာသာပြတဲ့အချက်ပါ။

ယောက်ျားတွေဟာ စီဝဆိုင်ရာ အရသာခံမှုအနေနဲ့ မိန်းမတွေထက် အဆင့်ပိုနေတယ်ဆိုတာ သိထားသင့်တဲ့ အချက်တစ်ခုပါပဲ။

## အခန်း (၉)

## ထိပ်းမြားလက်ထပ်ခြင်း၊ အချစ်နှင့် စိတ်ကူးယဉ်



ကျွန်မက ပွင့်လင်းပြီးသားပြီ၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးချင်တဲ့ ယောက်ျားမျိုးကိုပဲ လိုချင်တယ်။
ကစားတတ်တဲ့ ယောက်ျားမျိုး မလိုချင်ဘူးရှင့်။

တစ်နေ့တော့ ဘုရားသခင်က အာဒံဆီရောက်လာပြီး ပြောသတဲ့။

"မင်းကို ကောင်းသောသတင်းပေးဖို့ရှိတယ် အာဒံ၊ အဲသလိုပဲ ဆိုးသောသတင်းလည်း ပေးဖို့ရှိတယ်"လို့ ဆိုတယ်။

"ကောင်းပါပြီ အဖဘုရားသခင်၊ ကောင်းသောသတင်းကို အရင် ချီးမြှင့်တော်မူပါ"

အာဒံက တောင်းဆိုလိုက်တယ်။

"မင်းအတွက် အင်္ဂါနှစ်ခု အသစ်ပေးတော်မူမယ်။ တစ်ခုက ဦးနှောက်ပဲ။ ဦးနှောက်ဟာ မင်းကို အသိဉာဏ်တွေ ရှင်သန်ပွံ့ဖြိုး ရင့်ကျက်လာဖို့ ဆောင်ရွက်ပေးလိမ့်မယ်။ မင်းဟာ စဝနဲ့ ကောင်းကောင်း စကားပြောနိုင်လာ လိမ့်မယ်။ နောက်တစ်ခုကတော့ လိင်အင်္ဂါပဲ။ ဒါဟာ မင်းအတွက် အသိ တရားတစ်ခုကို ဆောင်ကြဉ်းပေးပြီး ဒီကမ္ဘာဂြိုဟ်မှာ လူကြိုက်များလာမယ့် ထုတ်လုပ်မှုတွေကို ဖန်တီးပေးနိုင်လိမ့်မယ်"

အာဒံ သိပ်စိတ်ဝင်စားသွားတယ်။

သူ အားရပါးရ ကြွေးကြော်တယ်။

"ကောင်းမွန်လှတဲ့ လက်ဆောင်တွေကို အဖဘုရားသခင်က ပေးအပ် ချီးမြှင့်ခြင်းအတွက် တပည့်တော် ဂုဏ်ယူပါတယ်။ မကောင်းတဲ့လက်ဆောင် ကိုလည်း ခံယူဖို့အသင့်ပါဘုရား"

အဲဒီအခါ

"မကောင်းတဲ့သတင်းကတော့ အဲဒီအင်္ဂါနှစ်ရပ်ကို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်ဖို့အတွက် မင်းကို လုံလောက်သော သွေးသားတွေ ငါမပေးနိုင် တာပါပဲ"လို့ ဘုရားသခင်က ပြန်ပြောလိုက်ပါသတဲ့။

### လက်ထပ်ထိမ်းမြားခြင်း

မိန်းမတွေအတွက် လက်ထပ်ထိမ်းမြားခြင်းဆိုတာ အလိုချင်ဆုံးဆန္ဒ ဖြစ်ပါတယ်။

သူတို့ဟာ ချစ်သူယောက်ျားကို တစ်ဦးတည်းသီးသန့် ပိုင်ဆိုင်ခွင့်ရရှိ ခြင်းအတွက် သိပ်ကိုကျေနပ်ကြတယ်။ သူတို့ကို အလေးထားရည်ရွယ် လက်ထပ်ခြင်းအတွက် ပတ်ဝန်းကျင်ကို ကြွေးကြော်ဂုဏ်ယူပစ်ချင်ကြသူတွေ ပါပဲ။

အဲသလို လက်ထပ်ထိမ်းမြားပြီဆိုတာနဲ့ မိန်းမရဲ့ဦးနှောက်ထဲမှာ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်လို့ သုတေသနပြုသူတွေက ဆိုပါတယ်။

တရားဝင် ပိုင်ဆိုင်ခွင့်ရပြီးတဲ့ ယောက်ျားအပေါ်မှာ မိန်းမရဲ့ဆန္ဒစိတ်ဟာ လေးဆကနေ ငါးဆအထိ တက်လာတယ်လို့ ဆိုပါတယ်။ လက်လွှတ်ဆုံးရှုံး မခံရလိုမှုကလည်း နှစ်ဆကနေ သုံးဆအထိ တက်လာတယ်လို့ ဆိုတယ်။

ယောက်ျားတွေမှာရှိတဲ့ ပြဿနာကတော့ အချစ်ဟာ ဆန္ဒစိတ်နဲ့ မဆိုင်ဘူးဆိုတဲ့ အသိပါပဲ။ ဦးနှောက်ထဲမှာ အချစ်နဲ့ ဆန္ဒစိတ်ဟာ ယောက်ျားတွေအတွက် သီးသန့်ရှိနေပေမဲ့ မိန်းမတွေအတွက်တော့ နွယ်ယှက်ရစ်ပတ်နေတယ်လို့ ဆိုပါတယ်။

ယောက်ျားတွေဟာ အချစ်မပါဘဲ တခြားမိန်းမတစ်ယောက်နဲ့ ဆန္ဒစိတ်ချင်း ပတ်သက်မိတတ်ပြီး အဲဒီအတွက် အိမ်ထောင်ရေး ပြိုကွဲခြင်းကို ရင်ဆိုင်ရတော့တာပါပဲ။ မိန်းမတွေဟာ အဲဒီအပေါ် လုံးဝသည်းမခံ ခွင့်မလွှတ်နိုင်ကြပါဘူး။

ဒါကြောင့် လက်ထပ်ထိမ်းမြားခြင်းဟာ ယောက်ျားတစ်ယောက်အတွက် ကောင်းမွန်တဲ့ အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ လက်ထပ်ခြင်းအားဖြင့် သစ္စာတရား၊ သည်းခံနိုင်စွမ်း၊ ချုပ်တည်းနိုင်ခြင်း၊ တန်ဖိုးထားတတ်ခြင်း ဆိုတဲ့ အရည်အသွေးတွေကို မွေးမြူသင်ကြားပေးပါလိမ့်မယ်။

**အချုပ်ဆိုရရင်**

**ဆန္ဒစိတ်ဟာ မိန်းမတွေအတွက် လက်ထပ်ခြင်းက ပေးတဲ့ လက်ဆောင်ဖြစ်ပြီး လက်ထပ်ခြင်းက ယောက်ျားတွေအတွက် ဆန္ဒစိတ်က ပေးတဲ့လက်ဆောင် ဖြစ်ပါတယ်။**

## ဦးနှောက်ထဲမှာ အချစ်တည်ရာ

အချစ်မှာ ရူးသွပ်နေကြပါတယ်ဆိုတဲ့ မိန်းကလေး ၁၁ ယောက်နဲ့ ယောက်ျားလေး ၆ ယောက်ရဲ့ ဦးနှောက်တွေကို ၂၀၀၀ ခုနှစ်၊ ဇွန်လမှာ လန်ဒန် ယူနီဗာစီတီကောလိပ်က ပရော်ဖက်ဆာ စမင်ဇီကီနဲ့ အင်ဒရူးဘာရိလာတို့က သုတေသနပြုခဲ့သတဲ့။ သူတို့ဟာ လွန်ခဲ့တဲ့ ၆ လကနေ ၁၂ လအတွင်း ချစ်သူဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ သူတို့ကို သူတို့ချစ်သူနဲ့ တခြား

သုငယ်ချင်းစာတ်ပုံတွေ တစ်လုည့်စီပြလိုက်တဲ့အခါ သိပ္ပံပညာရှင်တွေ ရှာဖွေတွေ့ရှိတာကတော့ ဦးနှောက်ရဲ့နေရာ ၄ နေရာဟာ ချစ်သူနဲ့ပတ်သက်ပြီး လှုပ်ရှားမှုရှိလာတယ်လို့ ဆိုပါတယ်။

၂ နေရာဟာ ဆယ်ရီဘရမ်လ်ကော်တက်စ် cerebral cortex မှာရှိပြီး ဒီနေရာက ဦးနှောက်ရဲ့အဆင့်မြင့်တဲ့အပိုင်း ဖြစ်တယ်။ တစ်နေရာက medial insula မီဒီယယ်အင်ဆုလာဖြစ်ပြီး၊ ဒီနေရာက အလိုက်အသည်းလိုက် ခံစားချက်ကို ပေးတယ်။ နောက်တစ်နေရာက စင်ဂူလိတ်အတွင်းပိုင်း interior cingulate ဖြစ်ပြီး ဒီနေရာက ဝမ်းသာစိတ် ဖြစ်ပေါ် စေတဲ့ မူးယစ်ဆေးအပေါ် တုံ့ပြန်မှုရှိသတဲ့။

နောက် ၂ နေရာကတော့ ပိုနက်ရှိုင်းပြီး ပိုရှေးကျတဲ့ ဘေစယ်လ် (ဂန်ဂလင်)အပိုင်း basal (ganglin) မှာရှိပြီး သူက အကျိုးခံစားမှု အတွေ့အကြုံရှာဖွေခြင်းနဲ့ အရက်စွဲ၊ ဆေးစွဲခြင်းအပေါ် တုံ့ပြန်မှုရှိသတဲ့။

ဒီရှာဖွေတွေ့ရှိချက်အရ ပြောရရင် အချစ်ဟာ အလိုက်အသည်းလိုက် ခံစားချက်၊ ဆေးစွဲခြင်းနဲ့တူတဲ့ အခြေအနေနဲ့ စိတ်စာတ်ကျခြင်းကို မဖြစ်ပေါ်စေဘူးဆိုတာ ကောက်ချက်ချနိုင်တယ်လို့ ဆိုရပါမယ်။

အမေရိကန် မနုဿဗေဒ ပညာရှင် ဒေါက်တာ ဟယ်လင်ဖစ်ရှာရဲ့ စမ်းသပ်တွေ့ရှိချက်ကလည်း စိတ်ဝင်စားစရာ ကောင်းပါသေးတယ်။ သူက ဦးနှောက်ထဲမှာ စိတ်ခံစားချက်ကို သုံးမျိုး ကွဲပြားထိန်းချုပ်တယ်လို့ ဆိုတယ်။ အဲဒါတွေကတော့ ငမ်းငမ်းတက် တပ်မက်ခြင်း၊ အရူးအမူးစွဲလမ်းခြင်းနဲ့ တွယ်တာမှု သံယောဇဉ်တို့ ဖြစ်တယ်။

ခံစားချက်အသီးသီးမှာ ဦးနှောက်ထဲက ဓာတုအပြောင်းအလဲတွေ ရှိတယ်လို့ သူက ဆိုတယ်။ ပထမအဆင့် ငမ်းငမ်းတက် တပ်မက်ခြင်းမှာတော့ သိပ်ပြီး မပြင်းထန်သေးဘူးတဲ့။ အရူးအမူးစွဲလမ်းတဲ့အဆင့်ကို ရောက်တော့ ဦးနှောက်ထဲမှာ ပေါက်ကွဲနေပြီ။ အပြင်ထုတ်လို့ မရတော့ဘူး။ သင့်ဦးနှောက်က သူ့ကို အရည်အချင်းကောင်းတွေချည်း ရွေးပြီးမြင်နေပြီ။ သူ့ရဲ့ မကောင်းတဲ့အကျင့်ဆိုတာကိုလည်း အရေးမထားတော့ဘူး။

ဒီအဆင့်မှာ ဦးနှောက်က ချစ်သူနဲ့ လက်ထပ်ဖို့အဆင့်အထိ တက်သွားစေတယ်။ တစ်စုံတစ်ယောက်က ဒါကို တားမြစ်မယ်ဆိုရင်လည်း အရမ်းပဲ ခံစားလက်မှိုင်ချပြီး မျှော်လင့်ချက်မဲ့သူတစ်ယောက်လို ဖြစ်သွားစေတယ်။

တချို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတဲ့အထိ ဖြစ်သွားတတ်တယ်။

ဒါပေမဲ့ ဒီအရူးအမူးစွဲလမ်းခြင်းဟာ ယာယီသာဖြစ်တယ်။ ၃ လကနေ ၁၂ လအတွင်းမှာ ဒီခံစားချက် ပျောက်သွားနိုင်ပါတယ်။ ချစ်သူတွေ အရမ်း သတိထားရမယ့်ကာလပေါ့။

ဒီကမှ တွယ်တာမှုသံယောဇဉ်အဆင့်ကို ရောက်သွားတဲ့အခါ တည်ငြိမ်မှုလည်း တော်တော်ရသွားပါရော။

> အရူးအမူးစွဲလမ်းခြင်းဟာ သဘာဝရဲ့ ပရိယာယ်တစ်မျိုး ဖြစ်ပြီး ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် စွဲလမ်းမှုကာလ အလုံအလောက်ရှိဖို့ အာမခံပေးနိုင်တယ်။

## ချစ်တယ် I LOVE YOU

မိန်းမတွေအတွက် ရှင့်ကို ကျွန်မချစ်တယ်လို့ ပြောဖို့ ဘာအခက်အခဲမှ မရှိပါဘူး။ မိန်းမတွေရဲ့ ဦးနှောက်ထဲမှာကိုက ခံစားမှုတွေ၊ အချစ်တွေ၊ ရင်းနှီးမှုတွေ၊ စကားလုံးတွေဟာ ပြည့်နှက်ချည်နှောင် နွယ်ယှက်နေကြတာ။

မိန်းမတစ်ယောက်ဟာ ချစ်သူကို တမ်းတလာမိမယ်၊ ချစ်သူကို တွေ့ချင်မြင်ချင်တယ်၊ ချစ်သူရင်ခွင်မှာ ဝင်ခိုချင်တယ် ... စတာတွေဟာ အချစ်ရဲ့ ဝေဒနာမှုတွေပါ။

မိန်းမတွေရဲ့ အသိစိတ်ထဲမှာ ယောကျ်ားတစ်ယောက်ဟာ သူ့ကို မချစ်တော့ဘူးလို့ နားလည်ခံယူလိုက်ပြီဆိုရင်လည်း နာကြည်းစိတ်ဝင်လာပြီး သူတို့ကပဲ အဲဒီယောကျ်ားကို စွန့်ခွာ ဓာတ်လမ်းဖြတ်ပစ်တတ်ကြပါတယ်။

မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ပစ်ထားခဲ့ပြီဆိုရင် အေးအေးဆေးဆေးပါပဲ။ နှုတ်ဆက်လမ်းခွဲ စာရေးပြီး မျက်နှာညိုးညိုးနဲ့ "ရှင့်ကို ကျွန်မ အမြဲတမ်းချစ်နေမှာပါ"လို့ ပြောတတ်ကြတယ်။

## အချစ်နဲ့ အနှစ်ဝိတ် ဘယ်လိုကွဲပြားပါလိမ့်

လက်ထပ်ပြီး အမျိုးသမီးတွေမှာ ဒီလိုကိစ္စမျိုး တော်တော်ရှားပါတယ်။ ဒါပေမဲ့ လက်ထပ်ပြီး အမျိုးသားတွေမှာတော့ အဓိကဖြစ်ရတဲ့ ပြဿနာပါပဲ။ ၉၀ ရာခိုင်နှုန်းကျော်ဟာ ယောကျ်ားတွေကစလို့ ဖြစ်ရတာ။ ၈၀ ရာခိုင်နှုန်းကျော်ကတော့ မိန်းမတွေကြောင့် အဆုံးသတ်သွားတာဖြစ်ပါတယ်။

ဒီလိုကြောင့်ဖြစ်ရတာဆိုရင် ဒီလိုကိစ္စမျိုးဟာ ကြာကြာမခံဘူးဆိုတာ မိန်းမတွေ သတိပြုမိကြလို့ပါပဲ။ ယောက်ျားတစ်ယောက်ရဲ့ ဦးနှောက်ဟာ ဆန္ဒစိတ်နဲ့ အချစ်ကို ခွဲထားနိုင်တဲ့ စွမ်းရည်ရှိတဲ့အတွက် ဆန္ဒစိတ်ကို အချစ်နဲ့ ရောယှက်မလာစေနိုင်တာကို တွေ့ရမှာပါ။ သူတို့ဟာ ဆန္ဒစိတ်နဲ့ ဆက်ဆံပေမယ့် အချစ်ဆိုတာ သူ့ဟာသူ ဦးနှောက်ထဲမှာ သီးခြားရှိနေတာပါ။

သုတေသနပြုချက်အရ မိန်းမတွေမှာကျတော့ အချစ်နဲ့ ဆန္ဒစိတ်ဟာ တွဲယှက်နေတယ်လို့ ဆိုပါတယ်။ ယောက်ျားတွေမှာ အချစ်ဟာ အချစ်၊ ဆန္ဒစိတ်ဟာ ဆန္ဒစိတ်ပဲတဲ့။ တစ်ခါတစ်ရံမှသာ တခါပြိုင်နက်ဖြစ်ပေါ်တတ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ယောက်ျားတွေဟာ အချစ်နဲ့ ဆန္ဒစိတ်ကို ခွဲမမြင်တတ်ကြတာ များပါတယ်။ ဒါကြောင့် ယောက်ျားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ချစ်မိနေပြီဆိုတာ သူ့ကိုယ်သူ တော်တော်နဲ့မသိ မဝေခွဲတတ်ဘူး။

မိန်းကလေးနဲ့ တွေ့ချင်၊ ဆုံချင်၊ အတူတူနေချင်တဲ့ဆန္ဒဟာ ဘာကြောင့်လဲလို့ တိတိကျကျ အဖြေမထုတ်နိုင်လောက်အောင်ပဲ သူ့ရဲ့ဦးနှောက်ထဲမှာ တက်စထရိုစထရုန်းတွေ အင်အားကြီးမားနေတာကြောင့်ပါ။

နှစ်တွေကြာလာပြီးမှသာ ဒီမိန်းကလေးကို သူ ချစ်နေပါလားလို့ သိလာတတ်ပါတယ်။ အဲဒီအချိန်မှာ အချစ်ဟာ သူ့ဦးနှောက်ထဲမှာ အမြစ်တွယ် ဝင်ရောက်နေပါပြီ။

ယောက်ျားတွေဟာ ချစ်တယ်ဆိုတဲ့စကားကိုပြောဖို့ တော်တော်အချိန်ယူရပါတယ်။ သူတို့ကိုယ်သူတို့ တကယ်သိလာတဲ့အချိန်တိုင်အောင် မိန်းကလေးက သူတို့ကို နားလည်အောင် မစောင့်နိုင်ရင်တော့ သူတို့ဟာ အချစ်ကို လက်လွှတ်ဆုံးရှုံးသွားကြရမှာပါ။

တကယ်တော့ ယောက်ျားတွေ မသိကြလို့ပါ။ သူတို့ရဲ့ ချစ်စကားလေး တစ်ခွန်းဟာ မိန်းမသားတစ်ယောက်ရဲ့ ဆန္ဒစိတ်ကို နိုးကြွစေနိုင်တဲ့ နှိုးစက်တစ်လုံး ဖြစ်ကြောင်းကိုပေါ့။

## အတူတူနေရခြင်း

ယောက်ျားတွေ ကိုယ်ချစ်သူအမျိုးသမီးနဲ့ အတူနေတော့မယ်ဆိုရင် အချိန်ယူဖို့ လိုပါတယ်။ မိန်းမကို တည်ဆောက်ပေးဖို့ အနည်းဆုံး မိနစ်

၃၀ လောက် လိုလိမ့်မယ်။ သူ့ကို စကားတွေပြောရမယ်လေ။ "ကိုယ် မင်းကို သိပ်ချစ်တယ်ကွာ" စသဖြင့်ပေါ့။

ကိုယ့်ရဲ့စိတ်ကျေနပ်မှု ပြီးဆုံးပေမဲ့လည်း၊ ကော်ဖီတော့ ထမပျော် လိုက်နဲ့ဦး။ သူ့ကို ဆက်လက်ပြည့်ဆည်းခွင့်ပေးဖို့ အချိန်လိုတယ်။ သူ့အနား မှာ နေပေးရဦးမယ်။ ကြည်နူးယုယ ထွေးပွေ့ထားဖို့ လိုသေးတယ်။

ဒီအထာကိုသိတဲ့ ယောကျ်ားတွေအတွက် တကယ့်ကို ပြည့်ဝတဲ့ တုံ့ပြန်မှုကို ရရှိပြီး သာယာခံစားကြရလေ့ရှိတယ်။ ယောကျ်ားတွေ သဘော ပေါက်သင့်တယ်လေ။

မိန်းကလေးတွေ သတိထားရမယ့်အချက်ကတော့ ယောကျ်ားဆိုတာ အချစ်ရဲ့ခံစားမှုကို သိပ်ဦးစားပေးလေ့မရှိသူတွေ ဆိုတာပဲ။ ပါးနပ်တဲ့မိန်းမ တစ်ယောက်ဖြစ်ချင်ရင်တော့ ကိုယ့်ရဲ့လိုလားမှုတွေကို ဆန္ဒပြည့်မြောက်အပြီး ၃ မိနစ်လောက်ကြာတဲ့အခါ တန်းစီတင်ပြပေတော့။ သူက ရှိုသာမွေးထွေး စွာ တုံ့ပြန်လာမှာ သေချာတယ်။ "မိန်းမပြောတော့ တစ်ည"ဆိုတာ ရှိတယ် မဟုတ်လား။ မိန်းမသားတွေ ပါးနပ်လိမ္မာဖို့ လိုတယ်လေ။

ကောက်ချက်ချရရင်တော့

ယောကျ်ားမှန်ရင် ဆန္ဒကိုရှေ့မှာထား၊ စကားနောက်မှပြော။
မိန်းမမှန်ရင် စကားနဲ့ဦးစွာချဉ်းကပ်၊ ဆန္ဒကို နောက်မှာထား။

**ယောကျ်ားများနှင့် စိတ်ကူးယဉ်ခြင်း**

တကယ်တော့ ယောကျ်ားတွေဟာ စိတ်ကူးယဉ်တဲ့မိန်းမကို မလိုချင် ကြဘူး။ ဒါဟာ မိန်းမတစ်ယောက်ရဲ့ အရေးပါတဲ့အချက် ဖြစ်တယ်ဆိုတာ ကို သူတို့ နားမလည်ကြဘူး။

သတိထားကြည့်ရင် မိန်းမတွေဟာ စိတ်ကူးယဉ်အချစ်ဝတ္ထုတွေကို ပိုပြီး နှစ်သက်ဖတ်ရှုကြတယ်ဆိုတာ တွေ့ရမှာပါ။ အမျိုးသမီး မဂ္ဂဇင်းတွေမှာ ဆိုရင် အချစ်၊ စိတ်ကူးယဉ်မှု၊ လေ့ကျင့်ခန်း၊ အစားအစာနဲ့ အဝတ်အထည် အကြောင်းအရာတွေ ပါတာကို တွေ့ရမှာပါ။

ယောကျ်ားတွေအနေနဲ့ မိန်းမတွေဟာ စိတ်ကူးယဉ်သမားတွေဖြစ် ကြောင်း မေ့မထားဖို့ လိုပါတယ်။ သူမတို့ဟာ ဝိုင်ရယ်၊ ပန်းတွေရယ်၊ ချော ကလက်ရယ်ကို ကြိုက်ကြတယ်။ သူတို့ ဘာတွေကြိုက်တတ်သလဲဆိုတာ

သိအောင် ကြိုးစားထားပါ။ အဲဒီအကြောင်း မကြာခဏ ပြောပေးခြင်းဖြင့် သူတို့စိတ်ကို လှုပ်ရှားစေနိုင်ပါတယ်။


များသောအားဖြင့်တော့ ယောက်ျားတွေဟာ မိန်းမကို ကားတံခါး ဖွင့်ပေးတာမျိုး၊ ပန်းကလေးတွေ ပို့ပေးတာမျိုး၊ မိန်းကလေးနဲ့ အတူတွဲကတာမျိုး၊ မိန်းမအတွက် ချက်ပြုတ်ပေးတာမျိုးတွေကို တကူးတက လုပ်ပေးဖို့ သိပ်အလေးအနက်မထားတတ်ကြဘူးလေ။ မိန်းမတွေဟာ အချစ်နဲ့ စိတ်ကူးယဉ်မှုပေါ် မူတည်ပြီး ချစ်သူကို ရှာဖွေရွေးချယ်ကြပေမဲ့ ယောက်ျားတွေကတော့ ဆန္ဒစိတ် အခြေခံဆက်သွယ်ပြီးမှ ချစ်သူဖြစ်နိုင်မဖြစ်နိုင် ဆုံးဖြတ်သွားကြတာ များတယ်။

လက်မထပ်မီမှာ သူဟာ ဒီမိန်းကလေးအကြောင်း သတင်းအချက်အလက်တွေ စုဆောင်းတယ်။ သူ့အကြောင်းကိုလည်း မိန်းကလေးသိအောင် ပြောပြတယ်။ လက်ထပ်တဲ့အချိန်မှာတော့ သူမနဲ့ပတ်သက်ပြီး သူသိဖို့လိုတာအားလုံး သူသိသွားခဲ့ပြီလေ။ ဒါပေမဲ့ သူ့အနေနဲ့ မိန်းမတစ်ယောက်ရဲ့ ဦးနှောက်ဟာ စကားပြောခြင်းနဲ့ စဉ်ဆက်မပြတ် ဆက်သွယ်နေပြီး ထိတွေ့မှု လိုအပ်ချက်ဟာလည်း သူ့ထက် ဆယ်ဆသာလွန်နေတယ်ဆိုတာ သူမသိနိုင်ခဲ့ဘူး။ သူ့အနေနဲ့ ဒါကို ဆက်ပြီးသင်ယူသွားရလိမ့်ဦးမယ်။

▢

# အခန်း (၁၀)

# ကွဲပြားသော အနာဂတ်ကာလဆီသို့



ကျွန်တော်တို့ရဲ့ဘိုးဘေးဘင်များ ရေပေါ်တက်အောင် ဆွဲဆောင်သည့်အရာအား
ကျွန်တော်တို့ လုံးဝမသိပါ။

သဘာဝပညာရှင် ဒေးဗစ်အတင်ဘာရာ

ဒီစာအုပ်ရဲ့ ရည်ရွယ်ချက်ကို စာဖတ်သူတို့ နားလည်သိရှိ သဘောပေါက်မယ်ဆိုရင် ဒီစာတမ်းကို ပြုစုရကျိုး နပ်ပြီလို့ ပြောချင်ပါတယ်။

တကယ်တော့ ယောက်ျားတွေနဲ့ မိန်းမတွေရဲ့ ရင်းနှီးဆက်ဆံမှုဟာ ခြားနားတဲ့ ဖွဲ့စည်းမှုတွေကြောင့် ပျက်စီးပြိုကွဲခဲ့ကြရတာပါ။ အရည်အချင်းရှိတဲ့ သူတွေကတော့ ဒီအချက်ကို နားလည်နိုင်ကြမှာပါ။

ယောက်ျားဆိုတာ ရှာဖွေဖို့၊ ဖမ်းဆီးဖို့၊ ကာကွယ်ဖို့၊ တိုက်ခိုက်ဖို့၊ ပြေရှင်းဖို့၊ မျိုးဆက်ဖြစ်ထွန်းဖို့ဆိုတဲ့ တာဝန်တွေနဲ့ ဖွဲ့စည်းထားတဲ့ လူသားဖြစ်ပါတယ်။ မိန်းမကတော့ ထိန်းသိမ်းရမယ်၊ နားလည်တတ်ရမယ်၊ သည်းခံတတ်ရမယ်၊ ဖြည့်ဆည်းတတ်ရမယ်၊ အဲဒီလိုပေါ့။

ဒီနေ့ခေတ်မှာ အသက်ရှင်ရပ်တည်ရေး နည်းလမ်းတွေကို မိန်းမတွေ ခမျာ ယောက်ျားတွေနဲ့အတူ ရင်ဘောင်တန်းပြီး ရှာဖွေရုန်းကန်နေကြရပါပြီ။ နိုင်မြဲတဲ့ဘဝတစ်ခု ဖြစ်တည်ရေးဟာ တစ်ဦးကိုတစ်ဦး အပြန်အလှန် သိတတ်ရေး ဖြစ်ပါတယ်။ သူနဲ့ကိုယ်ရဲ့ မျှော်လင့်ချက်ကိုယ်စီဟာ သူ့အပေါ် ကိုယ့်အပေါ် မူတည်နေဖို့လိုတယ်။ မျှော်လင့်ချက်ဟာ ရှင်သန်ခြင်းရဲ့အဓိပ္ပာယ်ပါပဲ။

စိတ်ဖိစီးမှု တော်တော်များများကို ပြန်ကြည့်တဲ့အခါ မှားယွင်းတဲ့ ယုံကြည်မှုကြောင့်ဆိုတာ တွေ့ရတယ်။ အဲဒါဘာလဲဆိုရင် ယောက်ျားနဲ့ မိန်းမ အတူတူပဲဆိုတဲ့ အယူအဆပါ။ တကယ်တော့ ယောက်ျားနဲ့မိန်းမဟာ ဆန္ဒချင်း၊ သဘာဝချင်း၊ ရည်ရွယ်ချက်ချင်း၊ မျှော်လင့်ချက်ချင်း ဘယ်လိုမှ မတူညီနိုင်ပါဘူး။

လူ့သမိုင်းကို ပြန်ကြည့်တဲ့အခါ ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေ ပညာသင် မြေတောင်မြှောက်ပေးခြင်းတွေနဲ့ ပတ်သက်ပြီး တူညီတဲ့ လက်ခံနိုင်မှုတွေကို တွေ့ရပါလိမ့်မယ်။ သူတို့ဟာ တန်းတူညီတူ ထက်ထက်မြက်မြက် သင်ယူနိုင်ကြတယ်။

ဒါပေမဲ့ အရွယ်ရောက်လာလို့ လက်ထပ်ထိမ်းမြားလိုက်ပြီ ဆိုတာနဲ့ ယောက်ျားနဲ့ မိန်းမဟာ နေရာတိုင်းမှာ လုံးဝမတူညီကြတော့တာကို တွေ့ရပါလိမ့်မယ်။ နည်းနည်းတော့ ဆန်းတာအမှန်ပါပဲ။

**စိတ်ဖိစီးမှုနှင့် မိန်းမတွေ**

မိန်းမတွေဟာ အလုပ်ရဲ့ဖိစီးမှုဒဏ်ကို ယောကျ်ားတွေလောက် ခံနိုင်ရည် မရှိကြပါဘူး။ အလုပ်ထဲက အမျိုးသမီး ၄၄ ရာခိုင်နှုန်းဟာ သူတို့အလုပ်က အရမ်းပင်ပန်းတယ်လို့ ပြောကြပါတယ်။ အလုပ်ပိုလုပ်ရတဲ့သူတွေမှာ အမျိုးသမီး ၆၆ ရာခိုင်နှုန်းဟာ ကျန်းမာရေးကို ထိခိုက်သွားတာ တွေ့ရပါတယ်။

၁၈ နှစ်က ၆၅ နှစ်ကြား မိန်းမတွေနဲ့ ၅ ရာခိုင်နှုန်းဟာ နိုင်ငံခြားထွက်ဖို့ အားသန်ကြတယ်။ ၃၁ နှစ်က ၃၉ နှစ်ကြား မိန်းမတွေ ၆၀ ရာခိုင်နှုန်းက အိမ်ထောင်ရေးဟာ ပထမဦးစားပေးလို့ ဆိုကြကြောင်း သုတေသနပြုထားတာ တွေ့ရပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ အနောက်ကမ္ဘာတွေက မိန်းမတွေဟာ ဒီအလုပ်ကို ရွေးချယ်တဲ့နေရာမှာ သက်သက်သာသာရှိတဲ့ ဝန်ဆောင်မှုဌာနတွေ၊ သတင်းဌာနတွေမှာ ၈၄ ရာခိုင်နှုန်းလောက် နေရာယူထားကြတယ်လို့ ဆိုပါတယ်။ စီးပွားရေးလုပ်ငန်းတွေအားလုံးမှာ သုံးပုံနှစ်ပုံလောက်ဟာ မိန်းမဝန်ထမ်းတွေဖြစ်ကြပြီး ၄၀ ရာခိုင်နှုန်းက စီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်မှုအပိုင်းမှာ ရှိတယ်လို့ ဆိုပါတယ်။

**ခံစားမှုနိုင်းယှဉ်ချက်များ**

**ထိခိုက်ခံစားရခြင်း**

မိန်းမ – မိမိခံစားချက်ကို တစ်စုံတစ်ယောက်အား ရင်ဖွင့်တိုင်တည်မိခြင်း။

ယောကျ်ား – စိတ်နှင့်ကိုယ်နှင့် မကပ်၊ ပုံမှန်လုပ်ရိုးလုပ်စဉ်ကို ဆန့်ကျင်နေမိခြင်း။

**ဝေဖန်ခြင်း**

မိန်းမ – တစ်စုံတစ်ယောက်၏ ရင်တွင်းခံစားချက်အပေါ် ဝေဖန်လက်ခံတတ်ခြင်း။

ယောကျ်ား – ခံစားမှုကို ပြေပျောက်ရန် သူငယ်ချင်းမိတ်ဆွေများနှင့် အချိန်ဖြုန်းခြင်း။

ဆန္ဒ

မိန်းမ – လက်ထပ်ထိမ်းမြားခြင်းဖြင့် မိသားစုဘဝတစ်ခုဆီသို့။

ယောက်ျား – မိန်းမတစ်ယောက် အနားမှာရှိနေရင် ပြီးပြည့်စုံ၊ နောက်ထပ် ဘာမှမစဉ်းစားလို။

ပျော်ပြေမှု

မိန်းမ – ရုပ်ရှင်ကောင်းကောင်းကြည့်ခြင်းကို ပွဲလမ်းသဘင်၊ ပျော်ပွဲရွှင်ပွဲနှင့် စာအုပ်များကို စိတ်ဝင်စားခြင်း။

ယောက်ျား – အရက်သောက်ရင်း ခံစား၍ရနိုင်သော ပျော်ရွှင်မှုမှန်သမျှ

အဝေးထိန်းခလုတ်

မိန်းမ – ဒါဆိုလျှင် ဒါ၊ မပြောင်းလဲချင်တတ်။ တစ်ခုပြီးမှ တစ်ခု ပြောင်းလို။

ယောက်ျား – သုံးမိနစ်အထိသာ အစီအစဉ်တစ်ခုအပေါ် စိတ်ဝင်စား၊ ဟိုရွှေ့သည်ပြောင်းလုပ်လို။

အချစ်ကို ခံယူခြင်း

မိန်းမ – ချမ်းမြေ့သာယာသောဘဝကို အချစ်၏ ရစ်ပတ်နွယ်ယှက်မှုဖြင့် ဖန်တီးရယူလို။

ယောက်ျား – ရှုပ်ထွေးသွပ်ခွဲလမ်းခြင်းကို တုံ့ပြန်ပေးနိုင်မှုအပေါ် မူတည်၍ အချစ်ကို ခံယူလို။

ယောက်ျား၊ မိန်းမဆိုတာ အတွေးစိတ်ကူး၊ ဟန်ပန်အမူအရာ၊ စိတ်လှုပ်ရှားမှုတွေနဲ့ အခြားအခြားသော လျှပ်တစ်ပြက် ခံစားချက်များ မတူညီကွဲပြားခြားနားကြပါတယ်။

ဒါကြောင့် ယောက်ျားတွေ မကောင်းဘူး၊ မိန်းမတွေ မကောင်းဘူး ဆိုတဲ့ တစ်ဖက်တည်းအမြင်ကို ပြန်လည်သုံးသပ် ဆင်ခြင်သင့်ပါတယ်။

ယောက်ျားတွေရဲ့အကြိုက်၊ မိန်းမတွေရဲ့စရိုက်ကို အပြန်အလှန် လေ့လာ နားလည်ကြဖို့ လိုပါတယ်။ အမိကကတော့ ယောက်ျားဆိုတာ

ယောက်ျားဖြစ်ပြီး မိန်းမက မိန်းမဖြစ်တယ်ဆိုတာပါပဲ။

ဘာသာပြန်ကြည့်မယ်ဆိုရင်
**မိန်းမတွေရဲ့စကား**
(ဒီလိုပြောရင် = ဒီလိုယူ)

| | | |
|---|---|---|
| ဟုတ်တယ် | = | မဟုတ်ဘူး |
| မဟုတ်ဘူး | = | ဟုတ်တယ် |
| ဟုတ်ချင်ဟုတ်မှာပါ | = | မဟုတ်ဘူး |
| ကျွန်မမှားပါတယ် | = | ရှင်လည်းမှားတယ် |
| ကျွန်မတို့ လိုတယ်လေ | = | ကျွန်မ လိုချင်တယ် |
| ရှင် ဆုံးဖြတ်ပြီးပြီပေါ့နော် | = | ရှင် ဆုံးဖြတ်လိုက်ပြီဆိုတာ သိပြီးပြီ။ |
| ရှင်လုပ်ချင်တာလုပ် | = | ဒီအတွက် ရှင်ပြန်ပေးရလိမ့်မယ် |
| ကျွန်မတို့ စကားပြောဖို့လိုပြီ | = | ကျွန်မ ရှင့်ကိုပြောချင်တယ် |
| ကောင်းပြီ၊ သွားနှင့်လေ | = | ကျွန်မ ရှင်နဲ့မသွားချင်ဘူး |
| ကျွန်မ စိတ်မကုန်ပါဘူး | = | ကျွန်မ စိတ်ကုန်နေပြီ၊ ရှင်ဟာ ငတုံးပဲ |
| ရှင်က ယောက်ျားပီသပါတယ် | = | ရှင် မုတ်ဆိတ်ရိတ်ဖို့လိုတယ် |
| ရှင် ဒီညတော့ ကျွန်မကို တော်တော် ဂရုစိုက်တယ်နော် | = | ရှင် ကျွန်မနဲ့အတူတူနေဖို့ စိတ်ကူးနေတယ် မဟုတ်လား |
| ကျွန်မ လိုက်ကာလေးလောက်တော့ လိုချင်လိုက်တာ | = | ဘယ်ကမလဲ၊ အခင်းတွေရော၊ နံရံပန်းချီတွေရော |
| ဒီမီးဖိုချောင်က လုပ်ရကိုင်ရတာ တော်တော် အဆင်မပြေဘူး | = | ကျွန်မ အိမ်သစ်ကလေးတစ်လုံး လိုချင်လိုက်တာ |
| ကျွန်မကို ချစ်ရဲ့လားမောင် | = | ကျွန်မ တန်ဖိုးကြီးတာတစ်ခု လိုချင်တယ် |
| ကျွန်မကို ဘယ်လောက်ချစ်လဲ | = | ကျွန်မ ဒီနေ့ ရှင်မကြိုက်တာတစ်ခု လုပ်မိပြီ |

| | | |
|---|---|---|
| ကျွန်မ သိပ်ဝနေလားဟင် | = | မင်း သိပ်လှတယ်လို့ ပြောစမ်းပါလား |
| ကျွန်မပြောတာ နားလည်လားဟင် | = | ကျွန်မကို နွှင့်ပြုပါ |
| ရှင် နားထောင်နေရဲ့လားဟင် | = | သေနေပြီလား၊ တကကတည်း |
| ကျွန်မ မအော်ပါဘူး | = | ဟုတ်တယ်၊ အော်တယ်၊ ဘာကြောင့်လဲသိလား၊ ဒီကိစ္စ အရေးကြီးလို့။ |

ယောက်ျားတွေရဲ့စကား

(ဒီလိုပြောရင် = ဒီလိုယူ)

| | | |
|---|---|---|
| ကိုယ်ဆာတယ်ကွာ | = | ကိုယ်ဆာတယ် |
| ကိုယ် အိပ်ချင်ပြီ | = | ကိုယ် အိပ်ချင်ပြီ |
| ကိုယ် ပင်ပန်းလိုက်တာ | = | ကိုယ် ပင်ပန်းတယ် |
| လှပါတယ် | = | သိပ်မထူးပါဘူး |
| ကြိုက်ပါတယ်ကွာ၊ ဆံပင်ညှပ်လိုက်တော့ ပိုချစ်ဖို့ကောင်းတာပေါ့ | = | အရင်ကတည်းကလည်း ချစ်တာပါပဲကွာ |
| လှတာပေါ့ ဆံပင်ပုံစံပြောင်းသွားတော့ ပိုလှသွားတာပေါ့ | = | ပိုက်ဆံကုန်တာပါပဲကွာ၊ ဘာမှ မထူးပါဘူး |
| စကားပြောရအောင်နော် | = | ကိုယ်မင်းကို အလေးအနက်ထားပြီး စကားပြောချင်တယ် |
| ကဲ၊ လာ စကားပြောကြစို့ | = | စကားပြောရင်း မင်း ကိုယ်နဲ့အတူနေချင်စိတ်ကလေးဖြစ်အောင် ကြိုးစားရမှာပေါ့ |
| မင်း ကိုယ့်ကို လက်ထပ်ပါလား | = | မင်းကို တရားဝင်ပိုင်ဆိုင်ချင်ပြီ၊ ဘယ်သူနဲ့မှ စိတ်မချတော့ဘူး။ |
| မင်းပြောချင်တာပြောလေ၊ ကိုယ် နားထောင်ချင်ပါတယ် | = | ကိုယ် မင်းကို ယုယချင်ပါတယ် |
| ဘာဖြစ်နေတာလဲဟင် | = | ကိုယ့်ကို ဘာကြောင့်နှိပ်စက်ချင်နေရတာလဲကွာ |

| | |
|---|---|
| ကိုယ် ပျင်းတယ်ကွာ | = မင်း ကိုယ်နဲ့အတူမနေချင်ဘူးလား ဟင် |
| မင်းကို သိပ်ချစ်တာပဲ | = အတူနေရအောင်နော် |

ဒါလေးတွေကို လေ့လာပြီး တစ်ဦးအကြိုက်၊ တစ်ဦးစရိုက်ကို နားလည်အောင် ဘာသာပြန်ကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။

ဒီစာအုပ်ထဲမှာကတော့ သုတေသနပြုချက်တွေ၊ လေ့လာမှုတွေနဲ့ ရှင်းလင်းပြထားပြီးပါပြီ။ မတူညီတဲ့ ယောကျ်ားနဲ့ မိန်းမတွေရဲ့ အကြိုက်နဲ့ စရိုက်တွေကို ဘယ်လိုသမအောင် လုပ်ယူရမလဲဆိုတာ လက်တွေ့စမ်းသပ်ကြည့်ကြပါ။

မိန်းမတွေကို ဘယ်လိုကျွန်ုပ်မှုပေးမလဲ

၁။ ပွေ့ဖက်အနမ်း
၂။ ချီးကျူးခြင်း
၃။ အလိုလိုက်ခြင်း
၄။ အကြိုက်ဆောင်ခြင်း
၅။ ကယ်တင်ခြင်း
၆။ သတင်းပို့ခြင်း
၇။ ချည်နှောင်ခြင်း
၈။ လေးနက်မှုပြခြင်း
၉။ ဂီတပြင့် ဖျော်ဖြေခြင်း
၁၀။ ပြည့်ဆည်းခြင်း
၁၁။ ပံ့ပိုးခြင်း
၁၂။ ကျွေးမွေးခြင်း
၁၃။ ချော့ခြင်း
၁၄။ မြှူဆွယ်ခြင်း
၁၅။ လိုက်လျောခြင်း
၁၆။ ကြေအေးခြင်း
၁၇။ လှုံ့ဆော်ခြင်း

၁၈။ အားပေးနှစ်သိမ့်ခြင်း
၁၉။ ပိုက်ထွေးခြင်း
၂၀။ မွတ်သပ်ခြင်း
၂၁။ နားလည်ပေးခြင်း
၂၂။ စိတ်ဝင်စားပေးခြင်း
၂၃။ ပွေ့ချီခြင်း
၂၄။ ငြိမ်းချမ်းစေခြင်း
၂၅။ ကာကွယ်ပေးခြင်း
၂၆။ တယ်လီဖုန်းဆက်ခြင်း
၂၇။ ကြိုတင်ရောက်နှင့်ခြင်း
၂၈။ ရှိုသာခြင်း
၂၉။ နားခေါင်းဖြင့် ထိတို့ခြင်း
၃၀။ မမေ့လျော့ခြင်း
၃၁။ ရှဉ်းကပ်ခြင်း
၃၂။ ဖြေဖျော်ခြင်း
၃၃။ ကြည်နူးစေခြင်း
၃၄။ သယ်ဆောင်ပေးခြင်း
၃၅။ တာဝန်ယူခြင်း
၃၆။ ညှို့ဆွဲခြင်း
၃၇။ အာရုံခိုက်ခြင်း
၃၈။ ယုံကြည်ခြင်း
၃၉။ တိုက်ခိုက်ပေးခြင်း
၄၀။ ဆင်ယင်ခြင်း

ယောက်ျားတွေကို ဘယ်လိုကျေနပ်မှုပေးမလဲ

ဆန္ဒပြည့်ဆည်းခြင်းဖြင့်သာ။

□